# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၁၀)


# တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေများကြားမှာ အာဆီယံအဖွဲ့ကြီးကို ရှင်သန်ထက်မြက်တဲ့ အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်သွားနိုင်ဖို့ ဆက်လက်ကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ နှစ် (၅၀)ပြည့် အာဆီယံနေ့ ဗီဒီယိုသဝဏ်လွှာ**

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

အာဆီယံအဖွဲ့ကြီးရဲ့ နှစ်(၅၀)ပြည့် နှစ်ပတ်လည်နေ့မှာ အခုလို နှုတ်ဆက်စကားပြောကြားခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒီနှစ်ပေါင်း (၅၀)အတွင်းမှာ ကျွန်တော်တို့ အာဆီယံနိုင်ငံအားလုံးမှာ ထူးခြားတဲ့ တိုးတက်မှုတွေရရှိခဲ့ပါတယ်။ ဒီကနေ့မှာဆိုရင် အာဆီယံ(၁၀)နိုင်ငံရဲ့ စီးပွားရေးအင်အားဟာ ကမ္ဘာပေါ်မှာ နံပါတ်(၇) နေရာကို ရောက်ရှိနေပါပြီ။ ဒီအောင်မြင်မှုဟာ အာဆီယံနိုင်ငံတွေ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုရဲ့ မှတ်ကျောက်ပဲ ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသတွင်းမှာရှိတဲ့ ပြည်သူအားလုံးအတွက် အေးချမ်းတဲ့၊ တည်ငြိမ်တဲ့၊ စီးပွားရေးအရလည်း သာယာဝပြောတဲ့ ဒေသကြီးတစ်ခုဖြစ်လာဖို့ အာဆီယံအဖွဲ့ကြီးကို ဖွဲ့စည်းထူထောင်ခဲ့တာ ဖြစ်ပါတယ်။ အာဆီယံရဲ့သမိုင်းမှာ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းတွေနဲ့ မကြာခဏ ကြုံတွေ့ခဲ့ရပါတယ်။ သို့သော်လည်း အပြန်အလှန်လေးစားမှု၊ အပြန်အလှန်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



# ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုရားများအနက်မှ ဘုရားခုနစ်ဆူအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၈**

ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုရားများမှ ယခုနှစ်တွင် ပြုပြင်ရန်လျာထားသည့် ဘုရား ၆၆ ဆူအနက်မှ ဘုရားခုနစ်ဆူအား ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ဘုရားများမှာ ဘုရားအမှတ်(၇၇၁)ဓမ္မရံကြီး၊ ဘုရားအမှတ်(၂၁၃၀)၊ ဘုရားအမှတ်(၂၁၃၁)၊ ဘုရားအမှတ်(၆၆၄) မလာဖြစ်ဘုရား၊ ဘုရားအမှတ်(၆၆၇)မလုံးဖြစ်ဘုရား၊ ဘုရားအမှတ်(၁၄၄၂) နှင့် ဘုရားအမှတ်(၁၀၈၆) စိမ်းညက်ညီမဘုရားတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသရှိ ဘုရားများ၏ အတွင်းနံရံပန်းချီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရေးပေါ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအဖြစ် သတ်မှတ်ကာ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ဘုရားအမှတ် (၁၅၈၀) လောကထိပ်ပန်ဘုရား၊ ဘုရားအမှတ် (၁၅၁၂) ရွှေဘုံသာဘုရား၊ ဘုရားအမှတ် (၁၄၅)တို့ရှိ နံရံပန်းချီများကို ဓာတုဗေဒနည်းများဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငလျင်ဒဏ်ခံဘုရားတွေကို ပထမ ဦးစားပေး၊ ဒုတိယ

*စာမျက်နှာ ၃ ကော်လံ ၁* ✻


## မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးကဏ္ဍများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်

စာ - ၃



## တောင်တရုတ်ပင်လယ်အတွင်း၌ တင်းမာမှုများမြင့်တက်နေချိန်တွင် တရုတ်နှင့်ဗီယက်နမ် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ပျက်ပြယ်

စာ - ၁၄

မြန်မာ့အလင်း

# ရှစ်လေးလုံးစိတ်ဓာတ် ၊ ရှစ်လေးလုံး ခွန်အား

ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်ပွားခဲ့သည်မှာ (၂၉) နှစ်ပြည့်ပြီဖြစ်ပါသည်။ ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးသည် ပြည်သူလူထု မလိုလား မနှစ်ခြိုက်သော နိုင်ငံရေးစနစ်ကို ဖျက်သိမ်းရန် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လက်တွဲပါဝင်ဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်ပါသည်။ စီးပွားရေးအပါအဝင် တိုင်းပြည်၏ ကဏ္ဍအရပ်ရပ်ကို ချွတ်ခြုံကျယိုယွင်းစေခဲ့သည့် ဦးဆောင်ပါတီနှင့်ထိုပါတီ၏ နိုင်ငံရေးစနစ်ကို ဖျက်သိမ်းလိုကြောင်း ပြည်သူလူထုက ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြသခဲ့သည့် ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခုတည်းသော သန္နိဋ္ဌာန်ကြောင့် နှစ်ပေါင်း (၂၆) နှစ်ကြာ အခိုင်အခံ့တည်ဆောက်ထားခဲ့သော နိုင်ငံရေးစနစ်၏ ယန္တရားအရပ်ရပ်သည် လပိုင်းအတွင်းပြိုလဲသွားခဲ့ပါသည်။ သန်းပေါင်းများစွာသောပြည်သူလူထု၏ စိတ်ခံစားချက်ကို တစ်ခုတည်းသော သန္နိဋ္ဌာန်အဖြစ်ပေါက်ကွဲပွင့်အန်ထွက်စေသော အကြောင်းတရားသည်လည်း တစ်ခုတည်းသာရှိပါသည်။ ဤသည်မှာ သန်းပေါင်းများစွာသော ပြည်သူလူထု၏ ဆန္ဒလိုလားအပ်ချက်တို့ကို လုံးဝလျစ်လျူရှုခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံရေးစနစ်အရ သဘောတင်ပြရမည်ဆိုပါက ဒီမိုကရေစီဆိတ်သုဉ်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ပြည်သူလူထု၏ နိုင်ငံရေးသန္နိဋ္ဌာန်သည် သမိုင်းအချိုးအကွေ့ကို ဖန်တီးနိုင်ကြောင်း ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးက သက်သေထူလိုက်ခြင်းဖြစ်ပါသည်။ တစ်ပါတီဦးဆောင်သော ဗဟိုချုပ်ကိုင် ဆိုရှယ်လစ်စီမံကိန်းစနစ်ကို ပြည်သူလူထုက ဖြိုလှဲနိုင်ခဲ့သော်လည်း ထိုစနစ်၏ အမွေဆိုးတို့ကို မလွှဲသာ မရှောင်သာ ဆက်ခံခဲ့ရပါသည်။ ဤစနစ်ဆိုးကြောင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်အရပ်ရပ်ကို မှောင်ခိုစီးပွားရေးဖြင့်သာ ဖြည့်ဆည်းပေးခဲ့ရပါသည်။ နိုင်ငံတော် ယန္တရားအရပ်ရပ်၏စွမ်းဆောင်ရည်တို့ကျဆင်းနိမ့်ကျလာပါသည်။ အကျင့်ပျက် လာဘ်စားမှုတို့ တွင်ကျယ်လာပါသည်။ တိုင်းပြည်၏ လူမှုစီးပွားရေးအခြေအနေတစ်ရပ်လုံးသည် အထွေထွေယိုယွင်းမှုကို ရင်ဆိုင်လာရပါသည်။ ဤသမိုင်းအမွေဆိုးတို့ကိုမူ ရက်ပိုင်း၊ လပိုင်းအတွင်း ကိုင်တွယ်ဖြေရှင်း နိုင်မည်မဟုတ်ပါ၊ တိုင်းရင်းသားလူထုတစ်ရပ်လုံးက စနစ်ကျသော ကြိုးပမ်းဆောင်ရွက်မှုတို့ကို အချိန်ယူ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရာ၌ အခြေခံအကျဆုံးလိုအပ်ချက်သည် ဒီမိုကရေစီဝန်းကျင်ဖန်တီးနိုင်ခြင်း ဖြစ်ပါသည်။

တစ်ပါတီဦးဆောင်နိုင်ငံရေးစနစ် ပြိုလဲခဲ့ရခြင်းသည် ဒီမိုကရေစီဆိတ်သုဉ်းခဲ့ခြင်းကြောင့်ဖြစ်သည်ကို နှလုံးသွင်း ဆင်ခြင်ရန်လိုအပ်ပါသည်။ ဒီမိုကရေစီဝန်းကျင်တည်ဆောက်ခြင်းသည် နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တာဝန်လည်း ဖြစ်ပါသည်။ ပြည်သူလူထုကသာ အခိုင်အမာ သန္နိဋ္ဌာန်ချမှတ်ပါက သမိုင်းအချိုးအကွေ့အား ဖန်တီးနိုင်သည်ကို ရှစ်လေးလုံးလူထုဒီမိုကရေစီအရေးတော်ပုံကြီးက သက်သေပြပြီးဖြစ်ပါသည်။ပြည်သူလူထု၏ သန္နိဋ္ဌာန်ကို "ရှစ်လေးလုံး စိတ်ဓာတ်၊ ရှစ်လေးလုံး ခွန်အား"ဟု အမည်ပေးလိုပါသည်။" ရှစ်လေးလုံး စိတ်ဓာတ်၊ ရှစ်လေးလုံးခွန်အား" ဖြင့်သာ တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာတောင့်တင်းရေးကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကြိုးပမ်းအကောင်အထည်ဖော်ပါက များမကြာမီ ဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးကို မြင်တွေ့ရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

# မုတ်သုံလေအား အသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၈

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)



# (၁၀၅)မိုင်ရှိ တိုင်းရင်းသားပြည်သူများ စုပေါင်းတည်ထားသောစေတီတော် ဌာပနာသွင်းလှူ

မူဆယ် ဩဂုတ် ၈

မူဆယ်ခရိုင်မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် အောင်သီရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်း သာသနာ့ကုန်းမြေ၌ ပတ်ဝန်းကျင်ရှိရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်းတည်ထားကိုးကွယ်သည့် ကိုးနဝင်းရန်ကင်းစေတီတော်မြတ်ကြီးအထက်ဌာပနာသွင်းလှူဒါန်းပွဲကို ဩဂုတ် ၇ ရက်(ဝါခေါင်လပြည့်နေ့)က ဆရာတော်သံဃာတော်များအား ပင့်ဆောင်၍ ကျင်းပခဲ့သည်။

မင်္ဂလာအချိန်တွင် ဆရာတော်ဘဒ္ဒန္တကေသရထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဗုဒ္ဓဆင်းတုတော်များ၊ ဌာပနာတော်များကို ပင့်ဆောင်ပူဇော်ကာ စေတီတော်၌ ဌာပနာသွင်းလှူခဲ့ကြသည်။

အဆိုပါစေတီတော်ကို မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ် နယုန်လဆန်း ၃ ရက် မိုင်းယုကျေးရွာ၊ ရွာမကျေးရွာ၊ မန့်မော်ကျေးရွာ၊အထက်တုန်ခံ၊ အောက်တုန်ခံ၊ အထက်နမ့်ဟွယ်၊ အောက်နမ့်ဟွယ်၊ လုံခန်ရွာ၊ ဟိုနောင်၊ ဟိုနား၊ ပန်ကျုံကျေးရွာများရှိအလှူဒါယကာ ဒါယိကာမများ၊ ရပ်နီးရပ်ဝေးမှအလှူရှင်များက အောင်သီရိမင်္ဂလာသုခကျောင်းတိုက်ဆရာတော်အရှင်သူမြတ်၏ ဦးဆောင်ဦးရွက်မှုဖြင့် ဉာဏ်တော်အမြင့် ၆၄ ပေ၊ အနံအောက်မုခ်ဦးထိ ၆၅ ပေရှိစေတီ



တော်ကြီးကိုတည်ထားကိုးကွယ်ခဲ့ရာ မကြာမီရွှေထီးတော်တင်လှူပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ဌာပနာသွင်းလှူဒါန်းပွဲကို ဒေသခံတိုင်းရင်းသားပြည်သူများ ၃၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**


## ထင်သာမြင်သာ ပြုပြင်စရာ

# စလင်းမြို့ရှိ စည်ပင်သာယာအမှိုက်သယ်ကား အစားထိုးလဲလှယ်ပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းမြို့စည်ပင်သာယာရေးဌာနမှ လက်ရှိအသုံးပြုနေသောအမှိုက်သယ်ကားမှာနှစ်သက်တမ်းကာလကြာမြင့်နေပြီး အမှိုက်သယ်ကားအင်္ဂါရပ်နှင့်မပြည့်စုံတော့ဘဲ မကြာခဏပျက်ခြင်း၊ အမှိုက်ဝန်မတင်ဆောင်နိုင်ခြင်းတို့ကြောင့် အမှိုက်သယ်ဆောင်သော်လည်း လမ်းတစ်လျှောက် အမှိုက်များပြန်ကျခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

စလင်းမြို့သည် ရပ်ကွက်ကြီး ခြောက်ခုရှိပြီး လူနေထူထပ်သဖြင့် ကောင်းမွန်သပ်ရပ်သော အမှိုက်တင်ကားကိုအစားထိုးသုံးစွဲပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများထံမှ ကြားသိရသည်။

**စစ်ကြည်(စလင်း)**



# အခြေခံစက်ချုပ်သင်တန်းဖွင့်

ပန်းတောင်း ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက်က ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအုပ်စု ပဲကြီးကျေးရွာလယ်ပေါ်ကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းမှ ထူးချွန်သူသုံးဦးအား အပ်ချုပ်စက်တစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများကို ဆုချီးမြှင့်သွားမည်ဖြစ်ကာ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၅ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာတစ်လကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ・၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ ・၇၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂ ・၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ・၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဆွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးကဏ္ဍများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အုပ်ချုပ်ရေးမှူး Mr. Achim Steiner နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စု ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အုပ်ချုပ်ရေးမှူး Mr. Achim Steinerနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှု တိုးတက်ခိုင်မာရေး၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးကဏ္ဍများ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အကြား အပြန်အလှန်ဆက်နွှယ်မှု၏ အရေးပါမှုတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

## UNDP နှင့် မြန်မာလွှတ်တော်များအကြား လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အုပ်ချုပ်ရေးမှူး Mr. Achim Steiner နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNDP နှင့် မြန်မာလွှတ်တော်များအကြား လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာကူညီပံ့ပိုးမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အုပ်ချုပ်ရေးမှူး Mr. Achim Steiner နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

## မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် လေ့လာသူအဖြစ် တက်ရောက်လိုသူများ မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် ရက်ထပ်မံတိုးမြှင့်ပေးထား

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC–2) တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များနှင့် လေ့လာလိုသူများအဖြစ် တက်ရောက်လိုသူများအနေဖြင့် သတင်းရယူလိုခြင်း၊ လေ့လာသူအဖြစ် တက်ရောက်လိုခြင်း ဖော်ပြ၍ မှတ်ပုံတင်ခြင်းကို ဩဂုတ် ၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့သွားရန် သတ်မှတ်ကြေညာထားခဲ့သော်လည်း ယခုအခါ ဩဂုတ် ၉ ရက် ညနေ ၄ နာရီအထိ မှတ်ပုံတင်နိုင်ရေး အချိန်တိုးမြှင့်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် လေ့လာသူအဖြစ် တက်ရောက်ရန်ရွေးချယ်ထားသူ ၁၀၀ ဦး၏ အမည်စာရင်းကိုလည်း MOI Webportal Myanmar Facebook တွင် ဩဂုတ် ၉ ရက် ည ၇ နာရီ နောက်ပိုင်းတွင် ကြေညာပေးသွားမည်ဖြစ်ပြီး ဝင်ထွက်ခွင့်ကတ်များကို ဩဂုတ် ၁၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇)၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပြည်တွင်း၊ ပြည်ပ သတင်းထောက်များနှင့် လေ့လာသူအဖြစ် တက်ရောက်လိုသူများအနေဖြင့် အောက်ပါလိပ်စာများတွင် မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ကြသည်-

(က) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းအချက်အလက်ဌာနခွဲ -ဖုန်း ၀၆၇ ၄၁၂၀၀၂၊ ၄၁၂၁၈၇၊ email – iprd.rnd@gmail.com

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း - ဖုန်း ၀၆၇၄၁၂၁၂၅၊ ၄၁၂၁၂၆၊ email. Myogyi.npe@gmail.com

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်မှု၊ အားလုံးရဲ့တူညီဆန္ဒကို အလေးထားမှုစတဲ့ အာဆီယံအခြေခံမူတွေပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ခဲ့ပါတယ်။ ဒီလိုထူးခြားတဲ့ "အာဆီယံနည်း အာဆီယံဟန်"နဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ နှစ်ပေါင်း (၅၀)ရဲ့ အတွေ့အကြုံတွေအပေါ်အခြေခံပြီး တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေများအကြားမှာ အာဆီယံအဖွဲ့ကြီးကို ရှင်သန်ထက်မြက်တဲ့အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်သွားနိုင်ဖို့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ရခြင်းအပါအဝင် အာဆီယံအသိုက်အဝန်းတည်ထောင်တဲ့ လုပ်ငန်းစဉ်မှာ တက်တက်ကြွကြွပါဝင်နိုင်ခဲ့တဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။

အာဆီယံရဲ့ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းတွေကိုလည်း ဆက်လက်ပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ "အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅" ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

အာဆီယံပြည်သူများအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

**"မင်္ဂလာပါ အာဆီယံ"**

## သံအမတ်ကြီး ဦးမြင့်ဆွေအား မောရစ်ရှပ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၄င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

✻ *ရှေ့ဖုံးမှ*

ဦးစားပေး၊ တတိယဦးစားပေးစသဖြင့် ဦးစားပေးတွေသတ်မှတ်ပြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လျှောင်ဒဏ်ကြောင့် ဘုရား ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုရှိပြီး ပထမအဆင့်အနေနဲ့ ၂၅၉ ဆူ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ပြီးဖြစ်ပြီးတော့ ပြုပြင်ဆဲ ၁၅ ဆူနဲ့ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ဖို့ ကျန်ရှိတာက ၁၁၅ ဆူဖြစ်ပါတယ်။ နံရံဆေးရေးပန်းချီထိန်းသိမ်းမှုအနေနဲ့လည်း ၁၅၂ ဆူ ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီထဲက ခုနစ်ဆူကို ထိန်းသိမ်းပြုပြင်ပြီးဖြစ်ပါတယ်။ ခုနစ်ဆူက ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်ဖို့ ကျန်တာ ၂၀၉ ဆူ ရှိပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးစီးအရာရှိ ဦးဆန်းထွန်းက ပြောကြားသည်။

**ရှင်မင်း**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကူညီရန်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စု ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ အုပ်ချုပ်ရေးမှူး Mr. Achim Steiner ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNDP ၏ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်အားပေးကူညီရန် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စု ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ အုပ်ချုပ်ရေးမှူး Mr. Achim Steiner ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)



## ဧည့်သည်ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၈**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen ၊ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel၊ ဥရောပသမဂ္ဂသံရုံးမှ ပထမအတွင်းဝန် Mr. Andreas Magnusson ၊ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr. Yuichiro Funai ၊ ဂျပန်နိုင်ငံအခြေစိုက် JICA အဖွဲ့မှ အလုပ်သမားစီမံအုပ်ချုပ်ရေးနှင့် မူဝါဒဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Koi Chi Harada၊ နိုင်ငံတကာအလုပ်သမားအဖွဲ့(ILO)မှ ဆက်ဆံရေးအရာရှိ Ms. PiyamalPichaiwongse တို့ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက 'ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရစသည့် အဖွဲ့သုံးဖွဲ့၏ အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ အလားတူ နိုင်ငံထူထောင်ရာတွင်လည်း အဆိုပါအလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရတို့၏အခန်းကဏ္ဍ အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ အဆိုပါအဖွဲ့သုံးဖွဲ့ပါဝင်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများကို အချိန်ပေး၊ အချိန်ယူကာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးကြရာတွင်လည်း အစိုးရ၊ လွှတ်တော်၊ အလုပ်ရှင်နှင့် အလုပ်သမား စသည့်အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များပါဝင်စေရန် ဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အကျိုးရှိထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း' ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးမြသိန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပျူမြို့ပြယဉ်ကျေးမှုသည် ပညာရှင်များ တွက်ဆထားသည်ထက် ပိုမို၍ကြီးကျယ်ခမ်းနား

**ရန်ကုန်  ဩဂုတ်  ၈**

ရန်ကုန်တက္ကသိုလ် (သမိုင်းဌာန)၏ ဦးဆောင်မှုဖြင့် မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဒီပလိုမာ သင်တန်းအမှတ်စဉ် (၃) ( DMHC 3rd Batch )မှ သင်တန်းသားများသည် သမိုင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာမြင့်သိန်းနှင့် ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မာဂရက်ဝမ်တို့၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမ ရှစ်ဦး၊ ကျောင်းသား ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၇၆ ဦးတို့သည် ဩဂုတ် ၅ ရက်က တောင်တွင်းကြီးမြို့သို့ ရောက်ရှိကာ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်၊ ဗိဿနိုးရှိ ပျူမြို့ဟောင်းရှိ ပျူသင်္ချိုင်းနှင့် ပျူမြို့ဟောင်းတိုကို လေ့လာကြသည်။ ထို့နောက် ပြည်မြို့တွင် ညအိပ်ရပ်နားကြပြီး ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့အမွေအနှစ်ဒေသ ပျူမြို့ဟောင်း (သရေခေတ္တရာ)ရှိ ဘုရားစေတီများ တူးဖော်ဆဲမြို့ဟောင်းများ၊ သရေခေတ္တရာ ပြတိုက်(မှော်ဇာ)နှင့် ပျူသင်္ချိုင်းဟောင်းများကို လေ့လာခဲ့ကြသည်။

အင်္ဂလန်မှ သုတေသနပညာရှင် အချို့နှင့် မြန်မာနိုင်ငံမှ ပညာရှင်များ၏ တူးဖော်လေ့လာချက်များအရ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဖြစ်သော ပျူမြို့ပြယဉ်ကျေးမှုသည် ပညာရှင်များ တွက်ဆထားသည်ထက် ပိုမို၍ကြီးကျယ်ခမ်းနားခဲ့သည်ဟု တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။ သို့သော် တူးဖော်ရရှိထားသော ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် သုတေသနပြုရန် အခက်အခဲများစွာရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ ပျူမြို့ဟောင်းများသည် ခရစ်တော်မပေါ်မီ BC ၂ ရာစုမှခရစ်တော်ပေါ်ပြီးနောက် AD ၈ ရာစုအတွင်း ပျူလူမျိုးများ အခြေချနေထိုင်ခဲ့သော ပျူမြို့ပြများဖြစ်ပြီး ပျူမြို့ဟောင်းများတွင် တူးဖော်သုတေသနပြုချက်များအရ ပျူမြို့ဟောင်းများဖြစ်ကြသော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့များသည် ယခုအခါ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်ခဲ့ပြီး ကမ္ဘာ့ရှေးဟောင်းသုတေသနပညာရှင်များကလည်း စိတ်ဝင်စားစွာ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

အင်္ဂလန်မှ သုတေသနပညာရှင်များနှင့် မြန်မာပညာရှင်များ၏ နောက်ဆုံးလေ့လာတူးဖော်ချက်များအရ ပျူခေတ်တွင် ရေအရင်းအမြစ်သုံးစွဲပေးဝေမှုများနှင့် ကာကွယ်ရေးစနစ်များ၏ အဆင့်မြင့်ထူးခြားမှုများကို လေ့လာတွေ့ရှိခဲ့ရသည်ဟုဆိုသည်။ ပျူသင်္ချိုင်းမှ ရရှိသော ရှေးဟောင်းဒင်္ဂါးများ၊ အရိုးများသည်လည်းကောင်း၊ ပျူခေတ်လက်ရာ ရတနာများ၊ ဘုရားဆင်းတုတော်များနှင့် ဗုဒ္ဓတရားတော်များ ရေးသားထားသော ရွှေပေလွှာ ၂၀ ချပ်တို့သည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်ရတနာများဖြစ်ကြောင်း၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များဖြစ်သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းသောနေရာများသို့ လာရောက်လေ့လာသင့်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။ **သီဟထွန်း**



## ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-I ပဏာမအသံစစ်ဆေးခြင်းကို ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော်  ဩဂုတ်  ၈**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-I ပဏာမအသံစစ်ဆေးခြင်းကို ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၌ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအား ပြည်လမ်း(ဟံသာဝတီအဝိုင်းအနီး) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio-A တွင် ကျင်းပသွားမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်ရန် လျှောက်လွှာတင်ထားသည့် အရေအတွက်များပြားသည့်အတွက် ပဏာမအသံစစ်ဆေးခြင်းကို ရက်သတ္တနှစ်ပတ်ခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

ပဏာမအသံစစ်ဆေးခြင်း ပထမပွဲစဉ်အနေဖြင့် ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ အသံစစ်ဆေးခြင်း၊ ဩဂုတ် ၁၂ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်းနှင့် ဩဂုတ် ၁၃ ရက်တွင် Level-I Live ယှဉ်ပြိုင်ခြင်းများအားလည်းကောင်း၊ ဒုတိယပွဲစဉ်အနေဖြင့် ဩဂုတ် ၁၆ ရက်မှ ၁၇ အထိ အသံစစ်ဆေးခြင်း၊ ဩဂုတ် ၁၉ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်းနှင့် ဩဂုတ် ၂၀ တွင် Level-I Live ယှဉ်ပြိုင်ပွဲများကို ပြုလုပ်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level- I ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်၊ မန္တလေးနှင့် ဘားအံမြို့များ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

❄ *ကျောဖုံးမှ*

အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုးက အာဆီယံသမိုင်းကြောင်းနှင့် မီးထွန်းညှိခြင်းအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဖြိုးမင်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဖိလစ်ပိုင် သံအမတ်ကြီး Mr. Eduardo E kapunam Jr တို့က အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ် LOGO အား စက်ခလုတ်နှိပ်၍ မီးထွန်းညှိပေးသည်။ ယင်းအချိန်တွင် မိုးပျံပူဖောင်းများလည်း လွှတ်တင်ပေးလိုက်သည်။

မြို့တော်ခန်းမရှေ့တည့်တည့်တွင် အာဆီယံနိုင်ငံကိုယ်စားပြု အလံများ တလူလူလွှင့်ထူထားသည်။ ထို့အပြင် မြို့တော်ခန်းမကြီးတွင် အာဆီယံ Logo ပါ မီးပုံးကြီးများကိုလည်း လှပစွာ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။ ယင်းမီးပုံးကြီးများနှင့် LED ဘုတ်အား ဩဂုတ် ၁၄ ရက်အထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

# အကြမ်းဖက်ခံရမှုဖြစ်စဉ်များကြောင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ခေတ္တရွှေ့ပြောင်းသည့် ဒေသခံရခိုင်တိုင်းရင်းသားများ လုံခြုံရေးတပ်ဖွဲ့စောင့်ရှောက်မှုဖြင့် မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်

**နေပြည်တော် သြဂုတ် ၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်းရှိ ချွတ်ပြင်၊ ပိတောက်မြိုင်၊ ပြင်ရှည်နှင့် ပေါက်ပင်ရင်းကျေးရွာများမှ ဒေသခံရခိုင်တိုင်းရင်းသားများသည် သြဂုတ် ၃ ရက်တွင် ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာမှ ဒေသခံ မြိုတိုင်းရင်းသားများ အကြမ်းဖက်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် သြဂုတ် ၄ ရက် နံနက် ၇ နာရီခွဲခန့်တွင် ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာအတွင်း မသင်္ကာဖွယ်တရားခံများ ဖမ်းဆီးသည့် ရဲတပ်ဖွဲ့ဝင်များအား တုတ်၊ ဓား၊ လေးခွ၊ ဂျင်ကလိများဖြင့် တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် အပါအဝင် လတ်တလော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးအရစိုးရိမ်မှုဖြင့် ၎င်းတို့၏ နေရပ်ကို စွန့်ခွာ၍ သြဂုတ် ၅ ရက်တွင် အိမ်ထောင်စု ၁၃၄ စု၊ လူဦးရေ ၆၂၂ ဦးတို့သည် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာနှင့် ဂွဆုံကျေးရွာတို့သို့ ခေတ္တရွှေ့ပြောင်းနေထိုင်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ရွှေ့ပြောင်းနေထိုင်မှုသတင်းအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၇ ရက်တွင် စေတီပြင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာမူလတန်းကျောင်းတို့၌ ရွှေ့ပြောင်းဒေသခံတိုင်းရင်းသားများအား သွားရောက်တွေ့ဆုံရာ **(ယာပုံ)** ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ရွှေ့ပြောင်းရခြင်း အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီး





ခေတ္တရွှေ့ပြောင်းသည့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ဒေသခံရခိုင်တိုင်းရင်းသားများ လုံခြုံရေးတပ်ဖွဲ့ အစောင့်အရှောက်ဖြင့် မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေသည်ကို တွေ့ရစဉ်

အောင်ကျော်ဇောက နေရပ်စွန့်ခွာမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် နစ်နာဆုံးရှုံးရမည့် အခြေအနေများ၊ တပ်မတော်စစ်ကြောင်းများနှင့် နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ လုံခြုံရေး သီးခြားဆောင်ရွက်ပေးမည့်အခြေအနေများအပါအဝင် ခေတ္တတိမ်းရှောင်မိသားစုများ၏ တင်ပြချက်များအား ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ခေတ္တတိမ်းရှောင်လာသည့် ချွတ်ပြင်၊ ပိတောက်မြိုင်၊ ပြင်ရှည်နှင့် ပေါက်ပင်ရင်းကျေးရွာများမှ တိုင်းရင်းသားပြည်သူများအနက် သြဂုတ် ၇ ရက်တွင် အိမ်ထောင်စု ၇၂ စု၊ လူဦးရေ ၂၀၃ ဦးနှင့် ယနေ့ သြဂုတ် ၈ ရက်တွင် ကျန်ရှိနေသည့် အိမ်ထောင်စု ၆၂ စု၊ လူဦးရေ ၄၁၉ ဦးတို့သည် ၎င်းတို့၏ မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ခဲ့ကြကြောင်း သိရှိရသည်။

မိသားစုများ ပြန်လည်ပြောင်းရွှေ့ရာတွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ပစ္စည်းပစ္စယများ ကူညီရွှေ့ပြောင်းပေးခြင်း၊ မူလကျေးရွာများ၌ လုံခြုံရေးဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဧပြီလမှ ဇူလိုင်လအထိ ပြည်ပကုန်သွယ်မှုနှင့် ပို့ကုန်သွင်းကုန်ပမာဏမြင့်တက်

**နေပြည်တော် သြဂုတ် ၈**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဇူလိုင်လထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၂၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၇၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၂၉၄ သန်းရရှိခဲ့ပြီး ပြည်ပကုန်သွယ်မှု ပိုမိုတိုးတက်ခဲ့သည်။

ယခင်ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၉၃၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၄၄ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၇၄ သန်း ပိုမိုခဲ့သည်။

ပြည်ပသို့ ပို့ကုန်အုပ်စုလိုက်တင်ပို့မှုမှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၀၅၃ သန်း၊ တိရစ္ဆာန်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ လေးသန်း၊ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၁၇၀၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၃၆၃ သန်း၊ သစ်တောထွက်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၇၅ သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၂၀၃၅ သန်းနှင့် အခြားပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၆၂၃ သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၃၂၃ သန်းတင်ပို့ခဲ့သည်။

ပြည်ပမှအုပ်စုလိုက်သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်း အမေရိကန်ဒေါ်လာ ၂၂၀၄ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၂၂၉၁ သန်းနှင့် လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၄၇၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉၇၁ သန်း တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ အပတ်စဉ်တင်ပြသည့် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုနှစ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံနှင့် ကုန်သွယ်မှုတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ တိုးတက်ပြီး နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခဲ့သည့်အပြင် နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အခြေခံရေကြောင်းပညာ(အရာရှိ) သင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်

**နေပြည်တော် သြဂုတ် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆိုင်ရာအရည်အသွေး မြင့်မားစေရေး အတွက် တပ်မတော်(ရေ)၊ ရေတပ် လေ့ကျင့်ရေးဌာနချုပ်(သန်လျင်)တွင် သြဂုတ် ၇ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည့် အခြေခံရေကြောင်းပညာ(အရာရှိ) သင်တန်းအမှတ်စဉ်(၁/ ၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၇ ရက်က ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဌေးနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားသို့ တပ်နယ်မှ တပ်မှူးများ၊ အရာရှိ၊ စစ်သည်များနှင့် နည်းပြများ၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် မြဝင်း၊ ရေကြောင်း ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် နေမိုးသက်၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဇော်နိုင်နှင့် အရာရှိများ၊ သင်တန်းသားများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် ဖွင့်ပွဲအပြီးတွင် ရေကြောင်းရဲတပ်ဖွဲ့မှူးက သင်တန်းသားများအား သင်တန်းခန်းမတွင် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် သြဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလူနာ ၄၃၃ ဦးအနက် H1N1 ပိုးတွေ့သူ ၁၆၆ ဦးရှိခဲ့ပြီး ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇ ဦး ရှိသွားပြီဖြစ် ပြည်တွင်း၊ ပြည်ပအလှူရှင်များက အလှူငွေများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ကာကွယ်ဆေးများအား ဆက်လက်လှူဒါန်း

**နေပြည်တော် သြဂုတ် ၈**

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm 09) စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီမှ သြဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၂၄ ဦးကို ဓာတ်ခွဲ စမ်းသပ်စစ်ဆေးစဉ် H1N1 ပိုးတွေ့လူနာ ၁၂ ဦး တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက် မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်း လူနာ ၄၃၃ ဦးအနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၁၆၆ ဦး ရှိခဲ့ပြီး ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့အတွင်းလူနာ ၁၉ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၄၁ ဦး စုစုပေါင်း ၆၀ ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ယနေ့အထိ အခြေခံပညာကျောင်း ၈၀၈၃ ကျောင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၁ ဒသမ ၅ သန်းကျော်အား ကျန်းမာရေး ပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးယာဉ်များ၊ ဘတ်စ်ကားများ၊ ရထားများ၊ သင်္ဘောများ စသည်တို့တွင် ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်သော ကျန်းမာရေးပညာပေး Sticker များ ကပ်ခြင်း၊ လူအများမြင်သာသောနေရာများတွင် Vinyl များထောင်ခြင်းဖြင့် ပညာပေး အစီအစဉ်များကို ထပ်လောင်းအားဖြည့် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများမှလည်းအလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ကာကွယ်ဆေးများအား ဆက်လက်လှူဒါန်းလျက်ရှိရာ Health and Hope Myanmar Foundation မှ နှာခေါင်းစည်းများအားလည်းကောင်း၊ Forever Group မှ ရာသီတုပ်ကွေးကာကွယ်ဆေးနှင့် N95 နှာခေါင်းစည်းများအားလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်းဝန်ထမ်းမိသားစုမှ N95 နှာခေါင်းစည်းများအားလည်းကောင်း လှူဒါန်းခဲ့ကြောင်း။

ထို့ပြင် တူရကီနိုင်ငံမှ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးအား လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Oseltamivir ဆေးနှင့် ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးအပါအဝင် ဆေးနှင့်ဆေးပစ္စည်း၊ အသက်ရှူစက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးပို့ရန် စီစဉ်လျက်ရှိကြောင်း။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူစုစုပေါင်း ၁၃ ဦး ရှိကြောင်း၊ ထို့ကြောင့် ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါစသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ အထူးသတိပြုလိုက်နာကြရန်နှင့် ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေး ဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာ ကုသမှုခံယူသင့်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ပြည်သူ့အတွေး ပြည်သူ့အိပ်မက်ဖြင့် ခရီးဆက်ဖို့

**အေးမြင့်အောင်**

လူ့ယဉ်ကျေးမှုသမိုင်းတစ်လျှောက် အကျယ်ပြန့်ဆုံးသော အပြောင်းအလဲတစ်ခုကို ပြပါဆိုလျှင် ၁၉၇၄ ခုနှစ်တွင် အစပြုခဲ့သည့် ဒီမိုကရက်တိုင်ဇေးရှင်း တတိယလှိုင်းကြီးပင်ဖြစ်သည်ဟု ဆိုရမည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်သည်သာ တရားနည်းလမ်းအကျဆုံး အစိုးရပုံသဏ္ဌာန်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည်လက်ခံခဲ့ကြသည့် ပြောင်းလဲမှုကြီးပင်ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် ကျွန်တော်တို့ပြည်သူအားလုံးက နိုင်ငံရေး အိပ်မက်တစ်ခုကို မဝံ့မရဲ မက်ခဲ့ဖူးသည်။ ပြည်တွင်းစစ်နောက်ခံ နိုင်ငံရေးမိုးသက်မုန်တိုင်းများကြား နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကြသည့် ကျွန်တော်တို့အတွက် ဒီမိုကရေစီ နိုင်ငံရေးအိပ်မက်များကို ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးနှင့်အတူ မွေးဖွားလာခဲ့သည်။ ဒီမိုကရေစီ သူရဲကောင်းတစ်စုက အသက်သွေးများဖြင့် လမ်းဖောက်ခဲ့ထွင် ပေးခဲ့သည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့မျှော်မှန်းခဲ့ကြသည့် ဒီမိုကရေစီ ခရီးလမ်းများသည် သာယာဖြောင့်ဖြူး ချောမွေ့ခဲ့ခြင်းမဟုတ်။ နှစ်ပေါင်းများစွာ အမြစ်တွယ်ခိုင်မာနေသည့် ခလုတ်ကန်သင်းများကို ရင်ဆိုင်ဖယ်ရှားရင်း ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသည်ဟု ဆိုနိုင်သည်။ ယနေ့အချိန်တွင် ကျွန်တော်တို့အားလုံး တရှိုက်မတ်မတ် မက်ခဲ့မိသော နိုင်ငံရေးအိပ်မက်တချို့မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်သည်။

**ပြည်သူ့အစိုးရတစ်ရပ်**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးက နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့သော ဒီမိုကရေစီအငွေ့အသက်များကို ပြန်လည်နိုးထပေးခဲ့၏။ ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရအဖြစ် သမိုင်းသစ် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

တကယ်တမ်းပြောရလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုသည် အခြားသော ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသွင်ကူးပြောင်းမှုများနှင့် များစွာကွာခြားမှုရှိသည်။ ကျွန်တော်တို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သမိုင်းနောက်ခံအခြေအနေများ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်း အသီးသီးရှိ လူတန်းစားအလွှာအသီးသီး တည်ရှိနေပုံနှင့် ဆက်ဆံမှုပုံစံများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ တည်ရှိနေပုံများသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများနှင့် များစွာ ဆက်စပ်လျက်ရှိသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစံနှုန်း ပြည့်မီရေးများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နေရခြင်းမျိုးမဟုတ်ဘဲ ခေတ်ဟောင်းစနစ်ဟောင်းမှ ဒီမိုကရေစီနှင့် မလိုက်ဖက်တော့သည့် ကျင့်ထုံးဟောင်း၊ Institutions ဟောင်းများကို ဒီမိုကရေစီနှင့်လိုက်ဖက်မည့် ကျင့်ထုံးသစ်၊ Institutions အသစ်များနှင့် ညင်ညင်သာသာ အချိန်ယူပြောင်းလဲ ပြင်ဆင်ပေးနေရခြင်း၊ နိုင်ငံတော်ကို ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်းပေါ်သို့ မောင်းတင်တည့်မတ်ပေးနေရခြင်းများကို စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးနေရသည်။

**ဒီမိုကရေစီအသွင်ကူးပြောင်းရေး**

အားလုံးသိကြသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရာတွင် ယေဘုယျအားဖြင့် အဆင့်ကြီး(၄)ဆင့်ကို မလွဲမသွေ ကျော်ဖြတ်ကြရမည်ဖြစ်သည်။ ယင်းအဆင့်ကြီး လေးဆင့်ကို အချိန်မည်မျှကြာအောင် ကျော်ဖြတ်ကြရမည်ဆိုသည်ကို မည်သူမျှ တိတိကျကျ အဖြေမထုတ်ရဲကြပေ။ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအဆင့်ကြီး(၄)ဆင့်ပါ အုပ်ချုပ်မှုစနစ် အဆင့်ဆင့်ပြောင်းလဲခြင်း (Transitions)၊ ဖြေလျှော့မှုများပြုလုပ်ခြင်း (Liberalization)၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေခြင်း (Democratization)၊ ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာစေခြင်း (Democratic Consolidation)တို့ကို အစီအစဉ်တကျ ညင်ညင်သာသာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့အစိုးရသည် မြန်မာနိုင်ငံတွင် သိမ်မွေ့၍ ရှုပ်ထွေးခက်ခဲသည့် တာဝန်ကြီးနှစ်ရပ်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေရသည်ဟု ဆိုရမည်။ ပထမတစ်ခုမှာ အမျိုးသားတည်ဆောက်ရေးဆိုသည့် (National Building)ပင် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ စုစည်းနေထိုင်နိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ထောင်ရမည်ဆိုသည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းစစ်နောက်ခံ နိုင်ငံရေးဇာတ်ခုံကြီးအတွင်း ရှုပ်ထွေးပွေလီခဲ့သည့် သမိုင်းကြောင်းဇာစ်မြစ်များကို ဒီမိုကရေစီနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဖို့ရာ အင်မတန်ခက်ခဲလှသည်။ ကျွန်တော်တို့အားလုံး မျှဝေလက်ခံထားသည့် သမိုင်းနောက်ခံများ၊ ယဉ်ကျေးမှုဓလေ့တန်ဖိုးများ၊ ဘာသာစကားနှင့် စုပေါင်းအမှတ်အသား သရုပ်လက္ခဏာများကို စုစည်းပုံဖော်ပေးရန်မှာ ပို၍ပင် ခက်ခဲနေပေသေးသည်။ ဤသို့သော အခြေအနေများကိုကြည့်လျှင် နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဆောင်ရွက်နေရသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

နောက်ထပ် တာဝန်တစ်ခုမှာ နိုင်ငံတော်တည်ဆောက်ရေး (State Building)ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်သော အတတ်ပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံပိုင်းများတွင် လွန်စွာလစ်ဟာမှုများ ရှိနေခဲ့သည်။ ခေတ်ဟောင်းစနစ်ဟောင်းများအောက်တွင် အတတ်ပညာ၊ အသိပညာများ လျော့ပါးခဲ့ရခြင်းကြောင့် ယနေ့အချိန်ကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နင်လား၊ ငါလား အားသွန်ခွန်စိုက် ဆောင်ရွက်ရမည့်အချိန်တွင် အင်ပြည့်အားပြည့် မဆောင်ရွက်နိုင်တော့ဘဲ နာတာရှည်လူမမာကြီးပမာ လှုပ်လီလှုပ်လှည့်ဖြင့် တရွေ့ရွေ့ဆောင်ရွက်နေရသည်။ ဤသို့သော အခြေအနေများကိုကြည့်လျှင်လည်း ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှ ဝန်ထုပ်ဝန်ပိုးကြီးစွာ ဆောင်ရွက်နေရသည်ကို သိမြင်နိုင်ပေလိမ့်မည်။

**သုံးသပ်ဝေဖန် အဖြေရှာကြမည်**

ယနေ့အစိုးရသည် နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပတ်သက်၍ ဘာတွေလုပ်နေသည်၊ ဘယ်ကိုသွားနေသည်၊ လက်ရှိ ဘယ်ကိုရောက်နေသည်ကို ပြောဆိုပေးဖို့ လိုအပ်နေသကဲ့သို့ ဘာတွေကိုရှောင်ကြဉ်ပြီး ဘာတွေကို ဆက်လက်လုပ်ကိုင်ကြရမည်ဆိုသည့် အကြံဉာဏ်များ၊ ဝေဖန်ချက်များကိုလည်း နားထောင်ရယူဖို့ လိုအပ်နေပါသည်။

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်သော အတတ်ပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံပိုင်းများတွင် လွန်စွာလစ်ဟာမှုများ ရှိနေခဲ့သည်။ ခေတ်ဟောင်း စနစ်ဟောင်းများအောက်တွင် အတတ်ပညာ၊ အသိပညာများ လျော့ပါးခဲ့ရခြင်းကြောင့် ယနေ့အချိန်ကဲ့သို့ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို နင်လား၊ ငါလား အားသွန်ခွန်စိုက် ဆောင်ရွက်ရမည့် အချိန်တွင် အင်ပြည့်အားပြည့် မဆောင်ရွက်နိုင်တော့ဘဲ နာတာရှည် လူမမာကြီးပမာ လှုပ်လီ လှုပ်လှည့်ဖြင့် တရွေ့ရွေ့ဆောင်ရွက်နေရသည်။ ဤသို့သော အခြေအနေများကို ကြည့်လျှင်လည်း ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှဝန်ထုပ်ဝန်ပိုးကြီးစွာ ဆောင်ရွက်နေရသည်ကို သိမြင်နိုင်ပေလိမ့်မည်။**

အမှန်အတိုင်းပြောရလျှင် မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီတာထွက်စနိုင်ငံများ၏ စွမ်းဆောင်နိုင်မှုအပေါ် အခြားသော ဒီမိုကရေစီအသားကျပြီးသည့် နိုင်ငံကြီးများ၏ စံနှုန်းများနှင့် မျဉ်းပြိုင်ဆွဲကြည့်၍ ရနိုင်မည်မဟုတ်ပေ။ စင်စစ် ဒီမိုကရေစီနှင့် ကာလရှည်ကြာ အဆက်ပြတ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ ပြဿနာရပ်များသည် သက်တမ်းရင့်ပြဿနာများဖြစ်သည်။ ယင်းပြဿနာရပ်များကို မည်သည့်အစိုးရမှ တစ်မုဟုတ်ချင်း ဖြေရှင်းကျော်လွှားနိုင်မည်မဟုတ်ဘဲ အချိန်ယူ ဖြေရှင်းကြရမည်သာဖြစ်သည်။

ဥပမာအားဖြင့်ပြောရလျှင် အစိုးရသစ်တာဝန်ယူသည့် အချိန်တွင် ကြေညာထားခဲ့သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာများမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ကျော်ခဲ့လေပြီ။ ထိုနည်းတူ ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့်များ ပျောက်ကွယ်ခဲ့သည်မှာလည်း နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ။

ဤမျှ နှစ်ပေါင်းများစွာအမြစ်တွယ် ခိုင်မာနေသည့် ပြဿနာအရပ်ရပ်ကို အချိန်ကာလတစ်နှစ်အတွင်း အပြီးအပြတ် ဖြေရှင်းနိုင်ရေးဆိုသည်မှာ စိတ်ကူးယဉ်သလောက် မရိုးရှင်းလှပေ။ ကျွန်တော်တို့ အမှန်တကယ် ဆန်းစစ်ရမည့်အချက်မှာ လက်ရှိအစိုးရအနေဖြင့် ဒီမိုကရေစီစနစ်နှင့်လိုက်ဖက်အောင် အမှန်တကယ် ပြောင်းလဲပါရဲ့လား၊ မည်သည့်အရာများကို ပြောင်းလဲပြီး၊ မည်သည့်အရာများကို ပြောင်းလဲရန် ကြိုးပမ်းနေပါသလဲ ဆိုသည်တို့ကိုသာ ဆန်းစစ်ပေးကြရမည် ဖြစ်သည်။

**မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖိုရမ်**

အစိုးရသစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသွင်ကူးပြောင်းမှုများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ဆောင်ရွက်နိုင်ရေးအတွက် Forum on Myanmar Democratic Transition ကို နေပြည်တော်ရှိ MICC 2 တွင် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ ယင်းညီလာခံကြီးတွင် အောက်ပါအကြောင်းအရာများကို ဆွေးနွေးကြမည် ဖြစ်သည်။

(၁) ကမ္ဘာလုံးဆိုင်ရာ ခြုံငုံရှုမြင်သုံးသပ်ချက် (Global Overview)
(၂) စစ်ဘက်မှ အရပ်ဘက်အုပ်ချုပ်ရေးသို့ အကူးအပြောင်း (Political Transition: From Military to Civilian Government)
(၃) ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အကူးအပြောင်း (Economic Transition: From Central Command to market economy)
(၄) ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးသို့ အကူးအပြောင်း (Transition from War to peace: Conflict Resolution, Reconciliation and the building of an inclusive multinational state)
(၅) ဒီမိုကရေစီအကူးအပြောင်းတွင် မီဒီယာများ၏ အခန်းကဏ္ဍ (The Role of Media in Democratic Transition)
(၆) မြန်မာနိုင်ငံရောက်ရှိနေသော အကူးအပြောင်းအဆင့်နေရာ (Stock-taking: Where is Myanmar in its Transition?)

အဆိုပါ ညီလာခံကြီးတွင် နိုင်ငံတကာမှ ကျွမ်းကျင်သူပညာရှင်များ၊ ပြည်တွင်းရှိ နယ်ပယ်အသီးသီး၊ ပညာရပ်အသီးသီးမှ ပညာရှင်များက ရှုထောင့်အသီးသီး အတွေးအမြင်အသီးသီးဖြင့် သုံးသပ်ဝေဖန်ဆွေးနွေးကြမည်။ ယင်းညီလာခံကြီးသို့ မည်သူမဆို မိမိအစီအစဉ်ဖြင့် တက်ရောက်လေ့လာနိုင်သော်လည်း လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် တောင်းခံထားရသည်။

ယနေ့အချိန်တွင် မြန်မာပြည်သူတို့ နှစ်ပေါင်းများစွာအိပ်မက်မက်ခဲ့ရသော ပြည်သူများစိတ်တိုင်းကျ ရွေးချယ်ခန့်အပ်ပေးလိုက်သည့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်သူ့အရေး၊ ပြည်သူ့အတွေးနှင့် ပြည်သူ့အိပ်မက်များကို အလေးထား၍ အမှန်ကတယ် ပြောင်းလဲလိုစိတ်၊ အမှန်တကယ်တိုးတက်လိုစိတ်များဖြင့် ခရီးနှင်ချီတက်နေသည်။ ပြောင်းလဲစရာ မြောက်မြားစွာရှိသည့်အနက် အဓိကသော့ချက်ကျသည့် ပြုပြင်ပြောင်းလဲမှုများကို အချိန်ယူ ဆောင်ရွက်နေရသည်။ ဤဆောင်ရွက်ချက်များကို ပြည်သူများအား သိစေလို၊ မြင်စေလို၍ ဤဖိုရမ်ကြီး ကျင်းပပြုလုပ်သည်ဟု မြင်သည်။

မည်သို့ပင်ဖြစ်စေ ဤဖိုရမ်ကြီးမှရရှိမည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များသည် ကျွန်တော်တို့၏ ဒီမိုကရေစီရှေ့ခရီးအတွက် ပိုမိုတောက်ပ ရုပ်လုံးကြွစေမည်မှာ အသေအချာပင်ဖြစ်သည်။ ။

## သံတွဲခရိုင်ရဲတပ်ဖွဲ့ဝင်များ လေးမျက်နှာဘုရားရင်ပြင်တော်နှင့် ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

**သံတွဲ ဩဂုတ် ၈**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့ လေးမျက်နှာဘုရားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သံတွဲခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်စိုး ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းမှ သင်တန်းသားများ၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၂၄)မှတပ်ဖွဲ့ဝင်များ၊ ရတဖ (၃၂) တပ်ဖွဲ့ဝင်များက လေးမျက်နှာဘုရားရင်ပြင်တော်ရှိ ရေညှိရေမှော်များ ရှင်းလင်းခြင်း၊ ဘုရားဝန်းကျင်မှ ချုံနွယ်များ၊ မြက်ပင်နှင့် ပေါင်းပင်များ ရှင်းလင်းခြင်း၊ ဓမ္မာရုံအနီးရှိ ရေအိုင်၊ ဗွက်အိုင်များရှင်းလင်း၍ မြေကြီးနှင့် သဲ၊ ကျောက်တို့ ဖို့ခြင်းတို့ကို ဩဂုတ် ၅ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက် (လှိုင်သာယာ)**



## သဘာဝအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်၍ အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးတို့၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၆ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားကွင်း၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို အရှေ့ပိုင်းခရိုင်အတွင်းရှိ မီးငြိမ်းသတ်ရေးတပ်စုတစ်စုနှင့် ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင် တပ်ခွဲတစ်ခွဲတို့က သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုတွင် တာမွေမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးက အမှာစကားပြောကြားခဲ့သည်။

သရုပ်ပြလေ့ကျင့်ရာ၌ အထပ်မြင့်မီးငြှိမ်း သတ်ရေးကိရိယာများ အသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ ပိတ်မိနေလူနာများအား လှေကားတင်ယာဉ်အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကြိုးဆင်းနည်းစနစ်အသုံးပြု၍ လူနာအားကယ်ဆယ်ခြင်း၊ လေမွေ့ရာ အသုံးပြု၍ အထပ်မြင့်မှ ကယ်ဆယ်ခြင်း၊ Slope ဆင်းခြင်း၊ Slowdown ဆင်းခြင်းဖြင့် ကယ်ဆယ်ခြင်းတို့ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းများကင်းလွတ်ခွင့်ပြုရေးလွှတ်တော်ကသဘောတူ

**နေပြည်တော်  ဩဂုတ်  ၈**

**၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းများ ကင်းလွတ်ခွင့်ပြုရေးကိစ္စ**ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထူးကုန်စည်များဖြစ်သည့် စိန်နှင့်မြအပေါ် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်၊ ရွှေစင် ရွှေတုံးများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုနိုင်ရန် တင်ပြခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့အကျိုးအတွက်မဟုတ်ဘဲ သုံးစွဲသူ၊ ရောင်းဝယ်ဖောက်ကားသူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းဝယ်နိုင်ရေး၊ ဆက်စပ်အမှီသဟဲပြုနေသည့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာရေးစသည့် အများပြည်သူအကျိုးကို ရည်မျှော်ပြီး ကင်းလွတ်ခွင့်ပြုနိုင်ရေး တင်ပြရခြင်းဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို

**အတည်ပြုသတ်မှတ်ပေးနိုင်ပါရန်**

သို့ဖြစ်၍ ကျောက်မျက်ရတနာ အနွယ်ဝင်ဖြစ်သော စိန်နှင့်မြတို့အပေါ် အထူးကုန်စည်ခွန်ကောက်ခံခြင်းနှင့် ရွှေစင် ရွှေတုံးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်နှင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့်ကုန်စည်အဖြစ် အတည်ပြုသတ်မှတ်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **တူးမြောင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဦးဇော်ဝင်းက ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စုအရအသုံးစာရင်းများ စစ်ဆေးချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၇)နှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ထောင်စုဘတ်ဂျက်မှ ချထားပေးခဲ့သော လုပ်ငန်းများတွင် ဘတ်ဂျက်ခွင့်ပြုငွေများမှာ ပိုမိုလာသော်လည်း တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ လက်သင့်ရာစားတော်ခေါ်ခြင်းများရှိနေသေးခြင်း၊ လုပ်ပိုင်ခွင့်ရကုမ္ပဏီများသည် စာချုပ်ပါ အာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက်များနှင့်အညီ မလုပ်ဆောင်ခြင်းများကြောင့် လုပ်ငန်းများမှာ ငွေကုန်သလောက် အရည်အသွေးမပြည့်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားဆောင်ရွက်နေရာတွင် ပကတိဖြစ်တည်မှုအရ နိုင်ငံတကာမှ ချေးငှားပြီး ဆောင်ရွက်နေရဆဲဖြစ်သည်ကို နိုင်ငံသားအားလုံးသိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်ရသည့် ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေများအပေါ် လေလွင့်ဆုံးရှုံးမှုမရှိစေရန် အထူးဂရုပြုဆောင်ရွက်ရန် တိုက်တွန်းအကြံပြုလိုပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် ကျေးလက်အိမ်ရာပြုလုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ခွင့်ပြုသော ဘတ်ဂျက်ငွေနှင့် ကိုက်ညီသည့် အရည်အသွေးပြည့်ဝသော လုပ်ငန်းများဖြစ်စေရန် လွန်စွာအရေးကြီးသောကြောင့် ဘတ်ဂျက်သတ်မှတ်ရာတွင် သက်ဆိုင်ရာ ဒေသပေါက်ဈေးအရ မှန်ကန်စွာတွက်ချက်ပြီး နိုင်ငံတော် ဘတ်ဂျက်ခွင့်ပြုငွေများ လိုအပ်သည်ထက် မပိုစေရန် ဘတ်ဂျက်များ အလေအလွင့်မဖြစ်စေရန် ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ဆွေးနွေး**

အလားတူ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင်၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ မောင်မောင်၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းတို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Chung Sye –Kyun ကိုယ်ရေးအကျဉ်း

**H.E.Mr.Chung Sye –Kyun အား ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကိုရီးယားနိုင်ငံ Jongno-gu ခရိုင်၊ Seoul မြို့တွင် မွေးဖွားခဲ့ပါသည်။**

၎င်းသည် Korea University, Seoul မှ B. A in Law၊ Pepperdine University, California မှ MBA ဘွဲ့နှင့် Kyung- Hee University, Seoul မှ Ph.D in Business Administration ဘွဲ့ရရှိခဲ့သည်။



H.E.Mr.Chung Sye –Kyun

**အမျိုးသား လွှတ်တော်ကိုယ်စားလှယ်**

၁၉၉၆ ခုနှစ်မှ စတင်၍ (၁၅)ကြိမ်မြောက်မှ အကြိမ်(၂၀)မြောက် အထိ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ကိုရီးယားတက္ကသိုလ်ကျောင်းသားအသင်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ Ssangyong အုပ်စုတွင် Managing Director အဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိအမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ကိုရီးယားသုံးပွင့်ဆိုင်ကော်မရှင် (KTC) ၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ယနေ့အထိ Alternative High School Pureunkkum ၏ ဒါရိုက်တာများ ဘုတ်အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**တာဝန်များထမ်းဆောင်**

၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အမျိုးသားလွှတ်တော်ဘတ်ဂျက်နှင့် ငွေစာရင်း အထူးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမျိုးသားလွှတ်တော် လာဘ်စားမှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် ဇန်နဝါရီလအထိနှင့် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ Uri ပါတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဇူလိုင်လမှ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအထိ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၃ခုနှစ် မတ်လအထိ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ယဉ်ကျေးမှု၊ အားကစားခရီးသွား၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် မတ်လမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ပြုပြင်ပြောင်းလဲမှုအထူးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် မေလအထိ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးရာနှင့် ပြန်လည်ပေါင်းစည်းရေး ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန်လမှ ယနေ့အထိ အကြိမ်(၂၀)မြောက် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၈**

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

နံနက် ၇ နာရီမှစတင်၍ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းဝန်းအတွင်း သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြပြီး တင်ဒါများကို လွတ်လပ်စွာတင်သွင်းလျက်ရှိသည်။

နံနက် ၉ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ အကြိမ် ၂၀ နှင့်အထက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည်များအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ဂုဏ်ပြုမှတ်တမ်းများပေးအပ်ချီးမြှင့်ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ၂၅ ကြိမ်နှင့်အထက် တက်ရောက်သူများနှင့် အကြိမ် ၃၀ နှင့်အထက် တက်ရောက်လာသူများ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ အကြိမ် ၂၀ နှင့်အထက်တက်ရောက်သူများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။

ယနေ့တွင် ဩဂုတ် ၇ ရက်က တင်ဒါတင်သွင်းခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာအတွဲများမှ တင်ဒါအောင်မြင်သူများကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲအမှတ် (၃၃၀၁)မှ ၄၄၀၀ ကို လည်းကောင်း၊ အတွဲအမှတ် (၄၄၀၁) မှ ၅၅၀၀ ကို လည်းကောင်း၊ အတွဲအမှတ် (၅၅၀၁) မှ ၆၅၆၁ ကို လည်းကောင်း ဆက်လက်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ယနေ့အထိ ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၃၃၀၀ ထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၂၆၀၈ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

**(သတင်းစဉ်)**



ဇူလိုင် ၇ ရက်က နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းတွဲများကို ကြည့်ရှုနေစဉ်
ဓာတ်ပုံ-ခွန်ဝင်းပ

# တာတမံဥပဒေ ပြဋ္ဌာန်း

**တာတမံဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)**

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တာတမံဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တာတမံ** ဆိုသည်မှာ ရေကိုတားဆီးရန်၊ ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် မြေသားနံရံ၊ ရေလှောင်တမံ၊ ရေချိုရေငန်တား တာတမံ၊ တာပေါင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တာတမံကို အထောက်အကူပြုသည့် ရေထုတ်ပြွန်၊ ဆိပ်ခံတံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့် အမှတ်အသားလည်း ပါဝင်သည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကိုဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(င) **ခရိုင်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိ ခရိုင်ဦးစီးဌာန တာဝန်ခံကိုဆိုသည်။

(စ) **မြို့နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ရှိဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဆ) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လား၊ ဝက်၊ သိုးနှင့် ဆိတ်တို့ကို ဆိုသည်။

(ဇ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် တာတမံကျိုးပေါက်ပျက်စီးမှုဖြစ်ပေါ်စေနိုင်သည့်အခါဖြစ်စေ၊ တာတမံကျိုးပေါက်ပျက်စီးသည့်အခါဖြစ်စေ အချိန်မီပြင်ဆင်ရသောလုပ်ငန်းကို ဆိုသည်။

(ဈ) **ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း** ဆိုသည်မှာ တာတမံ၏ ကြံ့ခိုင်မှုစွမ်းအားပြည့်မီစေရန်သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသောလုပ်ငန်းကို ဆိုသည်။

(ည) **ပန်းတာ** ဆိုသည်မှာ ပင်လယ်ရေငန်တားတာ သို့မဟုတ် ရေဘေးကာကွယ်ရေးတာများသည် ရေကြီး၊ ရေလျှံ၊ ရေတိုက်စားမှုများကြောင့် တာကျိုးပေါက်မည့် စိုးရိမ်ရသောအခြေအနေရှိပါက လက်ရှိ တာတမံ၏ နောက်ဘက်တွင် အသစ်တည်ဆောက်သည့် တာတမံကို ဆိုသည်။

(ဋ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တာတမံများ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး တာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဂ) တည်ဆောက်ပြီးတာတမံများ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် အရေးပေါ်ကာကွယ်မှုလုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဃ) တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

**အခန်း(၃)**

**တာတမံ တည်ဆောက်ခြင်း**

၄။ ဝန်ကြီးဌာနသည် ရေဘေးကာကွယ်ရေးတာတမံနှင့် ရေငန်တားတာတမံများ အသစ်တည်ဆောက်ရာတွင်ဖြစ်စေ၊ လက်ရှိတာတမံသည် စိုးရိမ်ရသော အခြေအနေရှိ၍ ပန်းတာတည်ဆောက်ရာတွင်ဖြစ်စေ နိုင်ငံတော်အစိုးရက မြေအသုံးပြုရန် လိုအပ်သည့်အခါ သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိသည် ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြီး တာတမံ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် လိုအပ်သည့် ကြိုတင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ ပါ တာတမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်မြေယာများ၊ အဆောက်အအုံများ၊ သီးနှံများဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင်သိရှိရန် လုံလောက်သောအချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည်-

(၁) လျော်ကြေးတောင်းဆိုမှုများရှိပါက သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန် တာဝန်ရှိကြောင်း တွေ့ရှိလျှင် လျော်ကြေးငွေကို ဥပဒေနှင့်အညီ သတ်မှတ်ရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ယင်းလျော်ကြေးငွေသတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

၈။ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်တာတမံအရာရှိသည် တာတမံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၉။ ပန်းတာတည်ဆောက်ရန် မြေနေရာလိုအပ်ခြင်း၊ စွန့်ပစ်မြေများ စုပုံခြင်းကြောင့် မြေနေရာများဆုံးရှုံးခြင်းအတွက် လျော်ကြေးတောင်းခံလာမှုများကို ခရိုင်တာတမံအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါ လျော်ကြေးငွေတောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၄)**

**တာတမံအရာရှိများ၏လုပ်ငန်းတာဝန်များ**

**တာတမံပြုပြင်ထိန်းသိမ်းခြင်း**

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာတမံအရာရှိ၊ ခရိုင်တာတမံအရာရှိနှင့် မြို့နယ်တာတမံအရာရှိတို့သည် တည်ဆောက်ပြီးတာတမံများ ပြုပြင်ထိန်းသိမ်းရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြစ်ကမ်းတိုက်စားမှုအခြေအနေကို နှစ်စဉ်နိုဝင်ဘာလတွင် တိုင်းထွာစစ်ဆေးခြင်း၊

(ခ) ထူးပေါက်နှင့်တွင်းများကို ပြန်လည်တူးဖော်ဖယ်ရှားခြင်း၊ မြေသားအသစ်ထည့်ခြင်း လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခြင်း၊

(ဂ) နှစ်စဉ် ဒီဇင်ဘာလတွင် ရေမှတ်တိုင်များကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်စိုက်ထူခြင်း၊

(ဃ) မိုးရာသီအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေမှတ်များအရ သတ်မှတ်သည့် တာတမံ၏ ရေလွတ်တာပေါင် ရှိ မရှိ စစ်ဆေးခြင်း၊ တာမြှင့်ခြင်းလုပ်ငန်းများကို အစီအစဉ် ရေးဆွဲဆောင်ရွက်ခြင်း၊

(င) တာတမံများစစ်ဆေးရာတွင် သတ်မှတ်ပုံစံအရ တာအမြင့်၊ တာထိပ်အကျယ်နှင့် တာအောက်ခြေအကျယ် မပြည့်မီပါက ပြင်ဆင်ခြင်းလုပ်ငန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) ဦးစီးဌာနက ထိန်းသိမ်းထားသော တာတမံများ၏ နယ်နိမိတ်များအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ လွှတ်ကျောင်းခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ရေတံခါးများ၊ ရေပြွန်များကို စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်း၊

(ဇ) ကျေးရွာလူထု၏ အစီအစဉ်ဖြင့် ဆောင်ရွက်သော ရေဘေးကာကွယ်ရေး တာတမံများအတွက် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း အဆင့်သတ်မှတ်၍ ဆောင်ရွက်ရမည်။

**ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၁၃။ ခရိုင်တာတမံအရာရှိသည် တာတမံတည်ဆောက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ရမည်-

(က) တာတမံများ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ တာတမံနှင့်ဆက်စပ်နေသော ပြည်သူလူထု၏ လိုအပ်ချက်များကို သိရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) တာတမံနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းကြောင့် တာတမံပြုပြင်ထိန်းသိမ်းရာတွင် အခက်အခဲရှိခြင်းကို ကာကွယ်ရန် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အကြောင်းအမျိုးမျိုးကြောင့် ပန်းတာတည်ဆောက်ရာတွင် လယ်ယာမြေသိမ်းယူရေးအတွက် ထိခိုက်နစ်နာမည့် လယ်သမားများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တို့၏ ဆန္ဒကိုရယူပြီး လိုအပ်သည့်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တာတမံပိုမိုကောင်းမွန်စေရန် တာတမံနှင့်ဆက်စပ်သော လယ်သမားများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြခြင်း။

**ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ**

၁၄။ တာတမံအရာရှိသည် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်-

(က) မိုးရာသီမကျရောက်မီ တာတမံများ တောင့်တင်းခိုင်မာစေရန် စက်အင်အား၊ လူအင်အားများဖြင့် ကြိုတင်ပြုပြင်ခြင်း၊

(ခ) ကမ်းရိုးပြိုခြင်း၊ လှိုင်းရိုက်၍တာပြိုခြင်း၊ တာမြေမှရေစိမ့်ခြင်း၊ သဲဗွက်ထခြင်းနှင့် တာအိတာလျောခြင်းများ မဖြစ်စေရန် ချွတ်ယွင်းချက်ရှိသောနေရာများကို အချိန်မီပြီးစီးအောင် ပြင်ဆင်ခြင်း၊

(ဂ) မိုးရာသီရောက်ရှိလျှင် သတ်မှတ်ချက်အတိုင်း ရေကင်းတဲများ တည်ဆောက်ခြင်းနှင့် အရေးပေါ်ကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းခြင်း၊

(ဃ) မြေပြင်အခြေအနေအရ ရေကင်းစောင့်အဖွဲ့များဖွဲ့၍ တာဝန်ချထားခြင်းနှင့် အချိန်ပြည့်ဆက်သွယ်နိုင်သော ဆက်သွယ်ရေးစခန်းများ ထားရှိခြင်း၊

(င) စိုးရိမ်ရေမှတ်ရောက်ချိန်မှစ၍ ရေပြန်ကျသည့်အချိန်အထိ အထူးကိစ္စအနေဖြင့် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ မပျက်မကွက် သတင်းပေးပို့ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ရေဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ ရေးဆွဲထားရှိခြင်း၊

(ဆ) ရေဘေးအန္တရာယ် ကျရောက်နိုင်သောဒေသရှိ ပြည်သူများကို ကြိုတင်အသိပေးခြင်းနှင့် အရေးပေါ်အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊

(ဇ) အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တာတမံ မကျိုးပေါက်စေရန်အတွက် လိုအပ်သောလုပ်အားနှင့် အထောက်အကူပစ္စည်း အကူအညီ ရရှိရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၅။ တာတမံကျိုးပေါက်ပျက်စီးနိုင်သည့် အန္တရာယ်ကျရောက်လျှင် ခရိုင်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေဘေးအန္တရာယ် ကျရောက်နိုင်သော တာတမံများကို ကာကွယ်ရန် ရေကင်းစောင့်အဖွဲ့များဖွဲ့စည်း၍ တာဝန်ချထားမည့် အစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်အားပေးနိုင်မည့် လူစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြစေခြင်း၊

(ဂ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲရန်လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့် အခြားပစ္စည်းများ သယ်ယူရန်ယာဉ်တို့ကို နီးကပ်ရာဒေသများမှ ရယူအသုံးပြုခြင်း။

၁၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ) ပါ အရေးပေါ်လုပ်သားစာရင်းကို ခရိုင်တာတမံအရာရှိထံ ပေးပို့ရမည်။

၁၇။ ခရိုင်တာတမံအရာရှိ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်းခံရသည့် မြို့နယ်တာတမံအရာရှိသည် ပုဒ်မ ၁၆ အရ လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

၁၈။ ပုဒ်မ ၁၇ ပါ တာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်တာတမံအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

၁၉။ (က) အရေးပေါ်လုပ်သားများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများ ရယူသုံးစွဲခြင်းနှင့်သယ်ယူခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများ ဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန်လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်တာတမံအရာရှိက ဒေသအလိုက် အမြင့်ဆုံးဈေးနှုန်းဖြင့် သက်ဆိုင်သူများသို့ ဆောလျင်စွာ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ငွေပမာဏနှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

*စာမျက်နှာ ၉ သို့*

# မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်မှစတင်ကာ သုံးရက်တာကျင်းပသွားမည်

**ရှင်မင်း၊ ဓာတ်ပုံ-ကေကေ**

**မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဩဂုတ် ၁၁ ရက်မှ စတင်ပြီး သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းအတွက် ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်သည့် အဆိုပါဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-**



ဦးမြင့်ကျော်
ဒုတိယအမြဲတမ်းအတွင်းဝန်



ဦးကျော်စိုး( ဦးဆောင်ညွှန်ကြားရေးမှူး)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း



ဦးအေးကြွယ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**ဦးမြင့်ကျော်**
**ဒုတိယအမြဲတမ်းအတွင်းဝန်**

ကျွန်တော်တို့ ဒီဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီအကူးအပြောင်းမှာ ပြည်သူတွေ ကြုံတွေ့နေရတဲ့ အခြေအနေတွေ၊ အစိုးရအဖွဲ့ကြုံတွေ့နေရတဲ့ အခြေအနေတွေ၊ နယ်ပယ်အသီးသီးမှာ ကြုံတွေ့နေရတဲ့ အခြေအနေတွေကို သုံးသပ်နိုင်ဖို့ ဒီဖိုရမ်ကို ကျင်းပတာ ဖြစ်ပါတယ်။

ဖိုရမ်မှာ ပြည်တွင်း အဖွဲ့အစည်းအသီးသီးက ပညာရှင်တွေ၊ ကျွမ်းကျင်ပုဂ္ဂိုလ်တွေသာမက နိုင်ငံတကာက ပညာရှင်တွေလည်းပါပါတယ်။ နိုင်ငံတကာပညာရှင်တွေလို့ ဆိုရာမှာ နိုင်ငံရဲ့အကူးအပြောင်းကာလတွေမှာ လက်တွေ့ကျကျ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့သူတွေကို ဖိတ်ခေါ်ပြီး ပါဝင်ဆွေးနွေးစေတာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ တပ်မတော်အုပ်ချုပ်မှုကနေ အရပ်ဘက်အုပ်ချုပ်မှုကို ပြောင်းလဲတဲ့အခါ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့တဲ့ ဒုတိယဗိုလ်ချုပ်ကြီး Widjojo လို ထူးခြားတဲ့ ပုဂ္ဂိုလ်မျိုးလည်း ဒီဖိုရမ်မှာ ပါဝင်တက်ရောက်ဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ အကူးအပြောင်းမှာ သူတို့ဆောင်ရွက်ခဲ့တာတွေ၊ တွေ့ကြုံခဲ့တာတွေ၊ လက်တွေ့လုပ်ဆောင်တဲ့အခါ ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့အရာတွေက ကျွန်တော်တို့ နိုင်ငံအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ သီအိုရီအပိုင်းမှာလည်း ကျွမ်းကျင်နှံ့စပ်တဲ့ ပညာရှင်တွေ ဥပမာ Centre for Humanitarian Dialogue က ပညာရှင်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ သီအိုရီအပိုင်းကရော လက်တွေ့ပိုင်းကပါ သိရှိအောင် လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီဖိုရမ်ကို အောင်မြင်စွာ ကျင်းပနိုင်အောင် ကြိုးစားလုပ်ဆောင်နေပါတယ်။ ပထမဆုံး လုပ်တာဖြစ်တဲ့အတွက် လိုအပ်ချက်တွေ ရှိနိုင်ပါတယ်။

ဖိုရမ်က ရရှိလာတဲ့ အကျိုးရလဒ်တွေကို ပြည်သူတွေ သိရှိစေချင်ပါတယ်။ ပါဝင် ဆွေးနွေးမယ့်သူတွေ အပါအဝင် တက်ရောက်မယ့်သူ ၂၀၀ ကို ဖိတ်ကြားထားပါတယ်။ မီဒီယာတွေ ကန့်သတ်ချက်မရှိဘဲ ဖိုရမ်အစကနေ အဆုံးအထိ သတင်းရယူနိုင်ဖို့ ဆောင်ရွက်ပေးထားပါတယ်။ တက်ရောက်မယ့် မီဒီယာတွေအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနမှ Registration လုပ်ဖို့လည်း ဖိတ်ခေါ်ထားပါတယ်။ မီဒီယာတွေ သတင်းရယူတာ အဆင်ပြေအောင် Media Center ကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒီဖိုရမ်မှာ တစ်ရက်ကို ခေါင်းစဉ်နှစ်ခုနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ခေါင်းစဉ်တစ်ခုကို ပြည်ပပညာရှင်တွေက စာတမ်းဖတ်ပြီး ဆွေးနွေးမယ်၊ ပြီးရင် ပြည်တွင်းပညာရှင်တွေက Panel Discussion အနေနဲ့ ဆွေးနွေးမယ်။ ပထမနေ့မှာ ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်း၊ တပ်မတော်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေး အကူးအပြောင်း အခြေအနေတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒုတိယနေ့မှာ ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးဆီသို့ အကူးအပြောင်း၊ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးသို့ အကူးအပြောင်းခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ တတိယနေ့မှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှာ မီဒီယာတွေရဲ့ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံရဲ့ အကူးအပြောင်းဟာ ဘယ်နေရာမှာရောက်နေပြီလဲဆိုတဲ့ ခေါင်းစဉ်တွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဖိုရမ်မှာ တစ်ခုထူးခြားတာက ဆွေးနွေးမယ့် ခေါင်းစဉ်တိုင်းမှာ အမျိုးသမီးတွေ ပါဝင်ပါတယ်။ ဒီလို ခေါင်းစဉ်ခြောက်ခုလုံး ဆွေးနွေးပြီးသွားရင် မြန်မာနိုင်ငံအကူးအပြောင်းအတွက် သံတမန်တွေရဲ့ စကားဝိုင်းကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီသံတမန် စကားဝိုင်းအတွက် တရုတ်၊ နော်ဝေ၊ ဂျပန်၊ စင်ကာပူ၊ အမေရိကန်နိုင်ငံတွေက သံအမတ်ကြီးတွေကို ဖိတ်ခေါ်ထားပါတယ်။ ပြီးရင် ဖိုရမ်သုံးရက်တာမှာ ဆွေးနွေးခဲ့တာတွေကို ပြန်လည်သုံးသပ်တာကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါက ဖိုရမ်ကျင်းပသွားမယ့် အခြေအနေဖြစ်ပါတယ်။

ဖိုရမ်ကို ပြည်ပပညာရှင် ၁၃ ဦး၊ Panel မှာ ပါဝင်ဆွေးနွေးမယ့် သံအမတ်ကြီး နှစ်ဦးအပါအဝင် သံအမတ်ကြီး ခုနစ်ဦးကို ဖိတ်ကြားခဲ့ပါတယ်။ ပြည်တွင်းက ၂၄ ဦး ဖိတ်ကြားထားတဲ့အတွက် စုစုပေါင်း ၄၄ ဦး ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီဖိုရမ်ကို တက်ရောက်ဖို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဝန်ကြီးတွေနဲ့ ဝန်ကြီးချုပ်တွေ၊ နိုင်ငံတကာ သံတမန်အဖွဲ့တွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့တွေ၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆက်စပ်ဆောင်ရွက်နေတဲ့ မီဒီယာအဖွဲ့အစည်းတွေနဲ့ ဖိတ်ကြားသင့်ဖိတ်ကြားထိုက်တဲ့ ပုဂ္ဂိုလ်တွေ စုစုပေါင်း ၂၀၀ ကို ဖိတ်ကြားဖို့ စီစဉ်ထားပြီးတော့ ဖိုရမ်တက်ရောက်ဖို့ Participant ကတ်တွေကို စီစဉ်ထားပါတယ်။

ပြည်သူတွေကိုလည်း တက်ရောက်လေ့လာစေချင်ပါတယ်။ ဒါကြောင့် တက်ရောက်လိုတဲ့ ပုဂ္ဂိုလ်တွေ တက်ရောက်လေ့လာလို့ရအောင် Registration လုပ်ပြီး တက်ရောက်နိုင်အောင် စီစဉ်ထားပါတယ်။

ဒီဖိုရမ်ကနေ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဟာ ဘယ်အဆင့်ကို ရောက်နေပြီလဲဆိုတာ၊ ရှေ့ဆက်ပြောင်းလဲသွားမယ့် အကူးအပြောင်းမှာ ဘာတွေလုပ်သင့်တယ်၊ ဘာတွေလုပ်နိုင်တယ်ဆိုတာနဲ့ အားသာချက်၊ အားနည်းချက်တွေကို ဆွေးနွေးမှုတွေကနေ သိရှိရပြီဆိုရင် ဆက်လုပ်မယ့် အရာတွေကိုလည်း သိရှိလာမယ်လို့ ထင်မြင်မိပါတယ်။

ဒီဖိုရမ်က နယ်ပယ်ကျယ်ပြန့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပထမဆုံး အတွေ့အကြုံလည်းဖြစ်ပါတယ်။ ဒီလိုဖိုရမ်မျိုး အရင်ကလည်း မလုပ်ဖူးတဲ့အတွက် လိုအပ်ချက်တွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ပြည်သူအတွက်၊ နိုင်ငံအတွက် အကောင်းဆုံး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်ချက်တွေ ဖြစ်ပေါ်ခဲ့ရင် နားလည်ပေးဖို့နဲ့ ဘာတွေလိုအပ်တယ်ဆိုတာ အကြံပြုပေးဖို့ ပြောကြားလိုပါတယ်။

**ဦးကျော်စိုး( ဦးဆောင်ညွှန်ကြားရေးမှူး)**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

ဒီဖိုရမ်ကို ပြည်သူတွေရဲ့ အကျိုးစီးပွားတိုးတက်မြင့်မားစေဖို့ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနဲ့ ပူးပေါင်းပြီး ကဏ္ဍအလိုက် ရည်မှန်းချက်တွေ ပိုမိုအောင်မြင်စေနိုင်ဖို့ ကျင်းပတာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီဖိုရမ်မှာ မှတ်တမ်းတင်ရေးနဲ့ သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လုပ်ငန်းတာဝန် လေးခုသတ်မှတ်ထားပြီး မီဒီယာတွေ ဖိတ်ကြားခြင်း၊ ဖိုရမ်နဲ့ ပတ်သက်တာတွေ မှတ်တမ်းတင်ခြင်း၊ မီဒီယာတွေ လွတ်လပ်စွာ သတင်းရယူနိုင်ဖို့ ကူညီဆောင်ရွက်ပေးခြင်းနဲ့ မီဒီယာသမားတွေအတွက် ဝင်ခွင့်ကတ်တွေ ဆောင်ရွက်ခြင်း စတာတွေဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မီဒီယာစင်တာဖွင့်ပြီး မှတ်တမ်းတင်ရေးနဲ့ သတင်းထုတ်ပြန်ရေး ဆိုင်ရာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖိုရမ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ရုပ်သံအနေနဲ့ရော Print အနေနဲ့ပါ မှတ်တမ်းတင်ပြီး မှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ဖို့ကို တခြားဆပ်ကော်မတီတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ မီဒီယာတွေ သတင်းပိုင်းဆိုင်ရာ လုပ်ဆောင်ရာမှာ အဆင်ပြေဖို့ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်အောင် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ဖိုရမ် ကျင်းပမှာကို ဩဂုတ်လ ၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြပြီးဖြစ်ပါတယ်။ ပြီးတော့ ဩဂုတ်လ ၄ ရက်နေ့ထုတ် သတင်းစာတွေမှာလည်း တက်ရောက်လေ့လာမယ့်သူတွေ၊ မီဒီယာတွေအတွက် Registration ဆောင်ရွက်နိုင်ဖို့ ဖော်ပြပြီးဖြစ်ပါတယ်။

ဖိုရမ်ကရရှိလာတဲ့ ဆွေးနွေးချက်ရလဒ်တွေဟာ နိုင်ငံအတွက် အလားအလာကောင်းတွေ၊ အခြေအနေကောင်းတွေ ရရှိမယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မီဒီယာပိုင်းဆိုင်ရာ၊ သတင်းပိုင်းဆိုင်ရာမှာ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဖိုရမ်နဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဩဂုတ်လ ၉ ရက်နေ့မှာ မှတ်ပုံတင်ထားတဲ့သူတွေကို ပြန်ကြားရေးဝန်ကြီးဌာနမှာ ဝင်ထွက်ခွင့်ကတ်တွေကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။

**ဦးအေးကြွယ်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ပြန်ကြားရေးနှင့်**
**ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အပြောင်းအလဲကို အားလုံးက စိတ်ဝင်စားနေကြပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဟာ အခြားဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ မတူညီတဲ့ အချက်တွေ အများကြီးရှိပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နောက်ခံအခြေအနေတွေ၊ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ လူတန်းစားအလွှာအသီးသီးရဲ့ တည်ရှိနေပုံတွေ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ အခြေအနေတွေဟာ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနဲ့ အများကြီး ဆက်စပ်နေပါတယ်။

လက်ရှိအစိုးရအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပါ ဆောင်ရွက်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့ မကိုက်ညီတော့တဲ့ ကျင့်ထုံးတွေ၊ Institutions တွေကို ကိုက်ညီမယ့်အရာတွေနဲ့ ပြောင်းလဲပြင်ဆင်နေရပါတယ်။ ဒီလိုအခြေအနေတွေကို နိုင်ငံတကာအသိုင်းအဝိုင်းရော၊ ပြည်တွင်းက ပါဝင်ပတ်သက်ဆက်စပ်သူ အားလုံးကိုရော သိစေနိုင်ဖို့ ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပြီးတော့ အားလုံးရဲ့ သုံးသပ်အကြံပြုချက်တွေကို ဖိုရမ်ကနေ ရယူသွားမှာဖြစ်ပါတယ်။

---

*စာမျက်နှာ ၈ မှ*

စာမျက်နှာ ၈ မှ

**အခန်း (၆)**
**တားမြစ်ချက်များ**

၂၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံ၏ မြေလွှာကို ပျက်စီးစေနိုင်သည့် တူးဆွခြင်း၊ လှေ၊ သစ်ပင်၊ သစ်တုံး၊ ဝါး၊ ဝါးစည်းစသည့် ပစ္စည်းများကို တာတမံပေါ်မှ ဖြတ်ဆွဲခြင်းမပြုရ။

၂၁။ မည်သူမျှ တာတမံခိုင်ခံ့မှုကိုဖြစ်စေ၊ တာတမံကို အထောက်အကူပြုသည့် အဆောက်အအုံများကိုဖြစ်စေ ပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။

၂၂။ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏ နယ်နိမိတ်အတွင်းတွင်လည်းကောင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမွေးမြူခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်ယန္တရားတစ်ခုခု ထားရှိအသုံးပြုခြင်းမပြုရ။

၂၃။ မည်သူမျှ တာတမံပေါ်တွင်ဖြစ်စေ၊ တာတမံ၏ နယ်နိမိတ်အတွင်းတွင်ဖြစ်စေ တိရစ္ဆာန်တို့ကို လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်းမပြုရ။

၂၄။ မည်သူမျှ ဦးစီးဌာနက မိုးရေတိုက်စားမှုကာကွယ်ရန် တာတမံပေါ်တွင် ထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့် အကာအကွယ်ပစ္စည်းတို့ကို ဖျက်ဆီးခြင်းမပြုရ။

၂၅။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံနှင့်ဆက်စပ်နေသည့် ရေနုတ်မြောင်း သို့မဟုတ် ရေတံခါးကို ပိတ်ပင်တားဆီးခြင်း သို့မဟုတ် ရေစီးရေလာ နှောင့်နှေးအောင် ပြုလုပ်ခြင်းမပြုရ။

၂၆။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံပေါ်တွင် ယာဉ်များဖြတ်သန်းမောင်းနှင်ခြင်းမပြုရ။

၂၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာအတွင်း တာတမံတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းမပြုရ။

**အခန်း(၇)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၈။ မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နှင့် ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၀၊ ၂၃၊ ၂၄ နှင့် ၂၆ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၈)**
**အထွေထွေ**

၃၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ The Embankment Act. (Burma Act IV, 1909.) အရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၃။ The Embankment Act. (Burma Act IV, 1909.) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာ ဘာသာရေးအခမ်းအနားများတွင်အသုံးပြုရန် မြန်မာ့သစ်လုပ်ငန်းက ပန်းရွှေမောင်အမည်ရှိ ဆင်ထီး/ ဆင်တစ်စီး ကို စွယ်စုံဆင်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၈**

နှစ်နိုင်ငံချစ်ကြည်ရေးအရ သီရိလင်္ကာဆိုရှယ်လစ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဗုဒ္ဓဘာသာ ဘာသာရေးအခမ်းအနားများတွင် အသုံးပြုနိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက စွယ်စုံ ဆင်ထီး/စုံ ၆၂၈၂ ဆင် အမည် ပန်းရွှေမောင်ကို သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်သို့ လှူဒါန်းပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ဆင်နှင့်ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်းများကို သံရုံးတာဝန်ရှိသူထံ ပေးအပ်သည်။

အခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်းမှ အရာရှိများ၊ သီရိလင်္ကာဆိုရှယ်လစ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ အရာထမ်းများနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# မောင်တောခရိုင်တွင် မူလတန်းပြဆရာ ၅၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိ



**ဖားဝပ်ချောင်းကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၌ စာသင်ကြားနေမှုကိုတွေ့ရစဉ်**

**မောင်တော ဩဂုတ် ၈**

မောင်တောခရိုင် မောင်တောမြို့နယ် နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် အမျိုးသား ကျောင်းဆရာဦးရေ ၅၂၀ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

မောင်တောမြို့နယ်တွင် အသက် ၃၅ နှစ်အောက် နေ့စားလပေး အမျိုးသားကျောင်းဆရာ ၂၇၉ ဦးနှင့် ဘူးသီးတောင် မြို့နယ်တွင် ၂၄၁ ဦး စုစုပေါင်း အမျိုးသားကျောင်းဆရာ ဦးရေ ၅၂၀ မောင်တောခရိုင်ရှိ မူလတန်းကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောကြားသည်။

မောင်တောခရိုင်တွင် မူလတန်းပြများကို အမျိုးသားဆရာများသာ ခန့်ထားရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ညွှန်ကြားချက်ထုတ်ပြန်ပြီးနောက် ပထမ အဆင့်အနေဖြင့် မောင်တောမြို့နယ် နှင့် ဘူးသီးတောင်မြို့နယ်များရှိ ဝေးလံခေါင်ဖျားသော ကျောင်းများတွင် အခြား မြို့နယ်များမှ လာရောက်တာဝန်ထမ်းဆောင်နေကြသော မူလတန်းပြဆရာမများကို မိမိမြို့နယ်နှင့်နီးစပ်ရာ မြို့နယ်များသို့ ပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်ရှိ ဒေသခံဆရာမများအနက် ဝေးလံခေါင်ဖျားသော ကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာမများကို မြို့နှင့်နီးစပ်သည့် ကျောင်းများသို့ ပြောင်းရွှေ့ပေးထားပြီးဖြစ်သည်။

"ဖားဝပ်ချောင်းမှာ စာသင်နေတာကတော့ အဆင်ပြေပါတယ်။ အစိုးရက ကျွန်တော်တို့နေဖို့ သီးသန့်အဆောင်တွေဆောက်ပေးထားတဲ့အတွက် သွားရေးလာရေးလည်းအဆင်ပြေပါတယ်။ သင်ကြားရေးပိုင်းအနေနဲ့ ဘာသာစကား အနည်းငယ်အခက်အခဲရှိပါတယ်။ ဒီဒေသမှာ အမျိုးသမီးဆရာမတွေအစား အမျိုးသားဆရာတွေ ခန့်ထားပေးတာ ကောင်းတယ်လို့ယူဆပါတယ်။ ကျောင်းဆရာဖြစ်ရတာ ဂုဏ်ယူပါတယ်"ဟု အစားထိုးခန့်အပ်ခြင်းခံထားရသော ဖားဝပ်ချောင်းကျေးရွာအုပ်စု မူလတန်းလွန်ကျောင်းမှ ဆရာ ဦးသန်းဖေက ပြောကြားသည်။

မောင်တောခရိုင်တွင် ဘွန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း အပါအဝင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၀၈ ကျောင်းရှိသည်။

မောင်တောခရိုင်အနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၃၀၅၄ ဦးအနက် အောင်မြင်သူ ၃၄၁ ဦး ရှိပြီး အောင်ချက် ရာခိုင်နှုန်း ၁၁ ဒသမ ၁၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

# မြန်မာနိုင်ငံ၌ လူထုအခြေပြုရေဒီယိုစီမံကိန်း စတင်အကောင်အထည်ဖော်

**ရန်ကုန် ဩဂုတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် DW Akademie တို့အကြား ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြုရေဒီယိုစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ယနေ့ နံနက် နေ့ခင်းပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသော နှစ်ဖက်နားလည်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲမှ သိရသည်။

"ထန်းတပင်လူထုအခြေပြု ရေဒီယိုဟာ ပိုင်းလော့ပရောဂျက်အဖြစ် စတင်အကောင်အထည်ဖော်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့လက်ရှိပြုပြင်ရေးဆွဲနေတဲ့ Broadcasting Law ပြီးသွားရင် Law အရပေါ်ထွက်လာမယ့် Broadcasting Council ပေါ်ပေါက်လာပြီး လိုင်စင်တွေပေးရမယ်။ Community Radio Licence က မဖြစ်မနေပေးကို ပေးရပါမယ်။ အဲဒီလိုပေးရင် Community Radio နဲ့ ပတ်သက်တဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ ဒါတွေကို Council ကနေ ထုတ်ပြန်ရမှာဖြစ်ပါတယ်။ ထုတ်ပြန်တဲ့အ ခါ Community Radio နဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာအတွေ့အကြုံမရှိသေးဘူး။ အဲဒီအတွက် ဒီမှာ သတ်မှတ်မယ့် စည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဘယ်လိုသတ်မှတ်မလဲဆိုတဲ့ အခက်အခဲလေးတွေက ရှိလာနိုင်ပါတယ်။ ဒါကြောင့် ထန်းတပင် Community Radio ရှေ့ပြေးစီမံကိန်းကို စတင်အကောင်အထည်ဖော်တာဖြစ်ပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကပြောသည်။ အဆိုပါ လူထုအခြေပြု ရှေ့ပြေးစီမံကိန်းအတွက် နည်းပညာနှင့် စက်ပစ္စည်းများကို DW က ကူညီပေးမည်ဖြစ်ပြီး ထန်းတပင်မြို့နယ် တက်သစ်စကျွန်းကျေးရွာအခြေစိုက် စုပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က မြန်မာ့အသံနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ DW အနေနဲ့က စက်ပစ္စည်းနဲ့ သယ်ယူစရိတ်လောက်သာ ကူညီထောက်ပံ့ပေးရတာဖြစ်လို့ တခြားလိုင်းတွေနဲ့စာရင် ပြောပနိုင်လောက်တဲ့ ကုန်ကျမှုမျိုး ကြီးကြီးမားမားမရှိပါဘူး။ လူထုလုပ်အားပေးဆောင်ရွက်ရတာဖြစ်လို့ ကုန်ကျမှုအတော်လေးကိုနည်းပါတယ်။ တချို့နိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်တာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီလူထုအခြေပြု ရေဒီယိုလုပ်ငန်းဟာ အောင်မြင်မယ့်လုပ်ငန်းတစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု DW Akademie မှ Country Manager Mr. Patrick Benning က ပြောသည်။

ထန်းတပင်လူထုအခြေပြု ရေဒီယိုရှေ့ပြေးစီမံကိန်းသည် ရပ်ရွာလူထုအခြေပြု လူမှုအသိုင်းအဝိုင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးရန်အတွက်လည်းကောင်း၊ တိုင်းရင်းသား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးမတူကွဲပြားမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်အတွက်လည်းကောင်း၊ အများပြည်သူကိုယ်စားပြုခြင်းနှင့်လူနည်းစုအုပ်စုများအတွက် အကျိုးအမြတ်စီးပွားဖြစ်မဟုတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း (Community Radio) ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ ထန်းတပင်လူထုအခြေပြု ရေဒီယိုရှေ့ပြေးစီမံကိန်းကို လာမည့် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း အလားတူ လူထုအခြေပြုရေဒီယိုထုတ်လွှင့်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**ထန်းတပင်လူထုအခြေပြု ရေဒီယိုရှေ့ပြေးစီမံကိန်းဆိုင်ရာ နှစ်ဖက်နားလည်မှုသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက် နှုတ်ဆက်စဉ်** ဓာတ်ပုံ-မင်းထက်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် DW Akademie တို့အကြား ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြုရေဒီယိုစီမံကိန်း စတင်အကောင်အထည်ဖော်မည့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၅၁ ရွာမှ ပြည်သူအဖွဲ့ဝင်ဦးရေ ၃၆၆၈ ဦးတို့က ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြန်မာ-ဂျပန်စင်တာမှ ပြည်တွင်းစီးပွားရေးအကြံပေးပညာရှင်များ မွေးထုတ်မည်

**နေပြည်တော် ဩဂုတ် ၈**

၂၀၁၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာ-ဂျပန်စင်တာမှ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိပြီး ယခုအခါ လုပ်ငန်းစဉ် Phase 2 အဖြစ် စီမံခန့်ခွဲမှုနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၁၈ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ သုံးနှစ်တာ ဆက်လက်ဆောင်ရွက်သွားရန် ဩဂုတ် ၇ ရက် က ကုန်သည်စက်မှုအသင်းချုပ်နှင့် JICA မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အခြေစိုက်ဖွင့်လှစ်ထားသည့် မြန်မာ-ဂျပန်စင်တာ (The Myanmar-Japan Center for Human Resources Development) ကို ကုန်သည်စက်မှုအသင်းချုပ်နှင့် JICA တို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ပြီး ပထမအဆင့်လုပ်ငန်းစဉ် Phase 1 မှာ အောင်မြင်မှုရရှိခဲ့သည့်အတွက် ဒုတိယအဆင့်အဖြစ် တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဩဂုတ် ၇ရက်က ကုန်သည်စက်မှုအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် JICA Industrial Development and Public Policy Department မှ ဒါရိုက်တာ Mr.Tanaka Shinichi တို့ ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ယင်းတွေ့ဆုံပွဲတွင် စင်တာမှတစ်ဆင့် စီးပွားရေးလုပ်ငန်း အကြံပေးသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပြီး ပြည်တွင်း စီးပွားရေး အကြံပေးပညာရှင်များကိုလည်း မွေးထုတ်ပေးနိုင်ရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် စီးပွားစီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်စုစုပေါင်း ၁၂ခုတို့တွင် ကျင်းပနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း ပွင့်လင်းရာသီမှ စတင်ကာ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားနိုင်ရန် ညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ဂျပန်စင်တာသည် စီမံခန့်ခွဲမှုနှင့် လုပ်ငန်းအုပ်ချုပ်သူများကို ပိုမိုအရည်အချင်းပြည့်ဝလာစေရန် ရည်ရွယ်ပြီး ကုန်သည်စက်မှုအသင်းချုပ် သင်တန်းကျောင်းအနေဖြင့် လူငယ်လူရွယ်များနှင့် လုပ်သားများအတွက် စီစဉ် ဖွင့်လှစ်ခြင်းဖြစ်သည်။ အသင်းချုပ် TVET သင်တန်းကျောင်း၌လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို သီးသန့်ဖွင့်လှစ်လျက်ရှိပြီး Myanmar Productivity Center တွင်လည်း မြန်မာ့လုပ်ငန်းအသီးသီး၏ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်နိုင်စွမ်းအား မြှင့်တင်ရေးအတွက် သင်တန်းများ၊ အနီးကပ်သင်ကြားမှုများကိုလည်း စီစဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ရတနာ**

# (၂၉) နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံအထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက်(ယနေ့)တွင် ကျရောက်သော (၂၉)နှစ်မြောက်ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဓမ္မပီယ ကျောင်းတိုက်၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တက်ရောက်လာသူများက မြန်မာပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်းကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲအဆက်ဆက်တွင် ကျဆုံးခဲ့ရသည့် ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းများ ပြုလုပ်သည်။

ထို့နောက် နိုင်ငံရေးအကျဉ်းသားဟောင်း တေးရေးဆရာ နိုင်မြန်မာ ရေးသားသီကုံးသော ကမ္ဘာမကျေဘူး တေးသီချင်းအား အဆိုတော်ကိုမွန်းအောင်နှင့် တက်ရောက်လာသူများက သံပြိုင်သီဆိုကြသည်။

ယင်းနောက် ရှစ်လေးလုံးဒီမိုကရေစီလူထုအရေးတော်ပုံ (၂၉)နှစ်မြောက် အခမ်းအနားအတွက် ဦးမင်းကိုနိုင်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံ (၂၉)နှစ်မြောက် ကျင်းပရေးကော်မတီမှ ထုတ်ပြန်သော ကြေညာချက်အား မအိအိမိုးက ဖတ်ကြားပြီး ရှစ်လေးလုံးဒီမိုကရေစီလူထု အရေးတော်ပုံအခမ်းအနားတွင် အဖွဲ့အစည်းအသီးသီးမှ ပေးပို့သောသဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်သည်။

ယနေ့ ဓမ္မပီယကျောင်းတိုက်တွင် ကျင်းပသည့် (၂၉)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနားတွင် ကာတွန်းပြပွဲပြသပြီး ရှစ်လေးလုံးအရေးတော်ပုံမှတ်တမ်းများကို ပရိဂျက်တာဖြင့် ပြသသည်။

ထို့အတူ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ဇာလီတောင်အိမ်ရာ အမှတ်(၁၀၆) တိုက်(က-၁)ရှိ ၈၈၈၈ သမိုင်းပြတိုက်တွင်လည်း ရှစ်လေးလုံး အရေးတော်ပုံကာလအတွင်း ဖြစ်ပျက်ခဲ့သည့် မှတ်တမ်းများကို ဗီဒီယိုခွေဖြင့် ပြသခြင်း၊ အဆိုပါကာလက အသုံးပြုခဲ့သည့်အလံများ၊ လက်လှည့်စာကူးစက်၊ လက်ပတ်၊ ခေါင်းစည်း၊ သတင်းစာ၊ စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို ပြသထားရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**






# ရှစ်လေးလုံး အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်၏ အဓိကအရေးပါသော နေ့တစ်နေ့ဖြစ်သည့် ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့် ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ တရားမျှတရေး၊ဒီမိုကရေစီအရေးတို့အတွက် အသက်ပေးလှူခဲ့ကြသူများအတွက်ရည်စူး၍ ဂုဏ်ပြုလွမ်းသူ့ပန်းခွေချအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး၌ ကျင်းပသည်။ **(အောက်ပုံ)**

"ဒီကနေ့ကတော့ မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ရဲ့ အရေးပါတဲ့ ၈၈၈၈ နေ့ဖြစ်ပါတယ်။ ဒီအရေးအခင်းဟာ မြန်မာပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့နေ့ ဖြစ်ပါတယ်။ အရေးအခင်းကာလမှာ အသက်ပေးသွားတဲ့သူတွေကို သတိရနေရမှာဖြစ်ပါတယ်။ ဒီမိုကရေစီပြောင်းလဲမှုအတွက် အရေးပါတဲ့ အရေးအခင်းလည်းဖြစ်ပါတယ်။ အရေးအခင်းကာလတုန်းကတော့ တစ်လပြည့်၊ နှစ်လပြည့်၊ သုံးလပြည့်၊ ခြောက်လပြည့်ကျင်းပခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ပါဘူး။ ၂၀၁၂ ခုနှစ်မှာတော့ ဒီ ၈၈၈၈ နေ့ လွမ်းသူ့ပန်းခွေချတာ ပြန်လည်ပြုလုပ်ခဲ့ပြီး ဒီနှစ်မှာတော့ ခြောက်ကြိမ်ရှိသွားပြီဖြစ်ပါတယ်"ဟု မေတ္တာကမ်ပိန်းမှ တာဝန်ခံကိုဆန်းတင်ကျော်ကပြောသည်။

လက်ရှိ နိုင်ငံတော်အစိုးရသည် ပြည်သူကရွေးကောက်တင်မြှောက်ထားသော အစိုးရဖြစ်သည့်အတွက် ဒီမိုကရေစီကြိုးပမ်းမှုဖြစ်စဉ်အတွင်း ပေးဆပ်ခဲ့ရသူများ၏ မိသားစုဝင်များအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခက်အခဲများကို တတ်အားသရွေ့ ကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ၎င်းကပြောသည်။

အဆိုပါအခမ်းအနားသို့ မေတ္တာကမ်ပိန်းမှ တက်ကြွသူများ အပါအဝင် လူပေါင်း ၅၀၀ ကျော်တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း၊ အခမ်းအနားကို နံနက် ၈ နာရီ ၈ မိနစ်တွင် ကျင်းပပြီး နံနက် ၁၁ နာရီတွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# ပျက်ကျ Y-8 လေယာဉ်၏ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ



**နေပြည်တော် ဩဂုတ် ၈**

တပ်မတော် (ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများ ထပ်မံရှာဖွေတွေ့ရှိရန် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေသုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ဩဂုတ် ၇ ရက်ညနေ ၃ နာရီ ၄၅ မိနစ်တွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါပုံ)** **(မြဝတီ)**



# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ စာတမ်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်များကိုအခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း(၁၃)စောင်နှင့် သန်းခေါင်စာရင်းရလဒ်မြေပုံများကို ပြုစုလျက်ရှိရာ မွေးဖွားခြင်းနှင့်လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ လူဦးရေပြောင်းလဲခြင်း၊ လူဦးရေခန့်မှန်းခြင်း၊ လုပ်သားအင်အားအကြောင်းအရာနှင့် ပညာရေးအကြောင်းအရာစသည့် သုတေသနစာတမ်းများအား ထုတ်ပြန်ခဲ့ပြီးနောက် ယခုအခါ ဆန်းစစ်လေ့လာပြုစုပြီးဖြစ်သည့် အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများစာတမ်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသနစာတမ်းတွင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် အိမ်၏ဝိသေသလက္ခဏာများကို အဓိကညွှန်ပြနေသည့် အိမ်အကြောင်းအရာများ၊ နေအိမ်အမျိုးအစားနှင့် နေအိမ်ပိုင်ဆိုင်မှု၊ အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစား၊ အစားအစာချက်ပြုတ်စားသောက်ရန်အတွက် အဓိကအသုံးပြုသည့်လောင်စာ၊ သောက်ရေအတွက် အဓိကအသုံးပြုသည့်ရေအရင်းအမြစ်များ၊ အသုံးပြုသည့်အိမ်သာအမျိုးအစား၊ နေအိမ်များတွင် အမိုး၊ အကာနှင့် အခင်းအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ရရှိအသုံးပြုနိုင်မှုအခြေအနေများကို လေ့လာသုံးသပ်တင်ပြထားသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များအရ အိမ်ထောင်စုအများစုသည် အိမ်ပိုင်ဆိုင်ကြပြီး သန့်ရှင်းသော သောက်ရေအရင်းအမြစ်များကိုရရှိ၍ သန့်ရှင်းသော ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲလျက်ရှိကြောင်းနှင့် သန့်ရှင်းသော သောက်ရေအရင်းအမြစ်များရရှိမှုနှုန်းသည် ၆၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး သန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှုနှုန်းသည် ၇၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ သို့ရာတွင် ဒေသအလိုက်ဆန်းစစ်လေ့လာရာ၌ နေအိမ်ဆောက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများသုံးစွဲနိုင်မှုစသည့် အချို့သောအဓိကညွှန်ကိန်းများတွင် မြို့ပြနှင့် ကျေးလက်ဒေသများအကြား၊ ခရိုင်များအကြား၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား ကွာခြားချက်ကြီးမားကြောင်း တွေ့ရှိရပြီး နေအိမ်အများစုမှာ ဝါး၊ ဓနိ၊ သက်ငယ်စသည့် နှစ်တိုခံပစ္စည်းများဖြင့် ဆောက်လုပ်ထားသဖြင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း တွေ့ရှိရသည်။

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှုတွင် သစ်သားကို အခြေခံသော လောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ထင်း၊ မီးသွေး/လောင်စာတောင့် သုံးစွဲမှုသည် ၈၁ ရာခိုင်နှုန်းကျော်ရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည့်အပြင် ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းစေနိုင်သောကြောင့် အိမ်အတွင်း လေကောင်းလေသန့်ရရှိမှုနည်းပါးပြီး အိမ်ထောင်စုဝင်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရသည်။

အဆိုပါ စာတမ်းတွင် ပြုစုတင်ပြထားသည့် သတင်းအချက်အလက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နေထိုင်မှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဦးတည်သည့် စီမံကိန်းရေးဆွဲမှုများအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဖြစ်ပြီး ကျန်ရှိသော အသေးစိတ်သုတေသနစာတမ်းများကိုလည်း ပြုစုလျက်ရှိကြောင်းနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သည့် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အစီရင်ခံစာများ၊ သုတေသနစာတမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဌာန၏ဝက်ဘ်ဆိုက် **www.dop.gov.mm** တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဃ်န်းကျွန်းမြို့နယ်ရှိ KTV ဆိုင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၉/တောင်ရပ်ကွက် ဝေဇယန္တာလမ်းမ ပြည်သာယာလမ်းအနီး ဖွင့်လှစ်ထားသော အမှတ် ၃၈၂ ရှိ Sweet & Style KTV ဆိုင် တတိယထပ်ရှိအမျိုးသမီးများနားနေဆောင်၌ ယနေ့ ညနေ ၅ နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုသည် KTV ဆိုင် တတိယထပ် အမျိုးသမီးများနားနေဆောင်၌ ဖုန်းအားသွင်းထားရာမှ မီးပလပ်ခုံအပူလွန်ကဲပြီး ဆိုဖာခုံသို့ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကာ မီးသတ်တပ်ဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီ ၃၅ မိနစ်၌ မီးငြိမ်းနိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အခန်းအတွင်းထိုင်ခုံများ မီးလောင်ကျွမ်းခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် KTV ဆိုင်မန်နေဂျာ ဦးကျော်တင်ခိုင် (၄၇ နှစ်)အား သဃ်န်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကြည် (သဃ်န်းကျွန်း)**



# ပဲခူးမြို့နယ် သစ်အချောထည်စက်ရုံ၌ လူသတ်မှုဖြစ်ပွား

**ပဲခူး ဩဂုတ် ၈** - ပဲခူးမြို့နယ် အင်းတကော်နယ်မြေရဲစခန်းအပိုင် ဘတ္တာကုန်းကျေးရွာ Win &Win သစ်အချောထည်စက်ရုံတွင် ဩဂုတ် ၈ ရက် နံနက် ၉ နာရီခန့်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ Win &Win သစ်အချောထည်စက်ရုံ သစ်ခွဲသားဂိုဒေါင်တွင် သစ်ခွဲသားများစီ၍ ချည်နှောင်သည့်အလုပ်အား အတူတူလုပ်နေကြစဉ် ငြိမ်းချမ်းအောင် (၁၉ နှစ်) စက်ရုံအထွေထွေလုပ်သားနှင့် ငြိမ်းချမ်းအောင်(ခ)လေတ်မ(ခ)ကျော်ထူး(၂၂ နှစ်) စက်ရုံအထွေထွေလုပ်သားတို့သည် စကားများကြစဉ် ငြိမ်းချမ်းအောင်အား ငြိမ်းချမ်းအောင်(ခ)လေတ်မ(ခ)ကျော်ထူးက သစ်သားတုတ်ဖြင့် ဦးခေါင်းအားရိုက်သဖြင့် ဒဏ်ရာများရရှိပြီး ပဲခူးဆေးရုံသို့ပို့ဆောင်ခဲ့ရာ ရရှိသောဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။ **သန့်စင် (ပဲခူး)**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့်ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် မှန်လုံယာဉ်တစ်စီး၊ တွဲကားတစ်စီးနှင့် Hiace ယာဉ် တစ်စီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Short Pan (600) U ၊ Cooking Oil 2 Liter (1 × 60) 1000 kg ၊ LED TV 24 လက်မ (36) U စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈၈၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူ အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ် ကျ

**စလင်း ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ အရွယ်မရောက်သေးသည့်အမျိုးသမီးငယ်ကို မုဒိမ်းမှုကျူးလွန်သူအား ဩဂုတ် ၇ ရက်က အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ်ကျခံစေရန် မင်းဘူးခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃ ရက်က စလင်းမြို့ ပေါင်းနားရပ်မှ မ----(၁၅ နှစ်)အား ကျောက်စစ်ရွာနေ လှသိန်းမောင် (၂၃ နှစ်)(အိမ်ထောင်သည်)က ဖြားယောင်းသွေးဆောင်ပြီး သားမယားအဖြစ်ပြုကျင့်သဖြင့် မင်းဘူးခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးဇော်ညွန့်ဌေးက ပြစ်မှုကျူးလွန်သူအား ပ ၃၇၆ အရ ထောင်ဒဏ် အနှစ် ၂၀ နှင့် ပ ၃၆၃ အရ ထောင်ဒဏ် ၅ နှစ်အား တစ်ပေါင်းတည်းကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ ယမန်နေ့ နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ ရွှေဇဟိုကျေးရွာနေ ရဲအောင် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ခန့်မှန်းကာလတန်ဖိုး ငွေကျပ် ၁၁၄ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ ကျေးရွာတာဝန်ခံတစ်ဦးအား အစွန်းရောက် အကြမ်းဖက်သမားများက ဓားဖြင့်ဝိုင်းခုတ်

**နေပြည်တော် ဩဂုတ် ၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျေးရွာတာဝန်ခံတစ်ဦးအား အစွန်းရောက်အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းခုတ်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ကျေးရွာ တာဝန်ခံ မာမောက်ဆော်လိန်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က စာကိုင်းကျေးရွာရှိ လက်ဖက်ရည်ဆိုင်၌ ကျောင်းတောင်ရွာ ရာအိမ်မှူး၊ စာကိုင်းရွာ ရာအိမ်မှူးတို့နှင့် ကျေးရွာလုံခြုံရေးအတွက် အစည်းအဝေးပြုလုပ်နေစဉ် ကျောင်းတောင်အလယ်ရွာနေ အကြမ်းဖက်သမား အာလီဂျူဟတ်နှင့် မျက်နှာဖုံးစွပ် အစွန်းရောက်အကြမ်းဖက်သမား ၁၀ ဦး (စိစစ်ဆဲ)တို့က မာမောက်ဆော်လိန်အား ဓားဖြင့် ဝိုင်းခုတ်ရာ ဦးခေါင်းထိပ်၊ ယာနားထင်၊ ဝဲလက်ဖဝါး ပြတ်ရှဒဏ်ရာများနှင့် ရင်ဘတ်ထိုးသွင်းဒဏ်ရာများ ရရှိခဲ့သဖြင့် မာမောက်ဆော်လိန်အား ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျောင်းတောင်အလယ်ရွာသား အကြမ်းဖက်သမားတစ်ဦးနှင့် မျက်နှာဖုံးစွပ် အစွန်းရောက်အကြမ်းဖက်သမား ၁၀ ဦးတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ လုပ်သေနတ် အတိုတစ်လက်၊ ကျည်နှစ်တောင့်နှင့် ဓားရှည်တစ်ချောင်း သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စံပယ်ကုံကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယမန်နေ့ မွန်းလွဲပိုင်းက လုပ်သေနတ် အတိုတစ်လက်၊ ကျည်နှစ်တောင့်နှင့် ဓားရှည်တစ်ချောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က စံပယ်ကုံကျေးရွာအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယင်းကျေးရွာနေ ရော်ဘီအူလ်ဟာဆောင်းအား တွေ့ရှိသဖြင့်ခေါ်ယူစဉ် ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အရိုးအသွား တစ်ပေခွဲခန့်ရှိ ဓားတစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အနီးဝန်းကျင်ရှိ အိမ်များအတွင်း ဆက်လက်ရှာဖွေရာ နေအိမ်တစ်လုံးအတွင်းမှ လုပ်သေနတ် အတိုတစ်လက်၊ ကျည်နှစ်တောင့်၊ စစ်သုံးခါးပတ်ကြိုးတစ်ချောင်းနှင့် ပြောက်ကျားလွယ်အိတ်တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ နောင်မိုကျေးရွာနေ ဦးကောအောင်ဇင်၏သား မောင်ခင်ဇော်အောင်(ခ)မောင်ကျော်လှိုင် ၁/ရကန(နိုင်) ၀၄၄၇၀၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ခင်ဇော်အောင်(ခ)မောင်ကျော်လှိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့(ဖိုးဦးစွန်းရွာ) အထက (၂၀၁၆-၂၀၁၇ပညာသင်နှစ်-အောင်)မှ မသူသူထွန်း၏ ဖခင်ဦးအောင်မြတ်စိုး ၁၄/ကလန(နိုင်)၀၈၉၅၃၅နှင့် ဦးမင်းသူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မြတ်စိုး(ခ)ဦးမင်းသူ**

## အမည်မှန်

ဦးသန်းဆွေ ၅/ဟမလ(နိုင်) ၀၂၆၀၈၅၏သမီး ဟုမ္မလင်းမြို့ အထက (၂) သတ္တမတန်းမှ မဒူးဒူး၏အမည်မှန်မှာ မထက်သူသူခင်ဖြစ်ပါကြောင်း။

**မထက်သူသူခင်**

## သွေးသည် အသက်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါတောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၀၁၉၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်တွင် 66/11-6.6kV (2x20MVA) Gas Insulated Switchgear (GIS) Indoor ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၀၁၉၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်တွင် 66/11-6.6kV(2x20MVA) Gas Insulated Switchgear (GIS) Indoor ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။

(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၇ ရက်
(၂) **တင်ဒါပိတ်မည့်ရက်** - ၁၂-၉-၂၀၁၇ရက်
(၃) **တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန၊**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## တစ်ချက်တည်းကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးမြင့်သိန်းတင်(M.D) မြင့်စန်းမြန်မာကုမ္ပဏီလီမိတက်သည် ကစားဖော်များဖြစ်ကြသော ဦးစိုးအောင်(အင်ဂျင်နီယာမှူး-ငြိမ်း) (MFSL)၊ ဦးသိန်းထိုက်(M.D) လင်းထိုက်ဖြိုးကုမ္ပဏီလီမိတက်၊ ဦးသက်ဦးတင် (Chief Mate FG) (MFSL)တို့နှင့်အတူ ၆-၈-၂၀၁၇ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon No(2) ဘောလုံးကို Macgregar Iron No(6) တုတ်ဖြင့် ရိုက်လိုက်ရာ (၁၄၂)ကိုက်ရှိ ကျင်းအမှတ်(၁၇)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

## Office Staff မ(၂)ဦး အမြန်အလိုရှိသည်။

ကွန်ပျူတာ အခြေခံတက်မြောက်သူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။

**Ph: 09 - 5048295**

## ဖခင်အမည်မှန်


ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မခင်စန္ဒာလှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမျိုးဝင်း ၁/ရကန(နိုင်) ၀၃၃၁၇၇ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆I)၊ မြေကွက် အမှတ်(၆၀E/၂)၊ ဧရိယာ၀ဒသမ ၀၆၅၈ဧက၊ (အလျား ၄၈ပေ/၃၉ပေ×အနံပေ၇၀)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(၃၉ အေ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် နေရာတွင်တည်ရှိသောမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အမည်ပေါက် ဦးအောင်ကြည် ၁၂/ဗတထ(နိုင်)၀၃၀၅၁၀နှင့်(ဇနီး) ဒေါ်စန်းစန်းဌေး ၁၀/မလမ(နိုင်) ၀၀၇၃၉၇တို့ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)၂၁၇၂**
**B.A(LAW)LL.B(Advocate), D.B.L,D.M.L,D.I.L, D.A.Psy.**
**WIPO,DL(101),(201),(317)Switzerland(Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ကံဘဲ့၊ (၁၂) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၂၃၃၁၂၂၃၊ ၅၇၈၅၅၀၊ ၀၉-၈၆၁၆၇၆၅**



# မြန်မာဘိလိယက်အဖွဲ့ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ကစားသမား ၁၂ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုထပ်မံရယူနိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသည်။

မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်၊ စနူကာနှင့် Pool ပြိုင်ပွဲ၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘိလိယက်အားကစားနည်းတွင် လေးဦး၊ စနူကာအားကစားနည်းတွင် သုံးဦး၊ Pool အားကစားနည်းတွင် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့တွင် ကစားသမားများအဖြစ် ဘိလိယက်အားကစားနည်း၌ အောင်ဌေး၊ မင်းစည်သူထွန်း၊ နေသွေးဦး၊ ချစ်ကို၊ စနူကာအားကစားနည်း၌ ကိုထက်၊ အောင်ဖြိုး၊ ရဲဇော်ထွဋ်၊ Pool အားကစားနည်း၌ အမျိုးသား-မောင်မောင်၊ အောင်မိုးသူ၊ မိုင်းဟိန်းကျော်၊ အမျိုးသမီး-သန္တာမောင်၊ အေမိအောင်တို့ ပါဝင်ကြသည်။

မြန်မာဘိလိယက်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲ မပါဝင်သောကြောင့် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၌သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲသည် ယခုပြိုင်ပွဲတွင်လည်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများ စနစ်တကျပြုလုပ်လျက်ရှိပြီး ကစားသမားများကိုလည်း လူရွေးပွဲများ အကြိမ်ကြိမ်ကျင်းပကာ ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဒေါက်တာမင်းနိုင်သည် ကစားသမားများ၏ လေ့ကျင့်မှုကို ကြည့်ရှုလေ့လာလျက်ရှိပြီး အောင်မြင်မှုရအောင် သင်ကြား ပံ့ပိုးပေးလျက်ရှိသည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-စိုးညွန့်**



**မြန်မာဘိလိယက်လက်ရွေးစင်ကစားသမား အောင်ဌေး လေ့ကျင့်နေစဉ်**

---

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)နှင့် ပန်းလှိုင်ဂေါက်ကွင်းတို့က ပူးပေါင်းကျင်းပသော Pun Hlaing Junior Golf Championship 2017 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ လူငယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၌ အတန်းသုံးတန်း ခွဲခြား၍ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ အသက် ၁၈ နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့်အောက်ပြိုင်ပွဲနှင့် အသက် ၁၀ နှစ်နှင့်အောက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်အားကစားသမားများ၏ အမည်စာရင်းကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ Junior Golf Myanmar (JGM) ဖုန်း ၀၉-၅၁၀၉၅၅၂၊ ၀၉-၅၁၇၂၇၀၀၊ ၀၉-၅၁၁၃၉၅၉ တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အဆိုပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ သက်တမ်းသတ်မှတ်နိုင်ရန်အတွက် ပြိုင်ပွဲဝင်မည့်သူ၏မွေးစာရင်း (သို့မဟုတ်) မှတ်ပုံတင် (မူရင်း/မိတ္တူ) များ ယူဆောင်လာရန်လိုအပ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ သက်တန်းအလိုက်ဆုများထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံးအားကစားသမားလေးဦးကို ထိုင်းနိုင်ငံ Narai Hill Golf Resort Lopbury Province တွင် နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ပြုလုပ်မည့် APJGA Asian Master Final ပြိုင်ပွဲသို့ ရွေးချယ်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Junior Golf Myanmar အနေဖြင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် လစဉ်ပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးသော်ဇင်**

---

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ၂၂၈ ဂိုးဖြင့် အာဆင်နယ်အသင်း၏ ထာဝရဂိုးသွင်းရှင်တစ်ဦးဖြစ်သော ဟင်နရီက ယခုနွေရာသီတွင် ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြင်သစ်ကလပ် မိုနာကိုအသင်းထံမှ ခေါ်ယူထားသော လာကာဇက်တီသည် အာဆင်နယ်အသင်းတွင် အောင်မြင်မှုများရရှိလိမ့်မည်ဟု သူ့အနေဖြင့် ယုံကြည်နေကြောင်း ပြောဆိုသည်။
- အူဘာမီယန်က စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်ဆန္ဒရှိကြောင်း ၎င်း၏ကလပ်ကို ထုတ်ဖော်ပြောကြားပြီးနောက် တရုတ်ကလပ်များက ကမ်းလှမ်းမှုများပြုလုပ်ထားသော်လည်း ဒေါ့မွန်အသင်းတွင်သာ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဆိုသည်။ ပြီးခဲ့သောရာသီတွင် ပြိုင်ပွဲစုံ ဂိုး ၄၀ သွင်းယူပေးထားသော အသက် (၂၈ နှစ်)အရွယ် အူဘာမီယန်သည် တရုတ်ကလပ်၏ ချဉ်းကပ်မှုကို လက်ခံရရှိခဲ့ပြီး စဉ်းစားခဲ့ကြောင်း အတည်ပြုခဲ့သည်။
- လိစ်ယူနိုက်တက်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘော့ဝစ်ဂျက်ဆင်ကို အငှားဖြင့်အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် (၂၀)အရွယ် အဆိုပါ နောက်ခံကစားသမားသည် လိစ်ယူနိုက်တက်တွင် နံပါတ် ၃ ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။
- ပြင်သစ်လီဂူးဝမ်းကလပ် နိုက်စ်အသင်းသည် ဝါရင့်နယ်သာလန်ကစားသမား ရှနိုက်ဒါကို အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။ ရှနိုက်ဒါသည် တူရကီကလပ်တွင် လေးနှစ်ကြာဖြတ်သန်းပြီးနောက် ဂါလာတာစာရေးအသင်းက ၎င်းကို ဇူလိုင်လတွင် အသင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။ အသက် (၃၃ နှစ်)အရွယ် ရှနိုက်ဒါကို နိုက်စ်အသင်းနှင့် ကနဦး သဘောတူညီမှုရရှိပြီဟု ကြေညာပြီးနောက် ၂၄ နာရီအကြာ တနင်္လာနေ့တွင် အသင်းနှင့် ဆေးစစ်မှုခံယူခဲ့ကြောင်းလည်း နိုက်စ်အသင်းက အတည်ပြုခဲ့သည်။
- ဝက်စ်ဟမ်းအသင်းသည် ဆွီဒင်ကလပ် ဟမ်းစတက်စ်ဘီကေအသင်းမှ လူငယ်တိုက်စစ်ကစားသမား ဆိဒ်ဟက်ခ်ဆာဘာနိုဗစ်ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အသက် (၁၈ နှစ်) အရွယ် အဆိုပါ ကစားသမားကို ငါးနှစ်စာချုပ်တစ်ရပ်ချုပ်ရန် သဘောတူညီခဲ့တာဖြစ်ပြီး ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ အဆိုပါ ကစားသမားသည် ဝက်စ်ဟမ်းနည်းပြ ဘီလစ်၏ ယခုနွေရာသီ ငါးယောက်မြောက် ခေါ်ယူမှုဖြစ်သည်။

**ဇော်ဇော်**

---


**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763


### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/9903 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4843 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### အမည်ပြောင်း

ဟိုင်းကြီးကျွန်းမြို့၊ (၂)ရပ်ကွက်နေ ဦးငယ်လေး၏သမီး(အထက)ဟိုင်းကြီး န၀မတန်းမှ မစုပုလဲငယ်အား မဆုမြတ်စံ ၁၄/ဟကက(နိုင်)၀၅၄၄၉၆ ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုမြတ်စံ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝဏ္ဏလင်း၏ ဖခင်အမည်မှန်မှာ ဦးမြလင်း ၈/မသန(နိုင်)၀၆၃၀၂၀ ဖြစ်ပါကြောင်း။ **ဦးမြလင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ တမာတကေကျေးရွာ အလက(ခွဲ)သတ္တမတန်းမှ မောင်ခန့်ဇော်အောင်၊ (မူလွန်)တမာတကေ စတုတ္ထတန်းမှ မောင်ပြည့်စုံအောင်၊ ဒုတိယတန်းမှ မဆီးဇာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးထူး ၇/ဝမန(နိုင်)၁၀၃၉၄၂ ဖြစ်ပါကြောင်း။ **ဦးဖိုးထူး**

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### Yangon Payment Services
### တင်ဒါခေါ်ယူခြင်း(ပထမအဆင့်)

၁။ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှု အာဏာပိုင်အဖွဲ့(YRTA)နှင့် Yangon Payment Services(YPS)၏ ကတ်စနစ်ဖြင့် ငွေပေးချေမှု လုပ်ငန်းဝန်ဆောင်မှုအတွက် (၁) Cards Issuing လုပ်ငန်း၊ (၂) Cards Acquiring လုပ်ငန်းနှင့် (၃) Cards Top Up Agent လုပ်ငန်းများကို ဆောင်ရွက်ရန် လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကိုနည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် စီးပွားရေးဆိုင်ရာ အဆိုပြုလွှာများဖြင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ(Instruction to Tenders)နှင့်အညီ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဂိတ်အမှတ်(၄)အနီးရှိ (YPS)ကောင်တာရုံးခန်းတွင် အောက်ပါအတိုင်း ရောင်းမည်ဖြစ်ပါသည်-

(က) **တင်ဒါ(ပထမအဆင့်)အဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** - ၉-၈-၂၀၁၇ရက်
(ခ) **တင်ဒါ(ပထမအဆင့်)အကြောင်းအရာများရှင်းလင်းမည့် ရက်/အချိန်/နေရာ** - ၁၅-၈-၂၀၁၇ရက် ၁၀နာရီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးခန်းမ(၂)
(ဂ) **တင်ဒါ(ပထမအဆင့်)အဆိုပြုလွှာများ စတင်လက်ခံမည့်ရက်** - ၂၅-၈-၂၀၁၇ရက်
(ဃ) **တင်ဒါ(ပထမအဆင့်)အဆိုပြုလွှာများ နောက်ဆုံးလက်ခံမည့်ရက်** - ၁၆-၉-၂၀၁၇ရက်

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၉-၇၇၇၇၃၀၈၈၇(ရုံးချိန်အတွင်း)**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၁၁)လမ်း၊ အမှတ်(၅၀၂-က)နေ ဒေါ်အုန်းကြည်(ခ)ဖာတမာဘီ ၁၂/သကတ(နိုင်)၁၁၆၈၀၅မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော ၁၅-၃-၂၀၁၆ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၉၇၈ကို လွှဲအပ်သူ ကန်ထရိုက်တာ ဒေါ်ဖြူ(ခ)ဂူလ်ဇာဘေဂါမ် MTND-၀၃၅၅၆၆ထံမှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အုန်းကြည်**
**ဖုန်း-၀၉-၇၉၂၂၃၇၇၈၀**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တောင်ဒဂုံ၊ (၁၅၃)ရပ်ကွက်၊ အမှတ်(၇၈၇) ပေ(၄၀×၆၀)ထောင့်ကွက် မြေကွက်ကို ကျွန်မ မထားထားနွယ်က ဒေါ်အေး၊ ဦးလှထွန်း၊ ဒေါ်မလတ်တို့ထံမှ ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ထားထားနွယ် ၁၂/ဥကတ(နိုင်)၁၃၇၇၂၈**
**အမှတ်(၈၆၄)၊ မေခလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၉၇၉၇၆၆၁၃၆**



## မြောက်ကိုရီးယားကို ယခုထက်ပိုမိုအရေးယူသင့်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဝါရှင်တန် ဩဂုတ် ၈**

ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်သည် မြောက်ကိုရီးယားနိုင်ငံပေါ်တွင် ယခုထက်ပိုမိုပြင်းထန်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ဟု ထိုင်းနိုင်ငံခေါင်းဆောင်အား အလေးအနက်ပြောကြားခဲ့ကြောင်း သိရသည်။

တေလာဆန်၏ ထိပ်တန်းဦးစားပေးရေးအဖွဲ့သည် အာဆီယံဒေသတွင်းနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ငွေကြေးစီးဆင်းမှုကို ဖြတ်တောက်ပစ်ရန် ပိုမိုကြိုးပမ်းအားထုတ်သွားကြရေးအတွက် တိုက်တွန်းခဲ့သည်။

ထိုင်းနိုင်ငံ၌ မြောက်ကိုရီးယားနိုင်ငံမှကုမ္ပဏီများ လည်ပတ်လုပ်ကိုင်နေဆဲဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စုက ယူဆထားပြီး အဆိုပါ ကုမ္ပဏီများအား ထိုင်းနိုင်ငံက ပိတ်သိမ်းစေရန်အတွက်တိုက်တွန်းသွားရန် အမေရိကန်က ကြိုးပမ်းအားထုတ်လျက်ရှိသည်။

(ရိုက်တာ)

# အိုကလာဟိုးမား၌ လေဆင်နှာမောင်းများတိုက်ခတ်ရာ လူပေါင်း ၃၀ခန့် ဒဏ်ရာရရှိ

**ဟူစတန် ဩဂုတ် ၈**

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ် အရှေ့မြောက်ပိုင်းတူလ်ဆာမြို့၌ လေဆင်နှာမောင်း သုံးခုတိုက်ခတ်မှုကြောင့် လူ ၃၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနမှ ယမန်နေ့က ဖော်ပြခဲ့သည်။



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်နေရာကို တွေ့ရစဉ်

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူ ၃၀ ကျော် ဒဏ်ရာရရှိခဲ့ရာ နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ လမ်းများပေါ်တွင်လည်း အပျက်အစီးများနှင့် ပြည့်နေကြောင်း ပြည်တွင်း သတင်းတစ်ခုက ဖော်ပြထားသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သေဆုံးသူမရှိသေးကြောင်း သိရသည်။ လေဆင်နှာမောင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို စိန့်ဖရန်စစ်ဆေးရုံ၌ ကုသမှုပေးထားကြောင်းနှင့် မစိုးရိမ်ရကြောင်း သိရသည်။

နောက်ဆုံး တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းနှစ်ခုကြောင့် ထိခိုက်ဒဏ်ရာရသူများမရှိသော်လည်း ပထမ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

## မြောက်ကိုရီးယား နျူကလီးယားအရေး အမေရိကန် ပြည်ထောင်စုက အလုံးစုံတာဝန်ယူရမည်ဖြစ်ကြောင်း မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ပြော

**မနီလာ ဩဂုတ် ၈**

မြောက်ကိုရီးယား နျူကလီးယားအရေးနှင့် ပတ်သက်ပြီး အမေရိကန်က အလုံးစုံတာဝန်ယူရမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားအင်အားပိုင်ဆိုင်လာအောင် ဆောင်ရွက်ခြင်းသည်လည်း အမေရိကန်နိုင်ငံ၏ခြိမ်းခြောက်မှုကို ဖြေရှင်းရန်သာဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များသည် အမေရိကန်မှလွဲပြီး မည်သည့် နိုင်ငံကိုမျှအသုံးပြုခြင်းနှင့် ခြိမ်းခြောက်ခြင်းပြုမည်မဟုတ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ကျင်းပသော အာဆီယံဒေသတွင်း အစည်းအဝေး၌ မြောက်ကိုရီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့က သတင်းမီဒီယာများကို ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်အရေး စတင်ပေါ်ပေါက်လာခြင်းနှင့် ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိလာခြင်းသည် အမေရိကန်၏ တာဝန်သာဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းနှင့် တိုက်ချင်းပစ်ဒုံးကျည်ပိုင်ဆိုင်ခြင်းသည် အမေရိကန်နိုင်ငံ၏ ခြိမ်းခြောက်မှုရန်မှ ကာကွယ်ရန်အတွက်ရွေးချယ်ခြင်းတစ်ရပ်သာဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသော အာဆီယံဒေသတွင်း အစည်းအဝေးပြီးနောက် မြောက်ကိုရီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့က ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ဒုံးကျည်များကို ပိုင်ဆိုင်သည့်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အမေရိကန်နိုင်ငံမှလွဲကာ မည်သည့်နိုင်ငံကိုမျှ ပစ်ခတ်တိုက်ခိုက်သွားမည်မဟုတ်သော်လည်း အခြားနိုင်ငံတစ်နိုင်ငံက အမေရိကန်နိုင်ငံနှင့်ပေါင်းပြီး မြောက်ကိုရီးယားနိုင်ငံကို စစ်ရေးအရဆောင်ရွက်မှုများ ပြုလုပ်မည်ဆိုပါက အသုံးပြုသွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့၏ အာဆီယံဒေသတွင်းအစည်းအဝေးအပြီး ကြေညာချက်တွင် ပြောခဲ့သည်။

(ဆင်ဟွာ)



# တောင်တရုတ်ပင်လယ်အတွင်း၌တင်းမာမှုများမြင့်တက်နေချိန်တွင် တရုတ်နှင့်ဗီယက်နမ်တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ပျက်ပြယ်

**မနီလာ ဩဂုတ် ၈**



ဒေသတွင်းနိုင်ငံများ တွေ့ဆုံဆွေးနွေးမှုအပြင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးအကြား သီးသန့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားမှုမှာ ပျက်ပြယ်သွားကြောင်း တရုတ်သံရုံးမှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ လက်ရှိအချိန်သည် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား တင်းမာမှုများလည်း ပိုမိုမြင့်တက်လာနေချိန် ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများ အသင်းမှ နိုင်ငံခြားရေးဝန်ကြီးများ၏ တနင်္ဂနွေနေ့ကဖော်ပြခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် တောင်တရုတ်ပင်လယ်အတွင်း၌ ကျွန်းများ ဆောက်လုပ်နေခြင်းနှင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံက စိုးရိမ်ပူပန်နေကြောင်းကို ဖွင့်ဟ ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

နှစ်စဉ်သဘော်ဖြင့် ကုန်ပစ္စည်းတန်ချိန် အမေရိကန်ဒေါ်လာ ၃ ထရီလီယံကျော်ဖိုးကို တင်ဆောင်ကာ ဖြတ်သန်းနေရသည့် တောင်တရုတ်ပင်လယ်ရေပိုင်နက်အတွင်း၌ တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း အငြင်းပွားမှုအပေါ်တွင် ဗီယက်နမ်နိုင်ငံသည် အပြင်းထန်ဆုံးကန့်ကွက်ဆန့်ကျင်သည့် အရှေ့တောင်အာရှနိုင်ငံဖြစ်လာခဲ့သည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ် ပျက်ပြယ်သွားခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဏာပိုင်များက အကြောင်းပြချက် တစ်စုံတစ်ရာ ဖော်ပြခဲ့ခြင်းမရှိပေ။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးကမူ ၎င်းတို့နှစ်ဦးသည် တွေ့ဆုံခဲ့ပြီးပြီဖြစ်သည်ဟု ပြောဆိုခဲ့သည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းချက်များကို ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ချက်ချင်းတုံ့ပြန်ဖြေကြားခဲ့ခြင်း မရှိခဲ့ပေ။

တောင်တရုတ်ပင်လယ်အတွင်းရှိ ကျောက်တန်းခုနစ်ခုကို တရုတ်က ပိုင်ဆိုင်ကြောင်းအငြင်းပွားမှုနှင့် ၎င်း၏ စစ်ရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ဆတ်ဆတ်ထိမခံသောအနေအထားတွင်ရှိနေကြောင်း သိရသည်။

(ရိုက်တာ)

# အိုင်အက်စ်အစွန်းရောက် လက်နက်ကိုင်အကြမ်းဖက်သမား ၂၇ ဦးကို ဖမ်းဆီး

**တီဟီရန် ဩဂုတ် ၈**

အိုင်အက်စ်အစွန်းရောက်လက်နက်ကိုင် အဖွဲ့အစည်းမှအဖွဲ့ဝင် ၂၇ ဦးကို ဖမ်းဆီးလိုက်ကြောင်း အီရန်နိုင်ငံ သတင်းအချက်အလက်ဌာနမှ မကြာသေးမီက ပြောကြားခဲ့သည်။ ဖမ်းဆီးလိုက်သည့်အိုင်အက်စ်အစွန်းရောက်လက်နက်ကိုင်အဖွဲ့ဝင်အဖွဲ့အစည်းများအနက် ၁၇ ဦးကို ပြည်တွင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အခြားသူများကိုပြည်ပ၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ သတင်းအချက်အလက်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖမ်းဆီးမိသူများသည် အီရတ်နိုင်ငံမြို့ကြီးများနှင့် ဘာသာရေးမြို့တော်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ရန် စီစဉ်နေကြောင်း၊ စစ်ဘက်အသုံးပြုသည့် ကိရိယာများနှင့် လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောဇွန်လ ခုနစ်ရက်က အီရန်နိုင်ငံမြို့တော်တီဟီရန်၌ အကြမ်းဖက်တိုက်ခိုက်မှုနှစ်ခုကို အိုင်အက်စ်လက်နက်ကိုင်အဖွဲ့အစည်းက ပြုလုပ်ခဲ့ရာ လူပေါင်း ၁၇ ဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်က ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့အစည်းများ၏ စစ်စခန်းများကို ဒုံးကျည်ခြောက်စင်းဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# စိန်ခေါ်မှုများနဲ့ ပြည့်နေတဲ့ နျူကလီးယားလက်နက်ထိန်းချုပ်ရေး

**တင်လင်းအောင်**

စစ်အေးကာလ ပြီးဆုံးပြီးခဲ့သည့်တိုင် အမေရိကန်နှင့် ရုရှားနိုင်ငံတို့ဟာ နျူကလီးယားလက်နက် ထောင်ပေါင်း များစွာကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါတယ်။

ကမ္ဘာမှာ နျူကလီးယားလက်နက် ၁၅၀၀၀ (တချို့ကလည်း ၁၇၀၀၀လောက်ရှိသည်ဟုဆို) လောက်ရှိတဲ့အနက် အဆိုပါလက်နက်များရဲ့ ၉၀ ရာခိုင်နှုန်းပိုင်ဆိုင်ထားတဲ့ရုရှားနဲ့ အမေရိကန်တို့ရဲ့ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး အစီအစဉ်ကို ဆက်လက်ဖော်ဆောင်ဖို့ အချို့အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိများနဲ့ ကွန်ဂရက်အဖွဲ့ဝင်များက တိုက်တွန်းလျက်ရှိပါတယ်။

**အဓိကခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်**

အမေရိကန်ပြည်ထောင်စုအနေနဲ့ မြေပြင်ပစ်နျူကလီးယား ဒုံးကျည်သစ်တစ်မျိုးကို တိုးတက် တီထွင်လုပ်ဆောင်ရင် ကောင်းမလား၊ ဒါမှမဟုတ် ၁၉၈၇ ခုနှစ်တာလတ်ပစ် နျူကလီးယား ဒုံးကျည်ဆိုင်ရာစာချုပ်ကို ပြန်လည်ရုပ်သိမ်းရင်ကောင်းမလားဆိုပြီး ကွန်ဂရက်က စဉ်းစားနေပါတယ်။ ၁၉၈၁ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ အယောက် ၄၀ မြောက် သမ္မတ ရော်နယ်ရေဂင်နဲ့ ဆိုဗီယက်ပြည်ထောင်စု နောက်ဆုံးခေါင်းဆောင် မီခေးဂိုဗာချက်ဗ်တို့ လက်မှတ်ရေးထိုးခဲ့တဲ့ အဆိုပါစာချုပ်ဟာ ဥရောပကိုရှေးရှုတဲ့ အဓိကခြိမ်းခြောက်မှုကြီး တစ်ခုဖြစ်လာခဲ့ပါတယ်။



**အမေရိကန်ပြည်ထောင်စု၏အယောက် ၄၀ မြောက် သမ္မတရော်နယ်ရေဂင်နဲ့ ဆိုဗီယက်ပြည်ထောင်စုရဲ့ နောက်ဆုံးခေါင်းဆောင် မီခေးဂိုဗာချက်ဗ်တို့ နျူကလီးယားလက်နက်ဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနေစဉ်**

**တိတ်တဆိတ်ဖြန့်ကြက်မှုလုပ်ဆောင်**

အဲဒီစာချုပ်ကြောင့် ဥရောပရှိအမေရိကန်ရဲ့ ဒုံးကျည်ကာကွယ်ရေးဖြန့်ကြက်မှုကို ရုရှားသမ္မတဗလာဒီမာပူတင်က စိတ်ဆိုးခဲ့ပါတယ်။ အမေရိကန်အနေနဲ့ ရုရှားရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တော့မှာမဟုတ်ကြောင်း ၂၀၀၇ခုနှစ်မှာကြေညာပြီးနောက် နောင်လာမယ့် ဆယ်စုနှစ်တွေမှာ နျူကလီးယား ဒုံးကျည်သစ်တစ်မျိုးကို ဆက်လက်တီထွင်တော့မယ်လို့ အမေရိကန်က ပြောခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဆိုပါစာချုပ်ကို ချိုးဖောက်ပြီး နျူကလီးယားဒုံးကျည်သစ်တစ်မျိုးကို စမ်းသပ်ခဲ့ကြောင်း အိုဘားမားအစိုးရက ပြောပါတယ်။ ထို့အတူ ယခုနှစ်အစောပိုင်းမှာ ရုရှားဟာ အဆိုပါစာချုပ်ကို ပြင်းပြင်းထန်ထန်ချိုးဖောက်ပြီး နျူကလီးယားဒုံးကျည်ကို တိတ်တဆိတ်ဖြန့်ကြက်မှု လုပ်ဆောင်ခဲ့ပါတယ်လို့ ပင်တဂွန်ကပြောခဲ့တယ်။

**ရင်ဆိုင်တွေ့နိုင်ဖွယ်ရှိ**

ရုရှားနဲ့ တန်းတူဖြစ်ဖို့ဆိုရင် အဆိုပါ နျူကလီးယား ဒုံးကျည်များအဆင့်မြှင့်တင်ဖို့ အရေးအတွက် ကာကွယ်ရေးဥပဒေကြမ်းမှာ ရန်ပုံငွေဆိုင်ရာအချက်များ ထပ်မံပေါင်းထည့်ဖို့လိုကြောင်း အချို့ဥပဒေပြုသူများက ဆိုပါတယ်။ ပူးတွဲ စစ်ဦးစီးချုပ်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ပေါလ်ဆယ်လ်ဗာက ကွန်ဂရက်သို့ မကြာသေးမီကပြောခဲ့သည်မှာ အမေရိကန်လေယာဉ်များနဲ့ သင်္ဘောများပေါ်တပ်ဆင်ထားတဲ့ နျူကလီးယား ဒုံးကျည်များဟာ ရုရှားရဲ့နျူကလီးယားဒုံးကျည် လက်နက် သစ်များနဲ့ ရင်ဆိုင်တွေ့နိုင်ဖွယ်ရှိကြောင်း ပြောခဲ့ပါတယ်။ ဇူလိုင် ၁၄ရက်က အတည်ပြုခဲ့တဲ့ အောက်လွှတ်တော်သို့တင်သွင်းသော ကာကွယ်ရေးဥပဒေကြမ်းကဖော်ပြသည်မှာ အကယ်၍ အမေရိကန်သမ္မတကသာ ကာကွယ်ရေးဥပဒေကြမ်း အတည်ပြုပြီး ၁၅ လအကြာမှာ ရုရှားအနေနဲ့ ၁၉၈၇ ခုနှစ် တာလတ်ပစ်ဒုံးကျည်ဆိုင်ရာစာချုပ်ကိုဖောက်ဖျက်ကြောင်း တွေ့ရှိခဲ့ပါက အမေရိကန်အနေနဲ့လည်း စာချုပ်အတိုင်းလိုက်နာဆောင်ရွက်နိုင်မှာမဟုတ်ကြောင်း ဖော်ပြထားပါတယ်။

၂၀၁၆အမေရိကန်ရွေးကောက်ပွဲမှာ ရုရှားနိုင်ငံက (ကွန်ပျူတာဟက်ကာလုပ်မှု) ကွန်ပျူတာ ဖောက်ထွင်းတိုက်ခိုက်ခြင်းနဲ့ အခြားတင်းမာမှုများကြောင့် ၁၉၈၇ခုနှစ် တာလတ်ပစ်နျူကလီးယား ဒုံးကျည်ဆိုင်ရာ စာချုပ်ဖောက်ဖျက်မှုဟာ ပိုပြီး ရှုပ်ထွေးလာပါတယ်။ သို့သော်လည်း အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်မြောက်ပိုင်းအတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) မဟာမိတ်များဟာ မလိုအပ်ဘဲ ဒုံးကျည်သစ်ပြုလုပ်မည်မဟုတ်ဟုဆိုကာ အဆိုပါကိစ္စကိုမဆိုင်းမတွ တုံ့ပြန်နိုင်ခဲ့ပါတယ်။

**လက်နက်ထိန်းချုပ်ရေးဒေါက်တိုင်ကြီး ပြိုလဲသွားနိုင်**

ထို့အပြင် စာချုပ်ကိုစွန့်လွှတ်ဖို့ အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့မယ်ဆိုရင်လည်း ဒါဟာ လက်နက်ထိန်းချုပ်ရေးဒေါက်တိုင်ကြီးကို ပြိုလဲသွားစေနိုင်ပါတယ်။ ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်ကိုဆန့်ကျင်တဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကြောင့် နိုင်ငံတကာစာမျက်နှာမှာ မလှမပဖြစ်နေတဲ့ အမေရိကန်ဟာ အခြားစာချုပ်တွေနဲ့ပတ်သက်ပြီးတော့လည်း မေးခွန်းထုတ်စရာများဖြစ်နေပါတယ်။

၁၉၈၇ ခုနှစ် တာလတ်ပစ်ဒုံးကျည်ဆိုင်ရာ စာချုပ်ဟာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အကောင်းဆုံး လုပ်ထုံးလုပ်နည်းတစ်ခုပဲ ဖြစ်ပါတယ်။

**နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ဖြန့်ကြက်မှုကို လျှော့ချ**

သို့သော်လည်းပဲ တချို့ကွန်ဂရက်အဖွဲ့ဝင်တွေဟာ ၂၀၁၀ စာချုပ်သစ်တစ်ရပ်ကို စတင်ရန် ရည်ရွယ်လျက်ရှိရာ အဆိုပါ စာချုပ်မှာ ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုတို့အနေနဲ့ လာမယ့်နှစ်မှစပြီး နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ဖြန့်ကြက်မှုကို ၂၂၀၀ မှ ၁၅၀၀အထိ လျှော့ချဖို့လိုအပ်ကြောင်း ပါရှိပါတယ်။ အကယ်၍ ၁၉၈၇ခုနှစ်တာလတ်ပစ်ဒုံးကျည်ဆိုင် ရာ စာချုပ်ကို ရုရှားအနေနဲ့ မလိုက်နာရင်တောင် နျူကလီးယားဒုံးကျည်များအတွက် အောက်လွှတ်တော်သို့ တင်သွင်းသော ကာကွယ်ရေးဥပဒေကြမ်းမှာ ရန်ပုံငွေဆိုင်ရာ အချက်များ ထပ်မံပေါင်းထည့်ဖို့ဆိုတာ ၂၀၂၁ခုနှစ်လောက်အထိ မဖြစ်နိုင်သေးပါဘူး။ ထို့အတူ ရုရှားကိုလည်း နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များဖြန့်ကြက်ရန် ခွင့်ပြုဖို့ဆိုတာလည်း အခြေအမြစ် မရှိပါဘူး။

ရုရှားနဲ့ အမေရိကန်တို့ဟာ စာချုပ်သစ်တစ်ရပ်သာမက မဟာဗျူဟာကျသော တည်ငြိမ်ရေးကိစ္စများအတွက်ပါ ဆွေးနွေးပြောဆိုဖို့အရေး မကြာသေးမီက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါတယ်။ ကာကွယ်ရေးဥပဒေမူကြမ်းအရ ဗုံးကြဲလေယာဉ်များနဲ့ ရေငုပ်သင်္ဘောများ အပါအဝင် နျူကလီးယားလက်နက်စနစ်များ အဆင့်မြှင့်တင်ရေးအတွက် နှစ်ပေါင်း ၃၀ အတွင်း အမေရိကန်ဒေါ်လာတစ်ထရီလီယံ လောက်ကုန်ကျမှာဖြစ်ပါတယ်။

ဒါ့ကြောင့် အချို့ဥပဒေပြုသူများက နျူကလီးယားစမ်းသပ်ခြင်းကို စောင့်ကြည့်နေတဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ ရန်ပုံငွေကိုဖြတ်တောက်ချင်နေပါတယ်။ ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားစမ်းသပ်ခြင်းကို ဆိုင်းငံ့ထားရန် နိုင်ငံအများအပြားက လိုက်နာသော်လည်း မြောက်ကိုရီးယားနိုင်ငံကတော့ ၁၉၉၈ခုနှစ်ကတည်းက နျူကလီးယားစမ်းသပ်မှုများကို ပြုလုပ်ခဲ့တာ ယခုအချိန်အထိပဲဖြစ်ပါတယ်။

**ရပ်တန့်ကောင်းရပ်တန့်နိုင်မည်**

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ သူ့ရဲ့နျူကလီးယားမူဝါဒအပေါ် ပြန်လည်ဆန်းစစ်ဖို့လိုအပ်လာပါတော့တယ်။ ဒေါ်နယ်ထရန့်ရဲ့ နျူကလီးယားမူဝါဒပြန်လည်ဆန်းစစ်ခြင်းဟာ ယခုနှစ်နှောင်းပိုင်းမှာ ပြီးဆုံးမှာဖြစ်သော်လည်း လုံခြုံရေးနည်းဗျူဟာအတွက် နျူကလီးယားလက်နက်များရဲ့ အခန်းကဏ္ဍနဲ့ နျူကလီးယားအရေအတွက်လျှော့ချဖို့အရေးအိုဘားမားရဲ့ ကြိုးစားမှုတွေနဲ့ ပြောင်းပြန်ဖြစ်သွားမလားဆိုတာ စိုးရိမ်ရပါတယ်။

နျူကလီးယားခေတ်လို့ဆိုလိုက်တဲ့ အချိန်ကစပြီး အမေရိကန်ဟာအဓိကအခန်းကဏ္ဍက ပါဝင်လာပါတယ်။ ရီပက် ဘလစ်ကန်ပါတီအဖွဲ့ဝင်အများအပြားပါဝင်တဲ့ ကွန်ဂရက်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ဦးဆောင်မှုအောက်မှာ အမေရိကန်နိုင်ငံဟာ နျူကလီး ယားအခန်းကဏ္ဍကိုသာ ပြောင်းလဲခဲ့မယ်ဆိုပါက ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ရဲ့နျူကလီးယားလက်နက်ဆိုင်ရာ အစီအစဉ်များကို ရပ်တန့်ကောင်းရပ်တန့်နိုင်မည် ဖြစ်ပါကြောင်း။

---

## ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်၍ ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းရန်လို

**မန္တလေး ဩဂုတ် ၈**

ယခုဘဏ္ဍာနှစ်တွင် ဇူလိုင် ၂၁ ရက်အထိ မြန်မာတစ်နိုင်ငံလုံးမှ တရုတ်နိုင်ငံသို့ ဝါတင်ပို့မှုအနေဖြင့် ၄၈၇ ဒသမ ၅၈ မက်ထရစ်တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၃ သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ပြည်ပနိုင်ငံများမှ ချည်ခင် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၉၃ သန်းနှင့် အပ်ချည်ကြိုး တင်သွင်းမှုမှာ ဒေါ်လာ ၅ ဒသမ ၄၄၅ သန်းဖိုးအထိ များပြားနေသောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ပစ္စည်းအဖြစ် ထုတ်လုပ်လုပ်ကာ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိကြောင်း မြန်မာ့ကုန်သွယ် မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောကြား သည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကုန်သည်ကြီးများ အသင်းခန်းမတွင် ဩဂုတ် ၄ ရက်က ပြုလုပ်ခဲ့သော ဝါ၊ ကြံ၊ သကြားပြည်ပပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် သမားရိုးကျ လက်မှုလုပ်ငန်းများကို စက်မှုလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲရန် နိုင်ငံတော်အစိုးရကဏ္ဍမှလည်း အားပေးကူညီနေသောကြောင့် လုပ်ငန်းရှင်များအနေဖြင့် ဝါ၊ ကြံ၊ သကြားထုတ်ကုန်များကို မိမိနိုင်ငံအတွင်း ရောင်းဝယ်နေသည့်အဆင့်မှ အာဆီယံဒေသတွင်း ရောင်းဝယ်ဖောက်ကားသည့် အဆင့်နှင့် အခြားကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောင်းဝယ်ဖောက်ကားနိုင်သည့် အဆင့်အထိ ကြိုးစားကြရန်လိုအပ်ပြီး လုပ်ငန်းရှင်အသီးသီးကလည်း လက်ရှိအခြေအနေမှ မိမိမိသားစုအတွက်သော်လည်းကောင်း၊ မိမိလုပ်ငန်းကို မှီခိုနေသည့် လုပ်သားများအတွက်သော် လည်းကောင်း၊ မိမိနိုင်ငံအတွက်သော်လည်းကောင်း ကြိုးစားကြရမည်ဖြစ်ကြောင်းလည်း ညွှန်ကြားရေးမှူးချုပ် တိုက်တွန်းပြောကြားခဲ့သည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲက ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေးအတွက် ဝါ၊ ကြံစိုက်ပျိုးထုတ်လုပ်သူများ အသင်းနဲ့ ကုန်သည်လုပ်ငန်းရှင်များအတွက် စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ ဈေးငွေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် သက်ဆိုင်တဲ့ ဥပဒေများနဲ့ ပတ်သက်ပြီး အသိပညာတွေရရှိမှာဖြစ်ပါတယ်။ ဝါ၊ ကြံ၊ သကြား ဈေးကွက် တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ဆက် လက်ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများတွင် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါပြီး မန္တလေးတိုင်းဒေသကြီးသည် လက်ရှိတွင် လမ်းမကြီးအသီးသီး၏ ဆုံရပ်အဖြစ် တည်ရှိနေသည့်အပြင် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့်လည်း နီးကပ်စွာတည်ရှိနေသဖြင့် စီးပွားရေးတွင် အားသာချက်များစွာရှိသောကြောင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များဘဝမှ ပြည်ပပို့ကုန် လုပ်ငန်းရှင်ကြီးများ၊ Exporter များအဖြစ် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ကာ ကုန်သွယ်ရောင်းဝယ်နိုင်ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် ဝါစိုက်ဧကအနေဖြင့် နှစ်စဉ်ပျမ်းမျှ ၇၃၀၀၀ ဧကခန့်ရှိပြီး အထွက်နှုန်းအနေဖြင့် စုစုပေါင်းတန်ချိန် ငါးသိန်းခန့်ထွက်ရှိကာ ရာသီဥတု အနေအထားအရ မန္တလေးတိုင်းဒေသကြီးသည် ဝါစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်း သိရသည်။ ကြံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ခန့်မှန်းစိုက်ဧက ၇၃၇၉၀၀ ဧကရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် စိုက်ဧက ၅၉၆၀၀ ရှိကြောင်းနှင့် သကြားစက်ရုံများအနေဖြင့် တစ်ရက်လျှင် တန်ချိန် ၁၀၀၀ ကျော်အထိ ကြိတ်ဝါးနိုင်သော စက်ရုံကြီး ငါးရုံအထိ မန္တလေးတိုင်းဒေသကြီးအတွင်း ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## မြို့နယ်သာသနာ့နုဂ္ဂဟအသင်းများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းနှင့် ခရိုင်အတွင်း (၁၄) မြို့နယ် သာသနာ့နုဂ္ဂဟအသင်းများ တွေ့ဆုံလုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြစ်အတွင်းရှိ ရေပေါ်ဟိုတယ်၌ ဩဂုတ် ၃ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေး၌ အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးတင်ရှိန်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ခရိုင်အလုပ်အမှုဆောင်များနှင့် (၁၄) မြို့နယ်မှ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(ဃ) အမှတ်တံဆိပ်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)

## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၁၀။ အမှတ်တံဆိပ် တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်ဟုမှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) သိသာထင်ရှားမှု မရှိခြင်း၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သောအကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန် သို့မဟုတ် အခြားသော လက္ခဏာများကို ဖော်ပြသည့် အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာပါဝင်ခြင်း၊

**ခြွင်းချက်။** ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ အချက်များသည် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့် မရှိစေရ -

(၁) အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ ယင်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှု ရှိနေခြင်း၊

(၂) နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်၌ လျှောက်ထားသူက ယင်းအမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်း သီးသန့်အသုံးပြုလျက်ရှိခြင်း။

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(ဃ) မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာခြင်း၊

(င) ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ အများပြည်သူ သို့မဟုတ် ကုန်သွယ်မှု နယ်ပယ်ကို ထင်ယောင်ထင်မှား ဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(စ) သက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက သတ်မှတ်ထားသည့် ကွပ်ကဲမှု သို့မဟုတ် အာမခံချက်ကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် အရည်အသွေးအာမခံ အမှတ်တံဆိပ် စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊

(ဆ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ချက်နှင့် ငြိစွန်းခြင်း၊

(ဇ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

၁၁။ အမှတ်တံဆိပ် တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

**ရှင်းလင်းချက်။** ။ အဆိုပါ ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူညီသော အမှတ်တံဆိပ်ကို အသုံးပြုခြင်းသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ထိပါးချိုးဖောက်မှု ဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်ကို သဘောရိုးဖြင့်မဟုတ်ဘဲ မှတ်ပုံတင်လျှောက်ထားခြင်း၊

(င) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူသို့မဟုတ် အလားတူဖြစ်သည့်အပြင်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ မတူညီသော်လည်း ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါအသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း( ၇ )

## လျှောက်ထားခြင်း

၁၂။ ဤဥပဒေအရ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် မှတ်ပုံတင်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကိုရရှိလိုပါက အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၃။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင် လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်းဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၄။ (က) အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များဖော်ပြရမည်-

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၄) အမှတ်တံဆိပ်၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန် တောင်းဆိုသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ၏ အမည်နှင့် အမျိုးအစားများ၊

(ခ) ပုဒ်မခွဲ(က)ပါအချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည်-

(၁) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၄) လျှောက်ထားသည့် အမှတ်တံဆိပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက ယင်းသို့ မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြုလက်မှတ်၊

(၅) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၅။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ်လျှောက်ထားချက်ကို ဦးစီးဌာနမှ လက်ခံရရှိသည့် နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ (က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသောနေ့ရက် အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံးတင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးကိုတောင်းဆို လျှောက်ထားလာခြင်း ဖြစ်လျှင် ဦးစားပေးအခွင့်အရေးနေ့ရက် အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၁၇။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ် သည့် ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများ အားလုံးကို ပုဒ်မခွဲ(က)အရ ညွှန်ကြားသော်လည်း ယင်းတို့ အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၁၈။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့် ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေး ငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအများအပြားပါဝင်သော မည်သည့် လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပေးရန်လည်းကောင်း သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့် နေ့ရက်ကို လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ (၁၈) ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း(၈)

## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၀။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ ပုဒ်မ (၁၄) ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ၊ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ (၁၀) ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကို လည်းကောင်း၊ ပုဒ်မ (၁၄) ပါအချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ၊ မရှိကို လည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါမှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၁။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ အမှတ်တံဆိပ်လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် ပြန်လည်လျှောက်ထားနိုင်သည်-

*(ဆက်လက်ဖော်ပြပါမည်)*

# ကြက်ဥ၊ ကြက်သား ရောင်းအားနှင့် ဈေးနှုန်းကျပြီး ဝက်သားရောင်းအားကျသော်လည်း ဈေးမကျ

**ရန်ကုန် ဩဂုတ် ၈**

ဇူလိုင်လလယ်ခန့်မှစ၍ ရာသီတုပ်ကွေး H1N1 သတင်းများကြောင့် ပြည်သူများအကြား စိုးရိမ်စိတ်ဖြစ်ပေါ်လာကြပြီး ကြက်သား၊ ကြက်ဥနှင့် ဝက်သား ဝယ်ယူစားသုံးမှုနှုန်း လျော့ကျလာခဲ့ကာ ဝယ်လိုအားကျဆင်းခြင်းနှင့်အတူ ကြက်သားနှင့် ကြက်ဥဈေးနှုန်းများပါ ကျဆင်းလာသော်လည်း ဝက်သားမှာ ဈေးမကျသေးကြောင်း သိရသည်။

ကြက်သားဈေးကျသော်လည်း မွေးမြူရေးကြက်သားဈေးသာ ကျလာခြင်းဖြစ်ပြီး တိုင်းရင်းကြက်များမှာမူ ရန်ကုန်ဈေးကွက်သို့ အဝင်လျော့ကျလာ၍ ဈေးမကျဘဲရှိနေကြောင်း သိရသည်။ မွေးမြူရေးကြက်သားဈေးမှာ ယခင်က တစ်ပိဿာ ကောင်လုံးဈေး ၆၀၀၀ ကျပ် အသားခြမ်း ၇၀၀၀ ကျပ်နှုန်းရှိရာမှ ယခုရက်တွင် ကောင်လုံးဈေး ၄၀၀၀ ကျပ်နှင့် အသားခြမ်း ၅၀၀၀ ကျပ်နှုန်းသာရှိသည်။ တိုင်းရင်းကြက်မှာ လက်လီဈေးကွက်တွင် တစ်ပိဿာ ကောင်လုံးဈေး ၈၀၀၀ ကျပ်၊ အသားခြမ်း ၁၀၀၀၀ မှ ၁၂၀၀၀ ကျပ်အတွင်း ဈေးနှုန်းများဖြင့် ရောင်းချနေပြီး ဒလဘက်ကမ်းမှလာရောင်းသူလမ်းဘေးဈေးသည်များတွင်မူ တိုင်းရင်းကြက်ကောင်လုံးဈေး တစ်ပိဿာ ၇၀၀၀ ကျပ်၊ အသားခြမ်း ၉၀၀၀ ကျပ်နှုန်းရှိသည်ဟု သိရသည်။

ကြက်ဥများမှာမူ ရန်ကုန်ဈေးကွက်တွင် ဈေးထိုးကျနေပြီး ယခင်က ရန်ကုန်မြို့လယ်လက်လီဈေး တစ်လုံးလျှင် ၁၇၀ ခန့်ရှိရာမှ ယခုရက်ပိုင်းတွင် တစ်လုံး ၁၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေပြီး ကုန်တိုက်အချို့တွင်လည်း ကြက်ဥတစ်လုံး ၁၃၀၊ ၁၄၀ ခန့်မှ ၁၁၀ ခန့်အထိ ဈေးနှုန်းလျော့ကျနေသည်။ ကြက်ဥဒိုင်များတွင် လက်ကားဈေးမှာမူ ကြက်ဥတစ်လုံးလျှင် ကျပ် ၅၀၊ ၆၀ ခန့်သာ ရှိတော့သည်အထိ ဈေးနှုန်းကျဆင်းနေသည်ဟု လမ်းမတော်မြို့နယ်တွင် ကြက်ဥဘဲဥ လက်လီရောင်းချနေသူတစ်ဦးက ပြောသည်။ ကြက်ဥဈေးကျသော်လည်း ဘဲဥမှာ ဝယ်လိုအားမကျသလို ဈေးလည်းမကျဘဲ လက်လီဈေးကွက်တွင် ပုံမှန်အတိုင်း ကျပ် ၁၅၀၊ ၁၆၀ ခန့်နှုန်းနှင့် ဒိုင်ဈေး ကျပ် ၁၂၀ ခန့်ရှိနေကြောင်း သိရသည်။

ဝက်သားမှာမူ ပုံမှန်ဝယ်လိုအားထက် တဝက်ခန့် လျော့ကျသွားသော်လည်း ဈေးမကျဘဲ ပုံမှန်အတိုင်းရှိနေကာ အချို့ဆိုင်များက ပုံမှန်ရောင်းချနေသလို ရောင်းအားကျ၍ အချို့ဆိုင်မှားမှာ ယာယီဆိုင်ပိတ်ထားကြကြောင်း လမ်းမတော်သံဈေးမှ ဝက်သားရောင်းချသူတစ်ဦးက ပြောသည်။ လက်ရှိဈေးနှုန်းမှာ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ ကျပ်အတွင်း ရှိနေသည်။

လက်ရှိအချိန်တွင် တုပ်ကွေးရောဂါသတင်းများကြောင့် ပြည်သူများ စိုးရိမ်စိတ်ပိုပြီး ကြက်ဥနှင့်ကြက်သား စားသောက်မှု လျော့နည်းလာသဖြင့် ရန်ကုန်အပါအဝင် နယ်မြို့ကြီး အချို့တွင် တာဝန်ရှိသူများက ဦးဆောင်၍ ကြက်သားစားပွဲတော်များကို ပြုလုပ်နေကြသလို ရန်ကုန်မြို့ရှိ နာမည်ကြီးကြက်ကြော်ဆိုင်အချို့ကလည်း ကြက်ကြော်အခမဲ့ကျွေးသည့်အစီအစဉ်များ ပြုလုပ်နေကြကြောင်း သိရသည်။ သို့ရာတွင် ပြည်သူများ ကြက်သားစားသုံးမှု လျော့ကျလာခြင်းမှာ ကြက်သားစားရမည်ကို စိုးရိမ်ခြင်းထက် ကြက်သားစိမ်းကိုဝယ်၍ အိမ်တွင် ကိုင်တွယ်ရ၊ ချက်ပြုတ်ရမည်ကို စိုးရိမ်ကြခြင်းက ပိုများနေခြင်းကြောင့်ဖြစ်ရာ ကြက်သားစားပွဲများ ပြုလုပ်ခြင်းကြောင့် ကြက်သားစားသုံးမှု ပြန်များလာရေးကို အထောက်အကူပြုမည်မဟုတ်ကြောင်း ပြည်သူတစ်ဦးက ပြောသည်။

ရန်ကုန်ဈေးကွက်တွင် ယခုရက်ပိုင်း ကြက်ဥနှင့် ကြက်သားများ ဝယ်လိုအားလျော့ကျခြင်းကြောင့် ဈေးနှုန်းများလျော့ကျနေသော်လည်း အခြား စားသောက်ကုန်များမှာမူ ဈေးနှုန်းလုံးဝလျော့ကျခြင်းမရှိဘဲ ပုံမှန်ဈေးနှုန်းများဖြင့်သာ ရောင်းချနေကြကာ ငါးနှင့် ပုစွန်ဈေးနှုန်းမှာမူ ပုံမှန်ထက် ပိုမြင့်တက်လာလျက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**



## ဖျာပုံမြို့နယ်အတွင်းမှ မွေးမြူရေးကြက်ခြံများ ကားလမ်းနှင့်ချောင်းများမှ ဝေးရာသို့ရွှေ့စေလို

**ဖျာပုံ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ဘိုကလေး-လှိုင်သာယာလမ်းနှင့် ဖျာပုံ-ဒလ ကားလမ်းတို့တွင် ကြက်ခြံများကို လမ်းမနှင့်နီးကပ်စွာဆောက်လုပ်ပြီး မွေးမြူရေးကြက်များ မွေးမြူထားကြသလို အချို့ကျေးရွာများ၌ ချောင်းများဘေးတွင် ကြက်ခြံများဆောက်၍ မွေးမြူထားကြရာ အဆိုပါ ကြက်ခြံများကို လမ်းများ၊ ချောင်းမြောင်းများနှင့် ဝေးရာတွင်သာ မွေးမြူစေရန် ခရီးသွားပြည်သူအချို့က လိုလားလျက်ရှိသည်။

ဘိုကလေး-ရန်ကုန် ကားလမ်းမဘေးမှ မွေးမြူရေးကြက်ခြံများမှာ ကားလမ်းနှင့် နီးကပ်လွန်းနေသဖြင့် အခါအခွင့်သင့်ခိုက်တွင် မွေးမြူရေးကြက်ခြံများကို ကားလမ်းနှင့် အကွာအဝေးတစ်ခုသတ်မှတ်၍ ဆောက်လုပ်မွေးမြူစေရန် တာဝန်ရှိသူများက ညွှန်ကြားပေးစေလိုကြောင်း ဘိုကလေး-ရန်ကုန်ခရီးကို မကြာခဏသွားနေရသော ခရီးသည်တစ်ဦးပြောသည်။

ဖျာပုံမြို့နယ်အတွင်း အချို့ကျေးရွာများ၌လည်း မွေးမြူရေးကြက်ခြံများကို ချောင်းမြောင်းများဘေးတွင် ဆောက်လုပ်ထားခြင်း ရှိနေသဖြင့် ရေလမ်းကြောင်းမှ ခရီးသွားသော ပြည်သူများ အနံ့အသက်ဆိုးများခံစားရခြင်း မရှိစေရန်နှင့် ကြက်ငှက်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်သောအားဖြင့် မွေးမြူရေးကြက်ခြံများကို ကားလမ်းဘေးနှင့် ချောင်းမြောင်းများဘေးမှ သင့်လျော်သည့်အကွာအဝေးသို့ ရွှေ့ပြောင်းပေးရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိနေကြခြင်း ဖြစ်သည်။

**အောင်ဝင်း(ဖျာပုံ)**

## အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်

**ဓနုဖြူ ဩဂုတ် ၈**

ဓနုဖြူမြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲမှုလျှော့ချနိုင်စေရန်နှင့် တစ်ဖက်တစ်လမ်းမှ ကျန်းမာသန့်ရှင်းသော စားသောက်ကုန်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ အေးစေတီကျောင်းတိုက်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သစ်သီးဝလံနှင့် အခြားစားသောက်ကုန်ထုတ်လုပ်နည်းကို ဩဂုတ် ၁ ရက်မှစ၍ ဩဂုတ် ၇ ရက်အထိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**ခင်သန္တာထွေး (ပြန်/ဆက်)**

## ညောင်ဦး၌ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ညောင်ဦး ဩဂုတ် ၈**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူး၍ Tourism Awareness Talk Show အခမ်းအနားကို ညောင်ဦးမြို့ရှိ Bagan Hotel River View ဟိုတယ်၌ ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်ဇော်က အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် HRD ဆပ်ကော်မတီမှ ဒေါ်ခင်စန်းအေးက Responsible Tourism နှင့်ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးကာ ခရီးသွားလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်) ဥက္ကဋ္ဌ ဦးဇော်ဝိတ်က Sustainable Tourism နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးထွန်းထွန်းအောင်(ILO Master Trainer)က လုံခြုံသန့်ရှင်းမှုကိစ္စရပ်များနှင့် Eco-Friendly အကြောင်းအရာများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ သိရှိလိုသည့်မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းကြောင့် ဆုံးရှုံးခဲ့သောလယ်မြေများကို တောင်သူများ ပြန်လည်ရယူလို

**ကျောင်းကုန်း ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာအုပ်စု ကညင်ကောက်ရွာရှိ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေးမြောင်းများတည်ဆောက်ရာတွင် ဒေသခံတောင်သူများ ဆုံးရှုံးသွားခဲ့သည့် လယ်မြေများအတွက် မြေယာလျော်ကြေးပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်က စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက စီမံကိန်းမြောင်းမကြီးနှင့် ပတ်သက်သည့် တောင်သူ ၉၇ ဦးရှိကြောင်း တင်ပြခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးဗဟိန်းက ဆည်မြောင်းစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက စီမံကိန်းကို ၂၀၀၄ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ တောင်သူများက အသုံးမလိုကြောင်း တင်ပြခဲ့မှုကြောင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ရပ်နားထားရကြောင်း၊ စီမံချက်ကေကိုးထောင် လျာထားကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သော ဒေသခံတောင်သူများကမူ မိမိတို့ဒေသတွင် ရေတော်မိုးတော်ဖြင့် တစ်နှစ်လျှင် နှစ်သီးသာ စိုက်ပျိုးနေကြ၍ ယခု လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို မလိုအပ်ဘဲ ဖျက်သိမ်းပေးရန်နှင့် မိမိတို့လယ်ယာမြေများကိုသာ ပြန်လည်ရယူလိုကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံတောင်သူများအနေဖြင့် စီမံကိန်းကိုဖျက်လိုလျှင် မဖျက်ခင် စဉ်းစားကြဖို့လိုကြောင်း၊ ဒေသအတွင်း မိုးခေါင်ခဲ့လျှင် လျှပ်စစ်မြစ်ရေတင်က အထောက်အကူပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းမြောင်းကြီးက အကျိုးမရှိဘူးဆိုလျှင် ဖျက်နိုင်ကြောင်း၊ သို့သော် မဖျက်မီ စမ်းစေချင်သေးကြောင်း၊ လက်ရှိ တစ်သီး၊နှစ်သီး စိုက်ပျိုးရာမှ စီမံကိန်းကြောင့် သုံးသီးစိုက်ပျိုးနိုင်မည်ဆိုလျှင် ဒေသခံတောင်သူများအတွက် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မဲဇာချောင်းကူးတံတား ဆောက်လုပ်နိုင်ရေး စတင်စီစဉ်ဆောင်ရွက်နေ

**အင်းတော် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သီလရွာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံများအနေဖြင့် ကျေးရွာချင်း ဆက်သွယ်သွားလာရေးတွင် မဲဇာချောင်းကို စက်တပ်လှေ၊ သမ္ဗန်များဖြင့် ဖြတ်ကူး၍ ဆက်သွယ်သွားလာနေရပြီး မိုးရာသီကာလတွင် အန္တရာယ်များသဖြင့် သီလရွာကျေးရွာနှင့် မြသီတာကျေးရွာကြားတွင် ချောင်းကူးတံတားတည်ဆောက်နိုင်ရန် စတင်စီစဉ်လျက်ရှိကြောင်း သိရသည်။

မဲဇာချောင်းရေပြင်သည် အကျယ် ပေ ၅၀၀ ကျော်ရှိပြီး သီလရွာကျေးရွာနှင့် မြသီတာကျေးရွာကြားတွင် အကျယ် ပေ ၂၅၀ ခန့်သာရှိသဖြင့် ထိုနေရာတွင် ကျေးရွာချင်းဆက် လူကူးကြိုးတံတည်ဆောက်နိုင်ရန် နေရာရွေးချယ်၍ တာဝန်ရှိသူများထံ တင်ပြထားပြီးဖြစ်ကာ ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးရွာအတွင်း ၁၀ အိမ်ထောင်စုလျှင် ရွာခေါင်းတစ်ဦးဖြင့် ရွာခေါင်း ၁၀ ဦးက အဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း ရွာခေါင်းအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ချောင်းကူးရန် ပြေးဆွဲနေသည့် ကူးတို့လှေများအနေဖြင့်လည်း ခရီးသည်များ အန္တရာယ်ကင်းရန် ဂရုစိုက်မောင်းနှင်နေရကြောင်း သိရသည်။ “ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်တွေ၊ သံဃာတော် အရှင်သူမြတ်တွေကို ဂရုတစိုက် စောင့်ရှောက်နေပါတယ်။ မိုးတွင်းဆိုတော့ ရေစီးသန်ပြီး ရေကြောင်းရှည်လျားတဲ့အတွက် အထူးဂရုစိုက် မောင်းနေရတာပါ။ ဆိုင်ကယ်က ငါးစီး၊ လူ ၁၅ ယောက်အထိသာ လက်ခံပြီးပြေးဆွဲပါတယ်။ ဒီထက်ပိုမတင်ရဲပါဘူး။ ရေရှည်အတွက်ဆိုရင်တော့ လူကူးကြိုးတံတား ဆောက်လုပ်နိုင်ဖို့မျှော်မှန်းထားပါတယ်”ဟု စက်လှေမောင်းသူတစ်ဦးက ပြောသည်။

သီလရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာအများစုမှာ အဆိုပါမဲဇာချောင်းကြောင့် သွားလာရေးခက်ခဲနေသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိကြောင်း သိရသည်။

(ဝ၆၇)



မဲဇာချောင်းကူး ကူးတို့လှေတစ်စင်းပေါ်မှ ကျောင်းသား ကျောင်းသူများ



# နိုင်ငံတကာစင့်မြင့်ထက် ဖျော်ဖြေမှုနှင့် သီဆိုဖျော်ဖြေမှုဆိုင်ရာ

# နိုင်ငံတကာနည်းစနစ်များ တတ်ကျွမ်းလာ

Galaxy Star သီချင်းဆိုပြိုင်ပွဲမှ နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် (၁၀) ဦးသည် ကိုရီးယားနိုင်ငံတွင် အပြင်းအထန် လေ့ကျင့်သင်ကြားမှုများအပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာ ပြီဖြစ်သည်။ အဆိုပါ ပြိုင်ပွဲဝင် (၁၀) ဦးသည် Junction City ဈေးဝယ်စင်တာ၏ ပရိုမိုးရှင်း ဇရိယာတွင် ၎င်းတို့၏ ပရိသတ်များနှင့် တရင်းတနှီး တွေ့ဆုံလက်မှတ်ရေးထိုးခဲ့ပြီး ပျော်ရွှင်ဖွယ်ရာဂိမ်းများကိုလည်း ဩဂုတ် ၆ ရက်က အတူတကွ ကစားခဲ့ကြသည်။

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည့် မတူညီသော level များဖြင့်ဖွဲ့စည်းထားသော နောက်ဆုံးအဆင့် (၄) ဆင့်အတွက် ပြိုင်ပွဲဝင် (၁၀) ဦးမှ အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်သည်။ နောက်ဆုံးအဆင့် (၄) ဆင့်အား ဩဂုတ် ၁၁ ရက်မှစ၍ အပတ်စဉ် သောကြာနေ့တိုင်း MRTV-4 တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

အဆိုပါ အပိုင်း (၄) ပိုင်းတွင် ပြိုင်ပွဲဝင်များအား အကဲဖြတ်ဒိုင်များ၏ ဆုံးဖြတ်ချက်နှင့်အတူ ကြည့်ရှုသူ ပရိသတ်များအား မဲပေးဆုံးဖြတ်ချက်များကိုပါ ထည့်သွင်း၍ ရွေးချယ်သွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့် ရွေးချယ်မှုတွင် အကဲဖြတ်ဒိုင်များ၏ အကဲဖြတ်အမှတ်ပေးခြင်းသည် ၅၀ ရာခိုင်နှုန်းပါဝင်မည်ဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏ ရွေးချယ်မဲပေးမှုမှာ ၅၀ ရာခိုင်နှုန်းပါဝင်မည် ဖြစ်သည်။

အနိုင်ရရှိသူ (Grand Winner) သည် ဆုကြေးငွေအဖြစ် မြန်မာငွေကျပ်သိန်းတစ်ထောင်အား ရရှိပိုင်ဆိုင်နိုင်မည်သာမက အနိုင်ရရှိပြီး တစ်နှစ်အတွင်း ပထမဆုံး ကိုယ်ပိုင်တေးစီးရီးအား ကိုရီးယားနိုင်ငံတွင် ရိုက်ကူးထုတ်လုပ်နိုင်မည့် အခွင့်အရေးရရှိကာ ကမ္ဘာကျော်အနုပညာ ငွေကြယ်ပွင့်တစ်ဦးဖြစ်လာရန် ကူညီပံ့ပိုးပေးမည် ဖြစ်သည်။

"စိတ်လှုပ်ရှားစရာအလွန်ကောင်းပါတယ်။ ကျွန်တော်တို့ ကိုရီးယားမှာ သင်ယူခဲ့ရတာတွေက အများကြီးပဲ။ ကျွန်တော့်စိတ်ကူးကတော့ ကံကောင်းလို့များ Winner ဖြစ်ခဲ့မယ်ဆိုရင် ရလာတဲ့ပိုက်ဆံနဲ့ ကျွန်တော်တို့ဇာတိ မြေမှာကလေး တွေအတွက် ကျောင်းကောင်းကောင်းဆောက်လှူမယ်။ နိုင်ငံကျော်အဆိုတော် တစ်ယောက်ဖြစ်ဖို့ဆိုတာ လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ အခုနောက်ပိုင်းမှာ ပြိုင်ပွဲတွေ ပေါ်လာတာက ကျွန်တော်တို့လို အခွေထုတ်ဖို့ ခက်ခဲသူတွေအတွက် အများကြီးအထောက်အကူဖြစ်စေတယ်"ဟု ပြိုင်ပွဲဝင် တစ်ဦးဖြစ်သည့် စန်းသူအောင်က ပြောပြသည်။

အဆိုပါနောက်ဆုံးအဆင့်ပြိုင်ပွဲဝင် (၁၀) ဦးအား ကိုရီးယားနိုင်ငံရှိ နာမည်ကျော် Global K Center တွင် ကိုရီးယားနိုင်ငံ၏ K-Pop အနုပညာရှင်များကို လေ့ကျင့်သင်ကြားပေးခဲ့သော အတတ်ပညာရှင်များမှ သီဆိုမှုအရည်အသွေးများ၊ စင်မြင့်ထက်ဖျော်ဖြေရေး အရည်အသွေးများသာမက သီချင်းသီဆိုရာတွင် စိတ်ခံစားမှုများကို ပေါ်လွင်စေရန်နှင့် ဖော်ထုတ်ပြသတတ်စေရန်အတွက် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကိုပါ သုံးပတ်ကြာစနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

"အခုလို စိတ်လှုပ်ရှား စရာကောင်းတဲ့အစီအစဉ်မှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက်လည်း အလွန်ကို ဂုဏ်ယူမိပြီးတော့ ဖြစ်နိုင်ရင် ပြိုင်ပွဲဝင်(၁၀) ယောက်လုံးကိုလည်း ဆုရရှိသူ Winner ဖြစ်စေချင်ပါတယ်။ သူတို့လေးတွေအနေနဲ့ မကြာခင်အချိန်အတွင်းမှာ သူတို့ရဲ့စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံက အရည်အချင်းရှိတဲ့ လူငယ်လေးတွေအဖြစ် ကမ္ဘာ့စင်မြင့်ထက်မှာ ဖျော်ဖြေဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာ သေချာပါတယ်" ဟု ဆမ်ဆောင်းမြန်မာမှ ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

**ကိုလင်း**

# ကျပ်သိန်းပေါင်း နှစ်သောင်းကုန်ကျမည့် ဗိုလ်ချုပ်ဇာတ်ကား ၂၀၁၉နှစ်ကုန်တွင် မြင်တွေ့ရမည်ဟု စီစဉ်သူများဆို




လာမည့် ၂၀၁၉ ခုနှစ်၏ နောက်ဆုံးရက် ဒီဇင်ဘာ ၃၁ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားကို ထွက်ရှိနိုင်ရန်အတွက် ကြိုးပမ်းနေပြီး မူလရည်ရွယ်ထားသည်များကိုလည်း ဘာတစ်ခုမှ ပြောင်းလဲခြင်းမရှိဟု ဗိုလ်ချုပ်ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှ ဩဂုတ်လဆန်းတွင် မီဒီယာများအား အတည်ပြုပြောကြားလိုက်သည်။

ဒါရိုက်တာ ကိုသူရ (ဇာဂနာ)က ဗိုလ်ချုပ်ရုပ်ရှင်နှင့်ပတ်သက်၍ ပြောဆို ဝေဖန်သူများအား အဖွဲ့ဝင်များက စိတ်မကောင်းဖြစ်ရကြောင်း၊ ရရှိထားသည့် ငွေကြေးများနှင့် ဇာတ်ကားရိုက်ကူးမည့် ကုန်ကျစရိတ်သည် များစွာကွာခြားကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ စတင်ရိုက်ကူးနိုင်ရန်သာ အားထုတ်လျက်ရှိပြီး အခက်အခဲများအကြောင်းကို မီဒီယာများတွင် မပြောခဲ့သဖြင့် ယခုကဲ့သို့ အထင်အမြင် လွဲမှားမှုများ ဖြစ်နေရကြောင်း ပြောပြသည်။ အဆိုပါဇာတ်ကားရိုက်ကူးမှုအတွက် လှူဒါန်းရရှိမှုမှာ ငွေကျပ်သိန်း ၂၀၀၀၀န်းကျင်ရရှိထားပြီး ဇာတ်ကား၏ စုစုပေါင်း ကုန်ကျစရိတ်ကို ငွေကျပ်သိန်းနှစ်သောင်းဟု သတ်မှတ်ထားရာ လက်ရှိတွင် ယင်းဇာတ်ကားအတွက် ဖြစ်မြောက်ရေးအဖွဲ့မှ အိတ်စိုက် ငွေကျပ်သိန်း ၈၀၀၀ ဝန်းကျင် သုံးစွဲထားပြီးဖြစ်ရာ ကျန်ရှိနေသေးသည့် ကုန်ကျစရိတ်များအတွက်လည်း မည်သူ့ကိုမှု အလှူခံသွားမည်မဟုတ်ဘဲ မိမိတို့ ငွေကြေးများဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ဇာဂနာက ပြောကြားခြင်းဖြစ်သည်။

ထို့အပြင် ဇာတ်ကားတွင်ပါဝင်မည့် ရွေးချယ်ခံရသူများကိုလည်း ဆက်သွယ်အကြောင်းကြားထားပြီး လာမည့် ၂၀၁၉နှစ်ကုန်တွင် အပြီးရိုက်ကူးသွားမည်ဖြစ်သည်ဟု သိရသည်။

**ဝေလင်း**



# နှင်းဆီစီးချင်းရုပ်ရှင်တွင် မင်းသမီးသစ်အား မင်းသားလေးဦး၏ပံ့ပိုးမှုဖြင့် ပွဲထုတ်မည်

**— ကိုလင်း —**

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးမည့် "နှင်းဆီစီးချင်း" ရုပ်ရှင် ဇာတ်ကားအတွက် ရွေးချယ်ထားသော မင်းသမီးသစ်နှင့် ဇာတ်ကားအကြောင်း သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒန်းဟိုတယ်တွင် ကျင်းပသည် ။

အဆိုပါ ရွေးချယ်မိတ်ဆက်ပွဲတွင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ဦးဆောင်ပြီး နေတိုး၊ ထွန်းထွန်း၊ ကျော်ကျော်ဗိုလ်နှင့် မင်းမော်ကွန်းတို့က "နှင်းဆီစီးချင်း" ဇာတ်ကားအတွက် မော်လမြိုင်သူလေး ဇွန်လေးဖြူကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ဇာတ်ကားအတွက် ပထမဆုံးရွေးချယ်ခဲ့တဲ့နေရာမှာ ကျွန်တော်တို့ တစ်ပြည်လုံးအတိုင်းအတာနဲ့ အားလုံးလာရောက်ယှဉ်ပြိုင်သူ အယောက် (၃၀၀) ကျော် ရှိပါတယ်။ ဒီအထဲကနေမှာ ကျွန်တော်တို့ 3XD သရုပ်ဆောင်သင်တန်းသူ ငါးဦးကို ရွေးချယ်ခဲ့ပြီး နှင်းဆီစီးချင်း ဇာတ်ကားအတွက် ဇာတ်လမ်းထဲက အတိုင်းဆိုကလေး မျက်နှာလေးနဲ့ ချစ်စရာပုံစံလေးဖြစ်ရမယ်၊ အစ်ကိုတွေကြားထဲမှာ နေရတဲ့ ညီမငယ်လေး တစ်ယောက်အဖြစ် သရုပ်ဆောင်ရမယ်ဆိုတော့ သမီးငယ် ဇွန်လေးဖြူကို အားလုံးစိစစ်ရွေးချယ်လိုက်ရတာပါ။ ဇာတ်ကားကိုတော့ လာမယ့် ဩဂုတ် ၁၂ ရက်မှာ နေပြည်တော်မှာ သွားရောက်ရိုက်မှာ ဖြစ်ပါတယ်။

ပြင်ဆင်မှုတွေကတော့ အားလုံးကိုမပြောရသေးပါဘူး။ ဒီဘက်ခေတ်လူငယ်တွေကို ဦးတည်ရိုက်ကူးထားတဲ့ ဇာတ်ကားတစ်ကားဆိုလဲ မှန်ပါတယ်။ ဆံပင်ရှည်ထားချင်ထားကြမယ်၊ Rock သီချင်းတွေ ကြိုက်ချင်သူတို့ကြိုက်ကြမယ်၊ ဆေးမှင်ကြောင် ထိုးချင်ထိုးထားကြမယ်၊ ဒါပေမယ့် သူတို့ဟာ လမ်းသရဲတွေ ဟုတ်ချင်မှ ဟုတ်မယ်၊ သိန်းထောင်ချီတန်တဲ့ကား အကောင်းစားတွေကို မစီးဘဲ ဂိုဒေါင်ထဲမှာ သိမ်းထားပြီး၊ မော်တော်ဆိုင်ကယ်တွေကို အမြတ်တနိုးနဲ့စီးပြီး သူတို့ရင်ထဲမှာ တိုင်းပြည် ချစ်စိတ်၊ ပရဟိတစိတ်တွေအပြည့်ရှိနေတတ်တယ်။ သူတို့ရဲ့ သဒ္ဓါတရားအတွက် လူသိအောင် ကြွားဝါပြီး ဘယ်တော့မှ မလုပ်ကြဘူး၊ ဒါတွေကို "နှင်းဆီစီးချင်း၊" ဇာတ်ကားမှာ ဒီလိုမျိုး လူငယ်တွေကို ဖော်ကျူးထားတဲ့ ကားပါ"ဟု ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ပြောသည်။

ယင်းဇာတ်ကားတွင် အရွေးချယ်ခံခဲ့ရသော သရုပ်ဆောင်သစ် ဇွန်လေးဖြူအနေဖြင့်လည်း၊ ဇာတ်ကားအကြောင်းအရာကို မသိရှိရသေးကြောင်း၊ မိမိအနေဖြင့် အကောင်းဆုံးသရုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပထမဆုံး စိတ်ကူးအနေဖြင့် သီချင်းသီဆိုရန် စိတ်ကူးထားခဲ့သော်လည်း၊ သရုပ်ဆောင်ပိုင်းကို စမ်းသပ်လုပ်ကိုင်ချင်သောစိတ်ကြောင့် ဝင်ရောက်ယှဉ်ပြိုင်ရာကနေ ယခုကဲ့သို့ ရွေးချယ်ခံခဲ့ရကြောင်း၊ ပြိုင်ပွဲကို သူမအနေဖြင့် လူမှုကွန်ယက်ကနေ တွေ့ရှိရာကနေ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ပြီး ပြိုင်ပွဲအတွက် ပြင်ဆင်မှုများအနေဖြင့် ပြင်ဆင်ချိန်မရှိခဲ့ကြောင်း၊ ပြိုင်ပွဲအတွက် ဗီဒီယိုဖိုင် ပို့ပေးခဲ့ပြီး ဒိုင်လူကြီးများမှာ သဘောကျ၍ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ရာမှ ယခုကဲ့သို့ ရွေးချယ်ခံခဲ့ရကြောင်း သိရှိရသည်။

## မလေးရှားတွင်ကျင်းပမည့်

# Miss Cosmopolitan

## ပြိုင်ပွဲသို့ မြတ်နိုးချစ်သွားရောက်ယှဉ်ပြိုင်မည်



အသက် ၁၇နှစ်သာရှိသေးသည့် မြန်မာအလှမယ် မြတ်နိုးချစ်က စက်တင်ဘာ ၁၆ရက်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် Miss Cosmopolitan ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် စက်တင်ဘာ ၁ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း Style Plus H မှ သိရှိရသည်။ "ကျွန်မအနေနဲ့ နိုင်ငံတကာကို အလှမယ်တွေ လေ့ကျင့်ပြီး ပြိုင်ပွဲတွေစေလွှတ်နေခဲ့တာ အများကြီး ရှိနေပါပြီ။ ဒါပေမယ့် အခုညီမလေးကတော့ အသက်အငယ်ဆုံးပါပဲ။ Miss Pinky ဆုရှင်လည်း ဖြစ်သလို Face of Myanmar 2017 မှာလည်း ဆုရသူဖြစ်ပါတယ်။ သူ့အရည်အချင်းကတော့ သူ့အသက်အရွယ်နဲ့ နှိုင်းယှဉ်ရင် ပိုပြီးသာလွန်နေတာတွေ့ရတယ်။ သွက်လက်ထက်မြက်သူလို့ ခံစားရပြီး အခုပြိုင်ပွဲအတွက် ရွေးချယ်ပေးရခြင်း ဖြစ်ပါတယ်"ဟု Style Plus H Organization မှ မလှနုထွန်းက ပြောပြသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာမှတ်စု



### ညီအစ်မလားအထင်မှားရတဲ့ ဂျေလိုတို့သားအမိ

ဖြိုး

ဂျေလိုလို့ချစ်စနိုးခေါ်ကြတဲ့ ဂျနီဖာလိုပက်ဟာ မိခင်ဖြစ်သူနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုအင်စတာဂရမ်ပေါ် တင်ပြီးတဲ့နောက်မှာတော့ သူ့ရဲ့ပရိသတ်တွေက သားအမိ နှစ်ယောက်ဟာ ညီအစ်မအလား ထင်ရတယ်လို့ ချီးကျူးပြောဆိုခဲ့ကြပါတယ်။ ဂျေလိုနဲ့သူ့မိခင်ဟာ ဓာတ်ပုံထဲမှာ သဘာဝအတိုင်းလေးပဲရိုက်ကူးထားပြီး သားအမိနှစ်ယောက်စလုံးဟာ တောက်ပတဲ့ အသားအရေ၊ ညိုမှောင်တဲ့ မျက်လုံးနဲ့ တူညီတဲ့ အပြုံးတွေပိုင်ဆိုင်ထားကြပါတယ်။ အမှတ်တမဲ့ကြည့်ရင် သူတို့နှစ်ယောက်ရဲ့အသက်ကို ခွဲခြားဖို့ခက်ခဲပါတယ်။ ဂျေလိုဟာ အရင်တုန်းကတော့ သူ့မိခင်နဲ့ ဆက်ဆံရေးအဆင်မပြေခဲ့ပါဘူး။ ဂျေလိုရဲ့ မိဘတွေဟာ သူ့ရဲ့အလုပ်အကိုင်ကို သဘောမကျကြပါဘူး။ ဂျေလိုရဲ့ မိဘတွေက ကောလိပ်ဆက်တက်စေချင်ပေမယ့် သူကတော့ ကခုန်ရတာကိုပဲ နှစ်သက်ခဲ့ပါတယ်။ ဒါကြောင့် ဂျေလိုဟာ အသက် ၁၈ နှစ်မှာပဲ အိမ်ကနေထွက်ခွာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ဂျေလိုဟာ ကမ္ဘာကျော် အဆိုကျော်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒီနှစ်အစပိုင်းမှာ ဂျေလိုဟာ အဲလက်စ် ရိုဒရီဂုစ်ဆိုတဲ့ ချစ်သူသစ်နဲ့ စုံတွဲခုတ်နေခဲ့ပါတယ်။ အဲလက်စ်ဟာ မိုင်ယာမီကမ်းခြေမှာ ဂျေလိုအတွက် အံ့သြဖွယ်မွေးနေ့ပွဲကို ကျင်းပပေးခဲ့ပါတယ်။ **ဟယ်လို**

### ကေတီဟုမ်းရဲ့ မိသားစုဓာတ်ပုံ ပရိသတ်တွေနှစ်ခြိုက်

ဖြိုး



တွမ်ခရုရဲ့ဇနီးဟောင်း ရုပ်ရှင်မင်းသမီးချော ကေတီဟုမ်းဟာ သူ့ရဲ့မိသားစုဓာတ်ပုံကို အင်စတာဂရမ်ပေါ်တင်ခဲ့ပါတယ်။ အစ်မဖြစ်သူရဲ့ မွေးနေ့ပွဲကို အိုဟိုင်းယိုးပြည်နယ်မှာရှိတဲ့ နေအိမ်မှာ ကျင်းပစဉ် မိသားစုဓာတ်ပုံကို ပရိသတ်တွေကို ပြသခဲ့တာဖြစ်ပါ တယ်။ ကေတီဟုမ်းဟာ သူ့မိသားစုနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပရိသတ်တွေကို ထုတ်ဖော်ပြလေ့သိပ်မရှိပါဘူး။ ဒီတော့ သူ့ပရိသတ်တွေအားလုံးဟာ မမျှော်လင့်ဘဲ မိသားစုဓာတ်ပုံကို တွေ့လိုက်ရတော့ ပျော်ရွှင်ကြရပါတယ်။ ဓာတ်ပုံထဲမှာတော့ ကေတီဟုမ်းဟာ ပြင်ဆင်ခြယ်သထားခြင်းမရှိဘဲ သဘာဝအတိုင်းလေးပဲရိုက်ထားခဲ့ပြီး မိသားစုနဲ့အချိန်ဖြုန်းရတာကို ပျော်ရွှင်နေတဲ့ပုံတွေ့ရပါတယ်။ ကေတီဟုမ်းမှာ ၁၁ နှစ်အရွယ် ဆူရီလို့ခေါ်တဲ့ သမီးလေးတစ်ဦးရှိပြီး ဓာတ်ပုံထဲမှာ ဆူရီလေးဟာ ပျော်ရွှင်နေတဲ့ပုံ အထင်းသားတွေ့နေရပါတယ်။ ကေတီဟုမ်းကတော့ တကယ်ကို မိသားစုကြီးတစ်စု ပိုင်ဆိုင်ထားတာပါပဲ။

ကေတီဟုမ်းဟာ အိုဟိုင်းယိုးပြည်နယ်မှာပဲ မွေးဖွားကြီးပြင်းခဲ့ပြီး မောင်နှမငါးယောက်မှာ အငယ်ဆုံးဖြစ်ပါတယ်။ မော်ဒယ်အလုပ်ကို ၁၄ နှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့ပြီး The Ice Storm နဲ့ ပွဲဦးထွက် အောင်မြင်မှုရရှိခဲ့ပြီး Dawson's Creek ဇာတ်ကားတွေမှာ လူသိများလာခဲ့ပါတယ်။ ဟောလိဝုဒ်စတား တွမ်ခရုနဲ့ ဆူရီဆိုတဲ့ သမီးလေး တစ်ယောက်မွေးဖွားခဲ့ပါတယ်။ တွမ်ခရုနဲ့ ကွာရှင်းပြီးနောက်မှာတော့ သမီးလေးဆူရီဟာ သူ့ဘဝအတွက် အရေးကြီးဆုံးပဲလို့ ကေတီဟုမ်းက ပြောခဲ့ပါတယ်။ **ဟယ်လို**

# ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား လှိုင်းဘွဲ့မြို့၌ ကျင်းပ



**လှိုင်းဘွဲ့ ဩဂုတ် ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းကကြီးမှူး၍ နှစ်စဉ်မပျက် ကျင်းပလေ့ရှိသော ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို လှိုင်းဘွဲ့မြို့ အောင်မြင်သာယာကျောင်း၌ ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားတွင် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောအုန်းတင်က ဘိုးဘွားစဉ်ဆက် ဆင်းသက်လာသော ရိုးရာယဉ်ကျေးမှုများကို ကရင်လူငယ်များ ယုံကြည်မြတ်နိုး တန်ဖိုးထားတတ်ရန်နှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များက ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ဖြစ်ပေါ်လာပုံများကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ဖတ်ကြားကြပြီး ကရင်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ပွဲတော်သို့ လာရောက်သူများအား ကရင်တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကာ ချည်ဖြူဖွဲ့လက်များ ချည်ပေးခဲ့သည်။

နှစ်စဉ်မပျက် ကျင်းပလေ့ရှိသော ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲကို ကွဲကွာနေသောဆွေမျိုးများ ပြန်လည်ဆုံတွေ့ရန်၊ မိသားစုအချင်းချင်း ပြန်လည်စုစည်းကြစေရန်၊ ကရင် အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု ခိုင်မြဲစေရန်၊ ကရင်လူမျိုးအချင်းချင်း တစ်ဦးကိုတစ်ဦး ထောက်ပံ့ကူညီပြီး အေးချမ်းညီညွတ်စွာ နေထိုင်ကြစေရန်၊ လူငယ်လူရွယ်များကို လူကြီးသူမများက သွန်သင်ဆုံးမစကား ပြောကြားနိုင်စေရန်၊ ယဉ်ကျေးမှု ငါးမျိုးဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များ မပျောက်ကွယ်စေရန်၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းတတ်ပြီး အသိပညာ အတတ်ပညာမြင့်မားသော လူမျိုးများအဖြစ် အစဉ်တည်တံ့စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်အချက်ပြမီးအသုံးပြုပုံမှန်ကန်ရေး ကြိုတင်အသိပညာပေး



**သီပေါ ဩဂုတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းမှ ယာဉ်မောင်းသူများအနေဖြင့် ပြောင်းလဲကျင့်သုံးတော့မည့် ယာဉ်အချက်ပြစနစ်ကို သိရှိလိုက်နာစေရန်နှင့် ယာဉ်အန္တရာယ် ကင်းဝေးလျော့နည်းစေရန်အတွက် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းလဲကျင့်သုံးမည့် မော်တော်ယာဉ်ကျော်တက်ရာတွင် ရှေ့ယာဉ်က ညာဘက်အချက်ပြမီးဖြင့် ပြသရမည့်စနစ်ကို ယာဉ်မောင်းသူများ သိရှိလိုက်နာ ကျင့်သုံးကြရန်အတွက် သီပေါမြို့နယ်အတွင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၊ မန်ဟဲတိုးဂိတ်နှင့် မြို့တွင်းရှိ လူစည်ကားရာနေရာများတွင် ဩဂုတ် ၃ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

သီပေါမြို့နယ်အတွင်း ပညာပေးအစီအစဉ်များဆောင်ရွက်ရာတွင် ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(သီပေါ)မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ဆောင်ရွက်နေကြခြင်းဖြစ်ကာ ယာဉ်မောင်းသူများအား ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**စိုင်း(သီပေါ)**

# စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ဝေါ ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ငါးမွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စပါးခင်းများအတွင်းသို့ ငါးမျိုးများ စုပေါင်းစိုက်ထည့်ပွဲကို ဩဂုတ် ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်တို့က ဒေသခံ တောင်သူလယ်သမားများထံ ငါးသားပေါက်များ ပေးအပ်ကာ လယ်ယာမြေဧက ၃၇၀ အတွင်းသို့ ငါးခုံးမကြီးမျိုး ငါးသားပေါက် ကောင်ရေ ၁၈၅၀၀၀ ကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## သတင်းတိုများ

### စိန်ဖူးတော်နှင့် ထီးတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ မြင်းကပါကျေးရွာရှိ မဟာဆန္ဒပြည့်အောင်တော်မူဘုရားကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ပြည်သူများ ဖူးမြော်နိုင်ရန် ဩဂုတ် ၆ ရက်က ညောင်ဦးမြို့အတွင်း လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။ မြင်းကပါကျေးရွာ ရတနာဘုံစံ တောရကျောင်းတိုက်မှ(ရေ/သွေး)အလှူတော်အသင်း နာယကဆရာတော် အရှင်သာဂရနှင့် အသင်းအဖွဲ့သားများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို မြို့တွင်းသို့ လှည့်လည်အပူဇော်ခဲ့ခြင်းဖြစ်ပြီး မြင်းကပါကျေးရွာ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းမှ ပုဂံမြို့တွင်းနှင့် ညောင်ဦးမြို့တစ်ပတ်လှည့်လည် အပူဇော်ခံခဲ့ရာတွင် စေတနာရှင်ပြည်သူများက ဘုရားကြီးအတွက် အလှူငွေများ တတ်အားသမျှ ကုသိုလ်ပါဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

### ဈေးရောင်းသူများ သတ်မှတ်စည်းကမ်းလိုက်နာရန် အသိပညာပေး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အဓိကဈေးကြီးဖြစ်သော ဖြူးမြို့မဈေးကြီး၌ ပုံကျဈေးသည်များမှာ သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာမှုအားနည်းခြင်းကြောင့် ဈေးသွားဈေးလာ ဈေးဝယ်သူများအနေဖြင့် အဆင်မပြေမှု ကြုံတွေ့နေရသဖြင့် ဖြူးမြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်းအဖွဲ့က မြို့မဈေးကြီးအတွင်း ဩဂုတ် ၅ ရက်က ကွင်းဆင်းစစ်ဆေးကာ ဈေးသည်များအနေဖြင့် သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာကြရန် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးမြင့်ဦး**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွှာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


M50A
4G SMARTPHONE
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
MPT ၏ အထူးမြန်နှုန်းမြင့် 4G ကွန်ရက်အတွက်
အလိုက်ဖက်ဆုံးရွေးချယ်မှု
အပိုဆုလက်ဆောင်များ နှင့် ကြာရှည်ခံ ဘက်ထရီ
89,000 Ks
2.5GBx6
SIM :
Dual SIM and Standby
Memory :
ROM 8GB+RAM 1GB
Network :
2G/3G/4G(LTE)
Display :
5"HD
Camera :
5.0MP(Front) + 8.0 AF MP (Back)
Battery :
2800mAh
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# THE GOVERNMENT OF THE REPUBLIC OF THE UNION MYANMAR MINISTRY OF ELECTRICITY AND ENERGY NATIONAL ELECTRIFICATION PROJECT

## Invitation for Bids

**Date: 8th August, 2017**

**SPECIFIC PROCUREMENT NOTICE**

IDA Credit No: 5727-MM

**Contract Title:Insulators and Related Fittings for National Electrification Project Reference No: C1-G5**

1. The Ministry of Electricity and Energy has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for Insulators and Related Fittings for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of Insulators and Related Fittings to be delivered in 2018 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods have been grouped into 4 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:

- The minimun average annual turnover (or annual sales volume) of the last three years shall be as follows:

| Lot no and description | Amount in USD (million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago(W), Kachin, Chin, Sagaing. | 3.0 |
| Lot2- Insulator and Related Fitting package for for Rakhinc, Magway, Nay Pyi Taw, Bago(E) | 3.0 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 2.0 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.6 |

- The bidder should have past experience of having satisfactorily completed during the last 5 years at least two contracts for supply of similar goods, with the value of each such contract should be greater than the minimum amount shown in the table below.

| Lot no. and description | Amount in USD(million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago (W), Kachin, Chin, Sagaing. | 2.6 |
| Lot2- Insulator and Related Fitting package for for Rakhine, Magway, Nay Pyi Taw, Bago (E) | 2.3 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 1.7 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.3 |

Other requirements are stated in Section III of the bidding documents.

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines") and is open to all eligible bidders as defined in the Procurement Guidelines.In addition, please refer to the paragraphs 1.6 and 1.7 seting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No(27), Ministry of Electricity and Energy nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time at the address given below.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The bidding documents will be issued through email only.

In case of any difficulty in obtaining the bidding documents, interested parties may contact in writing:

Director General, Department of ELectric Power Planning
Ministry of Electricity and Energy, Office No(27)
City: Nay Pyi Taw
Country: The Republic of the Union of Myanmar
Email:nep.pmomoep@gmail.com

7. Bids must be delivered to the address below on or before September 22, 2017, 10:00 hours (10:00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on September 22, 2017, 10:00 hours (10:00am) Myanmar time.

8. All bids must be accompanied by a Bid Security as stated in ITB 19.1.

9. The address referred to above is:

**Attention** : Director General Office, Department of Electric Power Planning
Office No (27), Ministry of Electricity and Energy, Nay Pyi Taw
The Republic of the Union of Myanmar

**Telephone** : + 9567410203
**Facsimile** : + 9567410077
**E-mail** : nep.pmomoep@gmail.com
**Web site** : http://www.moep.gov.mm



# မင်းကွန်းတိပိဋကနိကာယဝင်သံဃာတော်များ အစည်းအဝေးပင့်လျှောက်လွှာ

မင်းကွန်းတိပိဋကနိကာယဝင် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

မင်းကွန်းတိပိဋကနိကာယဝင် သံဃာတော်များ၏ သတ္တမအကြိမ် ဇေကူနဝီသတိ စုံညီအစည်းအဝေးကို ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၇ ရက် ညနေ ၅ နာရီတွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မင်းကွန်းတိပိဋကနိကာယဝင် သံဃာတော်များ မပျက်မကွက်ကြွရောက်တော်မူကြပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည်ဘုရား။

**ဥက္ကဋ္ဌဆရာတော်**
**တိပိဋကနိကာယဝင်သံဃာတော်များအဖွဲ့**



## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အလက စုတည်ကျောင်းမှ မဆုဖူးအိမ် (အဋ္ဌမတန်း)နှင့် မောင်ကောင်းခန့်ဇော် (ဆဋ္ဌမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးဇော် (ရုံပိုင်၊ မြန်မာ့မီးရထား) ၉/ညဉန(နိုင်)၁၃၁၅၉၇ ဖြစ်ပါကြောင်း။

**ဦးဇော် (ရုံပိုင်၊ မြန်မာ့မီးရထား)**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာ အုပ်စု၊ ပချားကလို့(အထက)၊ နဝမတန်းမှ မောင်ခွန်သန်းအောင်စိုး၏ ဖခင်အမည်မှန်မှာ ခွန်အောင်နိုင် ၁၃/တကန(နိုင်)၂၀၀၄၂၂ ဖြစ်ပါကြောင်း။

**ခွန်အောင်နိုင်**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာ အုပ်စု၊ ပချားကလို့(အထက)၊ ဆဋ္ဌမတန်းမှ ခွန်စိန်မိုး၏ဖခင်အမည်မှန်မှာ ခွန်အောင်နိုင် ၁၃/တကန(နိုင်)၂၀၀၄၂၂ ဖြစ်ပါကြောင်း။ **ခွန်အောင်နိုင်**



သထုံမြို့နယ်အသင်း(ရန်ကုန်)
(၃၈)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ထူးချွန်သူများ

## ဂုဏ်ပြုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏ်ပြုပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ သထုံမြို့နယ်သူ၊ မြို့နယ်သားများ စုံစုံညီညီကြွရောက် ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေ လှူဒါန်းလိုသောသူများအနေဖြင့် အောက်ဖော်ပြပါ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးစန်းလွင် ဖုန်း-၅၇၈၇၁၇၊ ဦးတင်ထွန်း ဖုန်း-၀၉-၂၅၀၀၀၁၆၃၉၊ ဒေါ်ချိုချို ဖုန်း-၀၉-၇၆၅၀၈၆၉၃၁ နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အသင်းဝင်များ၏သားသမီးများထဲမှ ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၏ အမည်နှင့် အမှတ်စာရင်းမိတ္တူများကို နီးစပ်ရာအမှုဆောင်များထံ ၁၆-၈-၂၀၁၇ရက် နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် ဆုရကျောင်းသားကျောင်းသူများ(ကိုယ်တိုင်) ဆုချီးမြှင့်ပွဲသို့ တက်ရောက်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မှတ်ချက်-** အသင်းသားသစ် ဝင်ရောက်နိုင်ရေးအတွက်လည်း ဖိတ်ခေါ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက် (၂၀-၈-၂၀၁၇) (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - သထုံမြို့နယ်အသင်းဓမ္မာရုံ၊ မဟာဝိဇယစေတီတော်ဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**အမှုဆောင်အဖွဲ့**



# ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ တရားပွဲများ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိက ဗဟုဇနေဟိတရေ) ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ M.A, Ph.D သာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည်

* ၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက် (၁၅-၈-၂၀၁၇) အိမ်တော်ရာဘုရားဝင်း၊ မန္တလေးမြို့။ * ဝါခေါင်လကွယ်နေ့ (၂၁-၈-၂၀၁၇) မဟာစည်ရိပ်သာ၊ ပင်စင်လမ်း၊ ဖြူးမြို့။ * တော်သလင်းလဆန်း ၆ရက် (၂၇-၈-၂၀၁၇) ဖြူးမဟာစည်ရိပ်သာ၊ တရားစခန်းအောင်ပွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ * တော်သလင်းလဆန်း ၈ရက် (၂၉-၈-၂၀၁၇) ဘုရားကျောင်း၊ ညောင်ပင်သာ၊ ဖြူးမြို့။ * တော်သလင်းလပြည့် (၅-၉-၂၀၁၇) စန်းမြသီတာရိပ်သာ၊ မုံရွာမြို့။ * တော်သလင်းလပြည့်ကျော် ၈ရက် (၁၃-၉-၂၀၁၇) ကျိုက္ကစံဘုရားဓမ္မာရုံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ * တော်သလင်းလကွယ်နေ့ (၂၀-၉-၂၀၁၇) ခေမာသီဝံမဟာစည်ရိပ်သာ၊ ရွာတန်းရှည်၊ ဖြူးမြို့။ * သီတင်းကျွတ်လဆန်း ၉ရက် (၂၉-၉-၂၀၁၇) နန္ဒဝံရပ်ကွက်၊ မုံရွာမြို့။ * သီတင်းကျွတ်လပြည့် (၅-၁၀-၂၀၁၇) ဆည်မြောင်းဦးစီးဌာနဓမ္မာရုံ၊ ဖြူးမြို့တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၉-၅၀၅၆၁၀၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။



## ဖိတ်ကြားလွှာ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ထမ်းဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးအသင်း၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအား ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက် (တနင်္ဂနွေနေ့) ၁၃-၈-၂၀၁၇
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ
**ကျင်းပမည့်နေရာ** - မြောက်ဒဂုံမြို့နယ်၊ ၃၆ရပ်ကွက်၊ နဂါးမင်းလမ်း၊ လဝကဓမ္မာရုံ

**လဝက၊ ပသအ ဝန်ထမ်းဟောင်းများ**
**လူမှုကူညီစောင့်ရှောက်ရေးအသင်း**



# နဝမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူး၍ နဝမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးသမားတော်များ ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်ဆရာကြီး၊ ဆရာမကြီးများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်နေ့ရက်** - ၁၂-၈-၂၀၁၇ရက်(စနေနေ့)၊ (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်)
**ကျင်းပမည့်အချိန်** - နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီ
**ကျင်းပမည့်နေရာ** - မဟာမုနိဓမ္မာရုံတော်ကြီး၊ တောင်ဥက္ကလာပစေတီတော်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး။**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-စီ^၁၊ မြေကွက်အမှတ် ၄/၁၇၆၊ ဧရိယာ ဝဒသမ ၁၈၂၈၀၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ကာယ ၁၀ လမ်း၊ သင်္ဃန်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် ကာယဉာဏဂရန်ပေးစီမံချက် ငယ်စာရင်းအမည်ပေါက် ဒေါ်စန်းမြင့်(ခ)ဒေါ်မိမိထံမှ မြေကွက်၏ (၃၅×၁၂၁) ပေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နီနီလွင် ၉/မကန(နိုင်)၀၆၁၄၄၄နှင့် အမည်ပေါက် ဒေါ်စန်းမြင့် ၁၂/မဂဒ(နိုင်)၀၇၈၈၅၃တို့မှ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ သင်္ဃန်းကျွန်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကာယဉာဏ မြေယာအထောက်အကူပြုအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် ၃၆၀/ခ၊ မြေကွက်တည်နေရာအမှတ်-၃၆၀/ခ၊ သုတ ၈ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်တင်မြင့် အေစီ-၀၂၉၂၇၄) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်မိခင် (ဒေါ်တင်မြင့်)ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၆၉၂၂/၄-၁၁-၁၅ ဖြင့် ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမျိုးမြင့် ၁၂/ဥကတ(နိုင်)၀၄၁၆၉၀၊ ဒေါ်မြစန်း ၁၂/ဥကတ(နိုင်)၀၄၁၆၈၃ တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်ဖူးပွင့်အောင်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထားသည့်ကျမ်းကျိန်လွှာ ၂၈၀၉/၂၆-၂-၁၆၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြပြီး ၎င်းတို့၏ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၉၉၅/၂၀-၁၀-၁၅ ဖြင့် GP ရရှိသူ ဦးခိုင်အောင်ဝင်း ၁၂/သကတ(နိုင်)၀၈၆၇၁၉ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၁၈/၁၁-၁-၁၆ တို့ကို တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဧရိယာ(၂၀'×၆၀')ရှိပြီး တစ်ထပ်သွပ်မိုးပျဉ်ကာအိမ်တွင် ကိုယ်တိုင်နေထိုင်ကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## အများသိစေရန်

မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီမှ မော်တော်ယာဉ်အရောင်းစင်တာများအတွက် ဖြေလျှော့ပေးသော စလစ်အစားထိုးမူဝါဒအရ မော်တော်ယာဉ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကိစ္စအဝဝအတွက် အောက်ပါကုမ္ပဏီများတွင် မော်တော်ယာဉ်ဝယ်ယူထားသူ/လက်ဝယ်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း အမြန်ဆက်သွယ်ပါ။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မော်တော်ယာဉ်များနှင့်ပတ်သက်သော ကိစ္စအဝဝအား ကုမ္ပဏီများမှ လုံးဝတာဝန်မယူသည့်အပြင် မော်တော်ယာဉ်ဝယ်ယူထားသူ/လက်ဝယ်ရှိသူများ၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

GOLDEN FORTUNE SERVICES CO.,LTD.
LUCKY CENTER SERVICES CO.,LTD.
ROYAL 63 S SERVICES CO.,LTD.
အမြန်ဆက်သွယ်ရန်-၀၉-၇၃၀၉၉၆၈၈၊ ၀၉-၇၃၁၆၆၁၉၉



## အမည်မှန်

ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်၊ အထက(ခွဲ)ပဉ္စမတန်း ကျောင်းဝင်အမှတ် ၅၉၇၉ ကျော်စွာလှိုင်၏ အမည်မှန်မှာ မောင်ကြယ်မိုးထက်နှင့် ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၅/ယမပ(နိုင်)၀၃၆၇၆၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3336 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A-၂၊ ဦးပိုင်အမှတ် (၂.တ၊ ၂.ထ၊ ၂.ဒ၊ ၂.န၊ ၂.ပ၊ ၂.ဖ)၊ ၂၆×၂၇ကြား၊ ၅၃×၅၄ လမ်းကြားရှိ ဦးအိုက်စံ အမည်ပေါက် ဂရန်မြေကွက်အား ဦးလေးဖြစ်သူ ဦးအိုက်စံ (လူပျိုကြီးဘဝ)၊ ဖခင်ဖြစ်သူ ဦးအိုက်လူ၊ မိခင်ဖြစ်သူ ဒေါ်လှဝင်းတို့ အသီးသီး ကွယ်လွန်သဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၅၇၇/၂၀၁၇ ဖြင့် အမွေဆက်ခံခဲ့သော (တူမ/သမီး)ဖြစ်သူ ဒေါ်သီတာအေး ၁၂/ပဇတ(နိုင်)၀၃၂၀၆၂မှ အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှုကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည် ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ကိုမျိုးမင်းထွန်း(ခ)မောင်မောင်**

**B.Sc (L.C)**

**အသက်(၄၃)နှစ်**

ဦးဇော်ဝင်းဦး (MD-Bright Time Trading Co., Ltd.)-ဒေါ်စုစုရွှေ (Director-Bright Time Trading Co.,Ltd.)တို့၏ ညီ/မောင် ကိုမျိုးမင်းထွန်း(ခ)မောင်မောင်သည် ၃၁-၇-၂၀၁၇ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကိုကိုလွင်နှင့်ဇနီး**
**ဦးမောင်မောင်လွင်နှင့်ဇနီး**
**PERFECT FOODS CO., LTD. မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးခင်မောင်စိန်**

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၇၈)နှစ်**

သူငယ်ချင်းဗိုလ်မှူးကြီး မင်းကြိုင်သန့်(ဒုတိယ စစ်ထောက်ချုပ်)-ဒေါ်အေးသီတာစိန်တို့၏ ချစ်လှစွာသောဖခင် ဦးခင်မောင်စိန်(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)သည် ၆-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင်တို့၏အဒေါ် ဒေါ်မမကြီး အသက်(၉၄)နှစ်သည် ၅-၈-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယရဲမှူး စိုးအောင်**

**(ရဲ ၄၃၉၇)**

**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၂၂/၉၆)**

**ကမာရွတ်မြို့မ ရဲစခန်းမှူး**

**အသက်(၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကမာရွတ်မြို့မ ရဲစခန်းမှူး ရဲ-၄၃၉၇ ဒုတိယရဲမှူး စိုးအောင်သည် ရဲတပ်ဖွဲ့လုပ်ငန်းတာဝန် ထမ်းဆောင်နေစဉ် ၇-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၄း၀၆နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့်**
**ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ**
**မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယရဲမှူး စိုးအောင်**

**(ရဲ ၄၃၉၇)**

**တပ်တွင်းဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၂၂/၉၆)**

**ကမာရွတ်မြို့မ ရဲစခန်းမှူး**

**အသက်(၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကမာရွတ်မြို့မ ရဲစခန်းမှူး ရဲ-၄၃၉၇ ဒုတိယရဲမှူး စိုးအောင်သည် ရဲတပ်ဖွဲ့လုပ်ငန်းတာဝန် ထမ်းဆောင်နေစဉ် ၇-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၄း၀၆နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အရာရှိ၊**
**အရာခံ၊ အကြပ်၊ တပ်သား၊**
**စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တခေမာဝံသ (မူလဒွါရ)**

**(မဟာသဒ္ဓမ္မဇောတိကဓဇ)**

**ဓမ္မဝိနယနုလောမမူလဒွါရ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ရမ်းဗြဲမြို့**

**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မဟာစေတီတိုက်၊ မြေနီ(၃)လမ်း၊ ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တခေမာဝံသ၊ ရမ်းဗြဲမြို့နယ်အသင်းနာယက၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အင်ဂျင်နီယာတပ်ဦးကျောင်းဆရာတော် ဦးသူရိယာဘိဝံသ၊ မူလဒွါရ ဒုတိယသာသနာ ပိုင်ဆရာတော်၏ ညီတော်သည် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာ မအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်ကျောင်းမှ ကားများး ညနေ၃နာရီတွင်ထွက်ခွာပါမည်။) ဆရာတော်အားရည်စူး၍ ၁၂-၈-၂၀၁၇ရက် (စနေနေ့)တွင် ရက်လည်တရားနာမည်ဖြစ်ပါကြောင်း။ **ဈာပနဖြစ်မြောက်ရေးကော်မတီ**

## ရဟန်း၊ ကျောင်းဒါယိကာမကြီး

**ဒေါ်အမာကြည်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ(ဦးကြင်ရှိန်-ဒေါ်ကြီးမေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးမောင်နွဲ့-ဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၇နေ ဦးမြင့်ကြည်(တပ်မတော်ရေ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ချို(ခ)ချိုကြီး-(ဒေါ်ခင်ထားနွယ်)၊ ဦးသန်းအောင်-ဒေါ်မြင့်သီတာ၊ ဦးကျော်ကျော်-ဒေါ် သီဂီမြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၇-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၅၁၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/5330 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

ငပုတောမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ နမ့်ချိုသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်မိုး ၁၄/ငပတ(နိုင်)၁၄၃၈၇၇ ဖြစ်ပါသည်။ **ဦးကျော်မိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုဇင်မောင်မောင်**

**အသက် (၂၀) နှစ်**

ဟင်္သာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး) တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုစိုင်းအောင်မိုး+မဆုမွန်သန့် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုဇင်မောင်မောင်**

**အသက်(၂၀)**

ဟင်္သာတမြို့၊ အမှတ် ၇၅၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး-ဒေါ်ခင်ညို(သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး(EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင်သည် ၇-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇင်ရော်မောင်မောင်၊ ဦးကျော်စိုးမင်း၊**
**ဦးကျော်မျိုးထွန်း၊ ဦးစိုင်းအောင်ထွန်းနှင့် သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုဇင်မောင်မောင်**

**အသက် (၂၀) နှစ်**

ဟင်္သာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး) တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Uni Crop Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုဇင်မောင်မောင်**

**အသက်(၂၀)**

ဟင်္သာတမြို့၊ အမှတ် ၇၅၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး-ဒေါ်ခင်ညို(သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး(EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင်သည် ၇-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**G L Group**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြူကြူအေး

**သူနာပြုဆရာမကြီး(ငြိမ်း)**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

**အသက်(၇၆)နှစ်**

ဒေါက်တာဦးကျော်စိန်(ကထိက-ငြိမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)၏ဇနီး ဒေါ်ကြူကြူအေး (သူနာပြုဆရာမကြီး၊ ငြိမ်း)သည် ၅-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်စန်းရီ (မော်ကျွန်း)

**အသက်(၉၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပထမသီရိရိပ်သာ၊ အမှတ်(၁၇၀/က)နေ (ဦးဘိုးမြစ်-ဒေါ်ပိန်မ)တို့၏သမီး၊ ဦးသိန်းလှိုင်(ဆပ်ပြာစက်ရုံ-၂၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးအေးမြင့်-ဒေါ်ထားတင်)တို့၏အစ်မ၊ (ဒေါ်အေးမင်းလှိုင်) - ဦးထွန်းအောင် (တရားလွှတ်တော်ရှေ့နေ)၊ ဦးကျော်သူ (ကျောက်မျက်၊ ငြိမ်း)-ဒေါ်ဆွေဆွေလတ်(JAT-ငြိမ်း)၊ ဦးသက်မော်(ခ)ဦးဝင်းမော်ထွန်း-ဒေါ်မို့မို့မြင့်၊ ဒေါ်ရီရီလှိုင်(ထခွဲ၊ လ-၃၊ ဒလ)-ဦးကိုကိုလတ်၊ ဒေါ်ညိုညိုလှိုင်၊ ဦးတင်ထွန်းကျော်-ဒေါ်ခင်ဆွေမြင့်(Star and Sky EA)၊ ဒေါ်ကြည်ကြည်လှိုင် [Soilbuild (Myanmar)] Co.,Ltd၊ (ကိုသက်ဟန်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစံရီ

**အသက်(၈၇)နှစ်**

ဦးကျော်နိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန၊ လားရှိုးမြို့)-ဒေါ်ငြိမ်းငြိမ်းခိုင်တို့၏ဖခင် ဦးစံရီသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်၊ ၁၉၈၇-၉၁**
**မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

စစ်တွေမြို့၊ အမှတ်(၂၀)ထီးတန်းလမ်း၊ အိုးတန်းရပ်ကွက်နေ ဒေါ်ခင်ခင်သန်း (ရွှေငါးဟင်းမွှေးမဆလာ)၊ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဌာနခွဲစာရေးကြီး(ငြိမ်း)၏ခင်ပွန်းဖြစ်သူ ဦးညီညီ အသက်(၇၆)နှစ်၊ ရခိုင်ပြည်နယ်ဒေသပါတီကော်မတီ အတွင်းရေးမှူး(ငြိမ်း)သည် ရန်ကုန်မြို့၊ အမှတ်(၃) သုံးလွှာ၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေအိမ်တွင် ၅-၈-၂၀၁၇ရက် (စနေနေ့) ၁၁း၀၀နာရီ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းများနှင့်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အငြိမ်းစားဝန်ထမ်းဟောင်းများ၊ စစ်တွေမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးညီညီ (စစ်တွေ)

**အသက်(၇၆)နှစ်**

သူငယ်ချင်း ညီစန္ဒာဝေ(မိစု)၊ ညီညီဌေးတို့၏ဖခင် ဦးညီညီသည် ၅-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၄)၊ စစ်တွေ**
**ငယ်သူငယ်ချင်းများ (၁၉၉၀-၁၉၉၁)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယရဲမှူးစိုးအောင်

**(ရဲ ၄၃၉၇)**

**(ကမာရွတ်မြို့မ ရဲစခန်းမှူး)**

**အသက်(၅၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဗထူးရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် ၅၉နေ ဦးလှမြင့်-ဒေါ်စန်းဝင်းတို့၏ သားသမက်၊ ဒေါ်သင်းသင်းစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝဏ္ဏကိုကို-မခိုင်ဇင်ဦးတို့၏ဖခင်၊ မောင်ဆက်လွှမ်းမော်၏အဘိုး ဒုတိယရဲမှူးစိုးအောင်-ရဲ ၄၃၉၇ အသက်(၅၁)နှစ်သည် ၇-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၀၆နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ဌေးဌေးခိုင်**
**Max Myanmar Holding Co.,Ltd.**

---

## ဦးဥက္ကာစိုင်း

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးဇော်နိုင်-ဒေါ်နိုင်နိုင်စိုင်းတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမော်လွင်ဦး-ဒေါ်အေးယဉ်တို့၏သားသမက်၊ ဒေါ်ငုဝါ၏ချစ်လှစွာသောခင်ပွန်း၊ မသဒ္ဒါဦး၊ မောင်ပြည့်ဖြိုးစိုင်း (နဝမတန်း-F၊ အထက-၂၊ ကမာရွတ်)၊ မကြယ်စင်ငုဝါတို့၏ဖခင်သည် ၇-၈-၂၀၁၇ရက် မွန်းလွဲ ၁း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**မဟာဝိဇယဘုရားစိန်ဖူးနှင့်ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ရီ(ခ)ဒေါ်ဧရာဝတီ (မိုးကုတ်)

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၈၇၊ ပထမထပ်နေ မိုးကုတ်(ဦးရ)၏ဇနီး၊ ဦးကီရှိုးရီ-ဒေါ်မာယား၊ ဦးဂိုလ်ပါး(အမှတ် ၅၀၊ အရှေ့-စီရုံ၊ ဗိုလ်ချုပ်ဈေး)၊ ဒေါ်သီတာ၊ ဦးဇော်မင်း-ဒေါ်သျှီလာ၊ ဦးဟယ်ရီ-ဒေါ်မေနှင်းဖြူ၊ ဦးကြည်ဝင်း-ဒေါ်နီလာ၊ ဦးဒေဝါနန်း၊ ဦးဒေးဗစ်-ဒေါ်မနီး၊ ဦးခင်မောင်ဆွေ-ဒေါ်အာရှားတို့၏မိခင်သည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်၈၇၊ ရွှေဘုံသာအောက်လမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၈၇၊ ပထမထပ်၊ ရွှေဘုံသာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းဆင့် (Jenny)

**ဂျပန်ခေတ်ဆေးရုံကြီး(၁၉၄၂-၁၉၄၅)၊ ရန်ကုန်ဆေးရုံကြီး**

**ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ဆေးခန်း**

**အောင်ဆန်းတီဘီရောဂါကုဆေးရုံ**

**သူနာပြုဆရာမကြီး(အငြိမ်းစား)**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၅၊ အခန်း ၆နေ (ဦးစိန်ဝင်း)၏ဇနီး၊ ဦးလူသာကျော်(ခ)ဦးကျော်ဝင်း(Kelvin Chia Yangon Ltd)-ဒေါ်စိုးစိုး၊ ဦးကျော်မင်း(Myanmar Liwayway Food Industries Ltd)-ဒေါ်ကြူကြူလှ(ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)တို့၏မိခင်၊ မောင်စိုးလူကျော် (Grand Royal Group)-မဟေမာန်ဖြိုးဝေ(GSK Myanmar)တို့၏အဘွားသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှ

**အသက်(၉၇)နှစ်**

ဦးမင်းစိန်(ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း) - ဒေါက်တာညွန့်ညွန့်သီ(ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မိခင် ဒေါ်လှ အသက်(၉၇)နှစ်သည် ၅-၈-၂၀၁၇ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ၊ ဆရာမများ**
**စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်ချို (ညောင်လေးပင်)

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဓမ္မစေတီလမ်းနေ (ဦးပုလေး)၏ဇနီး အသင်းဝင် ဒေါက်တာဦးမောင်မောင်ကြည် (Diamond Hotel ချောင်းသာ) - ဒေါ်ခင်စန်းမြင့် (ခင်သူဇာလွင် စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ မိခင်ကြီးသည် ၅-၈-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်စန်းရီ (မော်ကျွန်း)

**အသက်(၉၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပထမသီရိရိပ်သာ၊ အမှတ်(၁၇၀/က)နေ (ဦးဘိုးမြစ်-ဒေါ်ပိန်မ)တို့၏သမီး၊ ဦးသိန်းလှိုင် (ဆပ်ပြာစက်ရုံ-၂၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုသူရိန်လှိုင်(တေဇ-၂၉)-မနှင်းနုအေး(Nikke Shinbon Tokyo)၊ မသိမ့်သိမ့်သူ(လ/ထ ညွှန်မှူး၊ SECM)၊ ကိုအောင်နေဦး(C.S.LLine)၊ ကိုစန်းလှိုင်(ခေတ္တ-စင်ကာပူ)၊ ကိုဝင်းမျိုးထက်၊ (UNI Marine)၊ကိုအေးချမ်းသက်မော်-မသော်သော်ဇင်စိုး(ခေတ္တ-စင်ကာပူ)၊ မစိမ့်လဲ့လဲ့လှိုင်၊ ကိုသုတသက်မော်၊ မဆုသီတာထွန်း(UBC Canada)၊ မောင်ဉာဏ်ရဲထွန်း(Yaun Ching Sec School)တို့၏အဘွား၊ မောင်ရှင်းသန့်သူရိန် (Grad-4 C, အထက-၄၊ အလုံ)၊ မနဒီ(မူကြို-၄၊ အလုံ)တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေး/မြစ်များ

---

**ရဟန်းမယ်တော်ကြီး**

## ဒေါ်ကြင်မှုံ

**အသက်(၈၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ (၂)ရပ်ကွက်၊ သီတာလမ်းနှင့် တပ်မလမ်းထောင့်နေ ကိုကျော်ဇင်မင်း-မဥမ္မာကျော်တို့၏ အဘွားဖြစ်သူ ရဟန်းမယ်တော်ကြီး ဒေါ်ကြင်မှုံ အသက်(၈၇)နှစ်သည် ၈-၈-၂၀၁၇ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ပခုက္ကူမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာလဇွမ်ယောဟန်

**M.B.,B.S, M.Med.Sc (Surgery), F.R.C.S(UK)**

**အသက်(၇၅)နှစ်**

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၁၀၅နေ ဆရာကြီး ဒေါက်တာလဇွမ်ယောဟန်သည် ၂၈-၇-၂၀၁၇ရက်(သောကြာနေ့) နံနက် ၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Surgical Society**
**Myanmar Medical Association**

---

## ဒေါ်ဝင်းကြည်(ခ)မေမေဝင်း

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ် ၁၅၈ နေ (ဦးညွန့်မောင်)၏ဇနီး၊ (ဦးကျော်ကျော်မြင့်)-ဒေါ်သီတာဦး၊ (ဦးသိန်းဇော်)-ဒေါ်စန္ဒာ၊ (ဦးနေမျိုး)တို့၏မိခင်၊ ကိုညီသက်ကျော် - မအေးသီတာအောင်၊ ကိုအောင်ရဲနောင်၊ (ဂျွန်ဇော်မျိုး)-မနှင်းနှင်းတို့၏အဘွား၊ မကြယ်စင်ဖြူနှင့်မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းကြည်(ခ)ဦးစု

**အသက်(၆၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်နေ (ဦးချစ်စိန်-ဒေါ်သင်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ အနော်မာ ၁၅လမ်းအရှေ့၊ အမှတ် ၆၆၅နေ (ဦးသိန်းတင်) - ဒေါ်တင်ကြည်တို့၏ သားသမက်၊ ဒေါ်လှလှဌေး (နေလ-အထည်ဆိုင်၊ မင်္ဂလာဈေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်ဝင်း)-ဒေါ်ဝင်းမေ၊ ဦးနေရှိန်-(ဒေါ်လှစိန်)၊ ဦးသန်းအောင်၊ (ဦးသန်းမြင့်)-ဒေါ်အေးသန်းတို့၏ညီ/မောင်၊ ကိုမင်းကြွယ်ဟန်-မယဉ်မင်းအေး၊ ကိုကြွယ်ဇင်ထွန်းတို့၏ဖခင်၊ မရွှန်းလဲ့အောင်၊ မခင်သဒ္ဒါကြွယ်တို့၏အဘိုးသည် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ အနော်မာ ၁၅လမ်းအရှေ့၊အမှတ် ၆၆၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဦး

**Uniteam Marine**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်းနေ (ဦးလှမြင့်)-ဒေါ်အမာတင်တို့၏သား၊ (ဦးကြူစိန်-ဒေါ်သန်းအေး)တို့၏သားသမက်၊ ဒေါ်မြသန်း၏တူ၊ ဒေါ်ခင်ဆွေဦး၏ခင်ပွန်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်မေသန်းဌေး၊ ဦးစိုးမင်း-ဒေါ်ဝါဝါလှိုင်တို့၏အစ်ကို၊ မောင်ကောင်းမင်းသူ၏ဖခင်ကြီးသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၂၇ (ပထမထပ်)၊ သတိပဋ္ဌာန်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဥက္ကာစိုင်း

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၀နေ ဦးဇော်နိုင်-ဒေါ်နိုင်နိုင်စိုင်းတို့၏သား၊ မစန္ဒာဇော် (ခေတ္တ-U.K)၊ ဒေါက်တာယင်းအွန်ဇော်တို့၏အစ်ကိုသည် ၇-၈-၂၀၁၇ရက် မွန်းလွဲ ၁း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တပညာသာရ

**(အနောက်ချောင်းဒွါရ ဂဏဝါစကပတိသာသနာပိုင်)**

**(နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ)**

**သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ခွဲ၊ ငါးသိုင်းချောင်းမြို့၊ ဘုရားကြီး ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနမဟာနာယက၊ လဋ္ဌိပေသလ၊ သိခါကာမ၊ ဝိနယဂရုကဖြစ်တော်မူသော သက်တော်ရှည်ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်နေ့) ၇-၈-၂၀၁၇ရက် ညနေ ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေတော်မျိုးတော်များနှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

အနောက်ချောင်းဒွါရဂိုဏ်း
အကျိုးတော်ဆောင်ချုပ် ဆရာတော်နှင့်
စျာပနကျင်းပရေးကော်မတီ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဘုန်းတော်ကြီး**

## ဖာသာရ်ဒေါမိနစ်ခင်စိုး(ခ)ဆေးဆူးရာဂျူး

**သက်တော်(၇၄)နှစ်၊ ရဟန်းဝါတော်(၃၅)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၏ ဘုန်းတော်ကြီး Fr. ဒေါမိနစ်ခင်စိုး(ခ)ဆေးဆူးရာဂျူးသည် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၅း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဘုန်းတော်ကြီး၏ စျာပနဝတ်ပြုဆုတောင်းခြင်းကို ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီကာသီဒြယ် ဘုရားကျောင်းတော်ကြီး၌ပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ စျာပနကျင်းပရေးကော်မတီ

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ

---

**ဘုရား၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးကောင်းတင့်

**(၄ကနီ ဆေးလိပ်နှင့် ကျားခေါင်း ပဲခွဲစက်)**

**အသက်(၈၉)နှစ်**

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊၇၇လမ်း၊ ၃၃×၃၄လမ်းကြား၊ကဥ္စနမဟီလေးသွေးရပ်နေ ဒေါ်သန်းရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်း-ဒေါ်ဝင်းနွဲ့နွဲ့ဖေ၊ ဦးကျော်ဝင်း-ဒေါ်ထွေးထွေးအောင်၊ ဦးစောဦး-ဒေါ်အေးအေးမြင့်၊ ဦးကျော်လင်း-ဒေါ်နီလာခိုင်မောင်၊ ဦးမြင့်ဝင်း-ဒေါ်ချိုချိုမြင့်တို့၏ဖခင်၊ မပွင့်သစ်ဦး၊ ကိုပိုင်မျိုးသန့်၊ ကိုထက်ဦးခန့်၊ ကိုရဲမြင့်ဦး၊ ကိုကောင်းခန့်ဖေ၊ မခင်ပွင့်ဖြူကျော်၊ ကိုလမင်းသူ၊ ကိုပြည့်ဖြိုးအောင်၊ ကိုဝဏ္ဏလင်း၊ မတင်ထားဦး၊ မောင်ရဲလင်းမောင်တို့၏အဘိုးသည် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိုးစိုးရီ(ပုသိမ်) အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၂၉၆နေ (ဦးထွန်းမြင့်-ဒေါ်တင်ဦး)တို့၏သမီးချွေးမ၊ (ဦးအုန်းကြည်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးကျော်ကျော်သိန်း)-ဒေါ်နုနုရီ၊ (ဦးရဲကြူ)-ဒေါ်ဝင်းဝင်းရီ၊ ဦးစိုးညွန့်အောင်(ဌာနစုမှူး၊ YCDC) - ဒေါ်စန်းစန်းအေး (လယ်/ပြ၊ အလက-၁၊ ပန်းဘဲတန်း)တို့၏အစ်မ၊ ကိုနေထက်အောင်-မခိုင်မေကျော်(Myanmar Awba)၊ ကိုဝေဖြိုးအောင်(M.V Xing Tong-9)တို့၏မိခင်၊ မအိမ့်၊ မောင်ပြေရဲဇော်၊ မယဉ်သီရိအောင်တို့၏ကြီးမေ၊ မောင်ကွန်းဆက်နေ၏အဘွား၊ ရှေ့နေ ဦးစန်းမြင့်၏ချစ်လှစွာသောဇနီးသည် ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃း၂၆နာရီတွင်အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုထွန်းထွန်းလွင်

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခ(၁) လမ်း၊ အမှတ် ၁၁၄၉နေ ဦးသိန်းလွင်-ဒေါ်ခင်စန်းမြင့်တို့၏သား၊ ဦးအောင်ရင်-ဒေါ်မော်မော်တို့၏သားသမက်၊ (ကိုအောင်လွင်)-မဆွေဆွေမြင့်တို့၏ညီ၊ ကိုသိန်းသန်းဝင်း-မခင်အိအိလွင်တို့၏အစ်ကို၊ မဝေဇင်မွန်၏ခင်ပွန်း၊ မဇင်ယုယထွန်း၏ဖခင်သည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း

## ကိုဇင်မောင်မောင်

**အသက်(၂၀)**

ဟင်္သာတမြို့နယ်နေ ဦးမြင့်သိန်းဦး (ARCCI ဗဟိုအလုပ်အမှုဆောင် CCI ဥက္ကဋ္ဌ)-ဒေါ်ခင်ခင်ညိုတို့၏ သားဖြစ်သူ ကိုဇင်မောင်မောင် အသက်(၂၀)သည် ၇-၈-၂၀၁၇ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။ ကောင်းရာသုဂတိဘုံ၌ ခံစားရပါစေကြောင်း။

**(ARCCI) ဧရာဝတီတိုင်းဒေသကြီး၊**
**ကုန်သည်/စက်မှုအသင်းနှင့်**
**ညီနောင်အသင်းများ**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် မန္တလေးနှင့် အင်းစိန်အကျဉ်းထောင်တို့မှ ကျောင်းသားကျောင်းသူများကို နိုင်ငံတော်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးလိုက်သည့်သတင်းအား ဝမ်းမြောက်စွာကြိုဆိုထောက်ခံကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် မန္တလေး ဗဟိုအကျဉ်းထောင်မှ ကျောင်းသား ကျောင်းသူ ငါးဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကျောင်းသား နှစ်ဦးတို့ကို ဩဂုတ် ၇ ရက်က နိုင်ငံတော်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးလိုက်သည့်သတင်းအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါကြောင်း။

အလားတူ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းထောင်အတွင်းသို့ ပညာရေးတစ်ပိုင်းတစ်စဖြင့် ရောက်ရှိလာကြသော လူငယ်အကျဉ်းသား၊ အကျဉ်းသူများအနက် ပညာရေးကို ကြိုးပမ်းအားထုတ်ပြီး အောင်မြင်မှုရှိသည့် ကျောင်းသား ကျောင်းသူများကို ၎င်းတို့၏ စာရိတ္တပြုပြင်မှုအနေအထားကိုထောက်ရှု၍ နောင်တွင်လည်း ယခုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူငယ်များအဖြစ် ရောက်ရှိစေနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်ဟု ပါရှိသည်။

**(သတင်းစဉ်)**

# အာဆီယံနှစ်(၅၀)ပြည့်အထိမ်းအမှတ် မီးထွန်းညှိခြင်းအခမ်းအနားကျင်းပ



အာဆီယံထူထောင်သည့် နှစ်(၅၀)ပြည့်အထိမ်းအမှတ် မီးထွန်းညှိခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပစဉ်

**ရန်ကုန် ဩဂုတ် ၈**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ထူထောင်သည့်နှစ် (၅၀)ပြည့် အထိမ်းအမှတ် မီးထွန်းညှိခြင်းအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❄

## မြန်မာ - ဂျပန်စင်တာမှ ပြည်တွင်းစီးပွားရေးအကြံပေး ပညာရှင်များမွေးထုတ်မည်

စာ ၁၀

## မောင်တောမြို့နယ်၌ လုပ်သေနတ် အတိုတစ်လက်၊ ကျည်နှစ်တောင့်နှင့် ဓားရှည်တစ်ချောင်း သိမ်းဆည်းရမိ

စာ ၁၂

ယနေ့ ရန်ကုန် Yangon Today

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်

# မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (ဩဂုတ်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ)

❖ မြန်မာ့ဒီမိုကရေစီကူးပြောင်းမှု ဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲတွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး၊ အကူးအပြောင်းတွင် မီဒီယာ၏အခန်းကဏ္ဍ စသည်ဖြင့် ဘက်စုံထောင့်စုံတို့မှ စူးစမ်းရှာဖွေဖော်ထုတ် ဆွေးနွေးသုံးသပ်ကြမည်ဖြစ်သည်။

❖ ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသော ဒီမိုကရေစီကူးပြောင်းမှုဆိုင်ရာ ဆွေးနွေးပွဲဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ စစ်ဘက်၊ အရပ်ဘက်၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မဏ္ဍိုင်အသီးသီးမှ ပညာရှင်များပါဝင်တက်ရောက်ဆွေးနွေးကြမည် ဖြစ်ပါသည်။

❖ ဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ နေပြည်တော်ရှိ MICC-II ၌ ကျင်းပသွားမည် ဖြစ်ပါသည်။

❖ ဆွေးနွေးပွဲ ပထမနေ့ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ တက်ရောက်အဖွင့်အမှာစကားပြောကြားမည်ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ ပညာရှင်များမှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာတမ်းဖတ်ကြားခြင်းနှင့် ဆွေးနွေးသုံးသပ်ခြင်းများ ပြုလုပ်ကြမည်ဖြစ်ပါသည်။


❖ ဆွေးနွေးပွဲအား ပြန်ကြားရေးဝန်ကြီးဌာန၏ Facebook Page (MOI Webportal Myanmar)မှ Live ထုတ်လွှင့်သွားမည်ဖြစ်ပြီး Information Myanmar Twitter မှလည်း Update သတင်းများ တင်ပေးသွားမည်ဖြစ်ပါသည်။

❖ သိရှိလိုသောမေးခွန်းများ (သို့မဟုတ်)ဆွေးနွေးပွဲတက်ရောက်ရန် စာရင်းပေးသွင်းခြင်းနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန (email-ir.pso.moi2015@gmail.com ၊ myintkyaw 103@gmail.com)နှင့် (တယ်လီဖုန်း နံပါတ်၊ ၀၆၇-၄၁၂၃၂၂၊ Mobile၊ ၀၉-၅၀၃၄၅၀၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




CRYSTAL DIAMOND LIVESTOCK CO., LTD. ရန်ကုန်- အမှတ် (၈/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၆၈၂၉၆၅၊ ၆၈၂၉၈၅၊ ၆၈၂၀၈၇၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉ မန္တလေး - အမှတ် (၁၂၃)၊ ၂၆ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ။ ဖုန်း-၀၂ ၃၆၃၀၉၊ ၆၉၆၈၄၊ ၀၉-၂၅၉၂၀၇၄၇

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
၂၀၁၇ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့



ဓာတ်ပုံ - Star City Thanlyin

# နောင်လာမည့် ၂၃ နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာလိုအပ်ချက် ယူနစ်တစ်သန်းခန့်ဖြစ်လာမည်

ခင်ရတနာ

**လူဦးရေ** ထူထပ်များပြားဆုံး ရန်ကုန်မြို့တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသည် လာမည့်နှစ်ပေါင်း ၂၃ နှစ်အတွင်း အိမ်ရာလိုအပ်ချက် ယူနစ်ပေါင်း ၁ ဒသမ ၀၇ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနွေမှူးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ရာယူနစ်ပေါင်း ၁ ဒသမ ၅၈ သန်းရှိခဲ့ပြီး ၂၀၄၀ ပြည့်နှစ်တွင် အိမ်ရာယူနစ်ပေါင်း ၂ ဒသမ ၆၅ သန်း ရှိလာရမည်ဟု ခန့်မှန်းထားပြီး အိမ်ရာလိုအပ်ချက်မှာ ယူနစ်ပေါင်း ၁ ဒသမ ၀၂ သန်းအထိ ရှိလာမည်ဖြစ်သည်။

နေထိုင်စရာအခက်အခဲများကြောင့် လက်ရှိအနေအထားမှာပင် နေရေးအတွက် အခြေခံလူတန်းစားများ အခက်အခဲကြုံတွေ့နေကြရပြီး မြို့ပြင်ရပ်ကွက်များရှိ လူသိပ်သည်းဆမှာ မြို့တွင်းထက် တစ်ဆမျှ များပြားလျက်ရှိသည်။ လူတစ်ဦး၏ အနိမ့်ဆုံးလုပ်ခလစာဖြစ်သည့် ငွေကျပ် ၃၆၀၀ သည် နေ့စဉ်ပျက်ရက်မရှိ တစ်လဝင်ငွေမှာ ငွေကျပ် ၁၀၈၀၀၀ သာရှိပြီး ယင်းဝင်ငွေ၏ ထက်ဝက်နှင့် ထက်ဝက်ထက်ပိုသော ငွေမှာ နေရေးအတွက် အသုံးပြုနေကြရသည်ဟု အလုပ်သမားအရေး လှုပ်ရှားသူများက ဆိုထားသည်။

"ကျွန်တော်တို့ဇနီးမောင်နှံမှာ လစာက နှစ်ယောက်ပေါင်း ငွေကျပ် ငါးသိန်းကျော်ရှိပါတယ်။ အိမ်ထောင်ပြုပြီးခါစက အလုပ်နဲ့လည်းနီးအောင် လသာမှာ အိမ်ထောင်သည်အဆောင်ငှားနေရတယ်။ တစ်လကို ငွေကျပ် ရှစ်သောင်းပဲပေးရတယ်။ ကျန်တာနဲ့သုံးတယ်။ ဒါပေမယ့် အများနဲ့နေရတာဆိုတော့ ချက်ပြုတ်ရတာ၊ ရေသုံးရတာ လုံးဝအဆင်မပြေဘူး။ ငှားနေမယ်ဆိုလည်း မြို့တွင်းမှာက ငွေကျပ် တစ်သိန်းခွဲအထက်ဖြစ်နေတဲ့အပြင် တစ်လချင်းငှားနေလို့မရတဲ့အတွက် အခက်အခဲရှိတယ်။ မြို့ပြင်ထွက်မယ်ဆိုလည်း မြို့ထဲအထိလာရမယ့် ကားခနဲ့တွက်ရင် မကိုက်ပြန်ဘူး။ အခုနောက်ပိုင်းမှာ ဝင်ငွေလည်း နည်းနည်းတိုးလာလို့ အိမ်ထောင်သည် သုံးစုလောက်စုပြီး တိုက်ခန်းတစ်ခန်းကို ငှားနေကြတယ်။ သုံးစုလောက်ဆိုတော့ အရင်လောက်တော့ နေရတာမကျဉ်းတော့ပေမယ့် ပြန်စဉ်းစားကြည့်ရင် ကိုယ်ပိုင်အိမ်ရာလေးတစ်ခုလောက် လိုချင်လာတဲ့စိတ်ကိုတားမရဘူး" ဟု အိမ်ရာအခက်အခဲဖြစ်နေသူတစ်ဦးက ပြောပြသည်။

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၃၅ ဒသမ ၂၉ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ် သန်းကောင်စာရင်းဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၄၈ သန်းရှိကြောင်း၊ အဆိုပါအချက်အလက်ပေါ် မူတည်၍ လူဦးရေတိုးနှုန်းအရ တွက်ချက်ပါက ၂၀၄၀ ပြည့်နှစတွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၇၀ ဒသမ ၅၆ သန်းအထိရှိလာမည်ဖြစ်ကြောင်း ဦးနွေမှူးက ပြောသည်။

အိမ်ရာယူနစ်မှာလည်း ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ ၆ ဒသမ ၇၅ သန်း ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်း အိမ်ရာယူနစ်ပေါင်း ၁၀ ဒသမ ၈၈ သန်းရှိခဲ့ကြောင်း၊ အဆိုပါ တိုးတက်မှုနှုန်းအရ တွက်ချက်ကြည့်ပါက ၂၀၄၀ ပြည့်နှစ်တွင် အိမ်ရာယူနစ်ပေါင်း ၁၅ ဒသမ ၆၈ သန်းရှိရမည်ဖြစ်သည့်အတွက် ၂၀၄၀ ပြည့်နှစ်တွင် အိမ်ရာယူနစ် လိုအပ်ချက်မှာ ၄ ဒသမ ၈ သန်းရှိလာမည်ဖြစ်ကြောင်း House.com.mm က ပြုလုပ်သည့် အိမ်ရာဖွံ့ဖြိုးရေးဆွေးနွေးပွဲတွင် ဦးနွေမှူးက ၎င်း၏ ဆွေးနွေးချက်ထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

"နောင်လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ရန်ကုန်တိုင်းဒေသကြီးမှာ အိမ်ရာယူနစ်ပေါင်း တစ်သန်းလောက် လိုလာမယ့်အချိန်မှာ ကျွန်တော်တို့ဌာနအနေနဲ့ ၂၀ ရာခိုင်နှုန်းလောက်ကို ဖော်ဆောင်ဖို့ ရည်ရွယ်ထားပါတယ်။ ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကိုတော့ ပုဂ္ဂလိကကဏ္ဍကပဲ ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ပြန်တွက်လိုက်တဲ့အခါမှာ အခုကနေပြီး ၂၀၄၀ အထိဆိုရင် ၂၃ နှစ်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ နှစ်စဉ် အိမ်ရာယူနစ်ပေါင်း ၈၀၀၀ လောက် အကောင်အထည်ဖော်သွားဖို့ ရည်မှန်းထားပါတယ်" ဟု ဦးနွေမှူးက ပြောသည်။

မြန်မာနိုင်ငံမှာ ပြောင်းလဲလာသည့်ပုံစံများအရ အလုပ်အကိုင်အတွက် သော်လည်းကောင်း၊ ပညာရေးအတွက် သော်လည်းကောင်း ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှု ပိုမိုများပြားလာကြောင်း၊ ထို့ကြောင့် အိမ်ရာလိုအပ်ချက်မှာ မြို့ကြီးများ၌ ပိုမိုများပြားလာပြီး တန်ဖိုးနည်းအိမ်ရာလိုအပ်ချက်မှာလည်း မြင့်မားလာမည်ဖြစ်ကြောင်း House.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Mr. Nitesh Khirwal က သုံးသပ်သည်။

"တန်ဖိုးနည်းအိမ်ရာက လိုအပ်ချက်ပိုများလာမယ်။ အခုဆို အစိုးရရဲ့ ဦးစားပေးရင်းနှီးမြှုပ်နှံမှုစာရင်းမှာလည်း တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးက ပါလာတယ်။ အိမ်၊ ခြံ၊ မြေ Web Portal လုပ်နေတဲ့ ကျွန်တော်တို့ House.com.mm အနေနဲ့လည်း တန်ဖိုးနည်းအိမ်ရာနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို တိတိကျကျ ပြည်သူတွေ အလွယ်တကူရှာဖွေနိုင်အောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။ အစိုးရနှင့် ချိတ်ဆက်ကာ တန်ဖိုးနည်းအိမ်ရာများကို ဝယ်ယူနိုင်ရန် နှစ်ရှည်အရစ်ကျစနစ်ဖြင့် ချေးငွေထုတ်ပေးနေသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB) အနေဖြင့် နောက်ပိုင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ တည်ဆောက်ထားသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် တိုက်ခန်းများနှင့် ချိတ်ဆက်ကာ ချေးငွေ ထုတ်ပေးနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဘဏ် တာဝန်ရှိသူ တစ်ဦးက ပြောသည်။



မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ် ၁၅ နှစ်တာအတွင်း အိမ်ရာယူနစ်ပေါင်း ကိုးသိန်းကို ဖြည့်ဆည်းပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ယခုကာလအတွင်း အိမ်ခြံမြေဈေးနှုန်းများမှာ အကျဘက်သို့ ဦးတည်နေပြီး ရန်ကုန်မြို့အတွင်း ငွေကျပ် သိန်း ၂၀၀ မှ ၄၀၀ အကြား တိုက်ခန်းအများစုသာ အရောင်းအဝယ်ဖြစ်နေသည်ဟု အိမ်ခြံမြေရောင်းဝယ်ရေး အကျိုးဆောင်များထံမှ သိရသည်။

ဘဏ်များနှင့်ချိတ်ဆက်ကာ အရစ်ကျ ဝယ်ယူကြခြင်းမှာလည်း ပြန်လည်ငြိမ်သက်နေပြီး အများစုမှာ ပေါက်ဈေး၊ ခေါ်ဈေးများထက် လျော့နည်းကာ ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်နေကြပြီး အရောင်းအဝယ်အေးသကဲ့သို့ ဝါတွင်းကာလဖြစ်သဖြင့်အငှားဈေးကွက်မှာလည်း တည်ငြိမ်နေကြောင်း သိရသည်။ ။

# ရန်ကုန်...အနာဂတ်

မိုးမိုး(ဗိသုကာ)

(ယခင်အပတ်မှ အဆက်)

လန်ဒန်သည် ၁၉ သန်းခန့်နှင့် ထိပ်ကစွဲသည်။ ထိုသို့သော သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးများရှိသော မြို့ပြ၏အစိတ်အပိုင်းကို ကာကွယ်စောင့်ရှောက်ခြင်း၊ရင်းနှီးမြှုပ်နှံခြင်းတို့က ရေတိုတွင်ပင် အကျိုးရလဒ်ကောင်းရရှိစေပါသည်။ ယင်းကဲ့သို့ မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးကို ဦးစားပေးခြင်းသည် လူမှုရေး၊ စီးပွားရေးရလဒ်များကို အရှည်သဖြင့် ခံစားရရှိနိုင်သည်။ ရန်ကုန်ဟုဆိုလျှင် ရန်ကုန်နှင့်ပင် တူရပါမည်။ ရန်ကုန်သည် အခြေခံအရ၊ ဖြစ်တည်လာပုံအရ၊ ယဉ်ကျေးမှုအရ၊ သမိုင်းဖြတ်သန်းပုံအရ အခြားသောမြို့များနှင့် တူစရာမလိုပါ။

သဘာဝဘေးအန္တရာယ်ကျရောက်တတ်သည့် နေရာတွင် တည်မည်ဆိုပါက ပို၍ပင် စဉ်းစားရပေလိမ့်မည်။ ငလျင်၊ မုန်တိုင်း၊ ရေကြီးရေလျှံခြင်း၊ မြေနှင့် ဘူမိအနေအထားတို့သည် စတင်စဉ်းစားစဉ်မှာပင် ဖြစ်နိုင် မဖြစ်နိုင်တွက်ဆရမည်။ တည်ဆောက်ခြင်းနောက်ဆက်တွဲ သဘာဝပတ်ဝန်းကျင် ဂေဟဗေဒပျက်စီးမှုကို စစ်ကြောကာ ပြင်ဆင်ထားရန်လည်းလိုသည်။

အချုပ်ဆိုရလျှင် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာမှုဖြစ်စဉ်ကို အောင်မြင်၊ မအောင်မြင် အကဲဖြတ်ရာတွင် နေချင့်စဖွယ်ကောင်း၊ မကောင်းနှင့် ရေရှည်ရှင်သန်တည်တံ့မှုကို ဖော်ဆောင်နေခြင်း (Sustainable) ဖြစ်၊ မဖြစ်ဖြင့်သာ သတ်မှတ်ရပေမည်။ နေချင့်စဖွယ်ကောင်းသည့်မြို့ ဖြစ်၊ မဖြစ် နေထိုင်သူတို့ဘဝ အရည်အသွေးမြင့်၊ မမြင့်အပေါ် တိုင်းတာသည့်အချက် (Livability index) များအနက် အိုးအိမ်၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေ၊ မပြေ၊ အများပြည်သူကို ဆွေးနွေးတိုင်ပင်ခြင်း (Public Engagement)၊ မြို့ပြအဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်များ ထူးခြားပြည့်စုံခြင်း၊ သာတူညီမျှရှိခြင်း၊ ဥပဒေစိုးမိုးခြင်း အစရှိသည်တို့ ပါဝင်သည်။ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန်ရှိမြို့ကြီးများသည် အမြဲပင် ထိပ်ဆုံးနေရာတွင်ရှိသည်။ ကျစ်လျစ်ပြည့်စုံသောမြို့ (Compact City) ဖြစ်ခြင်းသည်လည်း နေထိုင်မှု အဆင်ပြေချောမွေ့စေသည့် အချက်တစ်ချက်ဖြစ်သည်။ ကျစ်လျစ်သော၊ အသုံးချမှုများ သီးသန့်စီမဖြစ်ဘဲ ရောနှောသော (ဟိုတယ်ဇုန်၊ အိမ်ရာဇုန်၊ စီးပွားရေးဇုန် သီးသန့်မဖြစ်ဘဲ လိုသမျှ အနီးပတ်ဝန်းကျင်တွင် ရနိုင်သည့် ရန်ကုန်မြို့လယ်ကဲ့သို့ Mixed Use ဇုန်) မြို့ကွက်များသည် နေထိုင်သူတို့အတွက် ပိုမိုအဆင်ပြေ အလုပ်ဖြစ်သည်။ မြို့ပြစနစ်များတွင် ရေပန်းပိုစားလာသည်။

**ရန်ကုန်ကို စဉ်ဆက်မပြတ် တိုးချဲ့နေမည်လော**

ရန်ကုန်မြို့၏ စည်ကားပုံ၊ ကြီးထွားပုံ အလားအလာအရ ရန်ကုန်မြို့သည် နောင်လာမည့်၊ တိုးတက်လာမည့် လူဦးရေအတွက် ပြင်ဆင်ထားရန် လိုအပ်သည်မှာ ငြင်းဖွယ်ရာမရှိပါ။ သို့ရာတွင် မြို့သစ်တည်ဆောက်ခြင်းသည် ပညာရှင်များ အထပ်ထပ်ထောက်ပြနေကြသည့်အတိုင်း ကာလရှည် အရင်းအနှီးကြီးကြီးဖြင့် လုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်ပါသည်။ ၄-၅ နှစ်မက၊ ၁၀ နှစ်မက ဖန်တီးယူရပေမည်။ ဖွံ့ဖြိုးရန်အားယူဆဲနိုင်ငံ၊ မြို့တော်အတွက် အစစအရာရာ (မြေရှင်းမြေဖို့မှသည် စည်ကားစေရန် စီးပွားရေးလုပ်ငန်းများ အခြေချနိုင်သည်အထိ) ဆောင်ရွက်ရန်မှာ အရင်းအနှီးကြီးမားနေပါသေးသည်။ အနာဂတ်အတွက် ပြင်ဆင်ရာတွင် လက်ရှိမြို့ကို ပိုမိုအကျိုးရှိရှိ အသုံးချနိုင်ခြင်းသည်လည်း ပို၍ပင်အရေးကြီးပါသည်။ ယင်းကြောင့်-

(၁) လက်ရှိမြို့ကို အရေးကြီးကဏ္ဍအလိုက် မြို့ပြပြဿနာဖြေရှင်းသည့်နည်းလမ်းများ (ဥပမာ- ယခုအစိုးရသစ်တွင် လုပ်ဆောင်သကဲ့သို့ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ဦးစားပေးမြှင့်တင်ခြင်း၊ အိမ်ရာကဏ္ဍကို အကောင်အထည်ဖော်ခြင်း စသည်) ကို လုပ်ဆောင်ခြင်းဖြင့် မိမိရင်းမြစ်ကို ချွေတာစနစ်တကျသုံးစွဲကာ အကျိုးရလဒ်လျင်မြန်စွာရရှိမှုကို ဦးစားပေးဆောင်ရွက်နိုင်ပါသည်။

(၂) ထိုသို့စီမံဆောင်ရွက်ရာတွင်လည်း ကမ္ဘာပေါ်ရှိ မြို့ကြီးများတွင် မှားယွင်းခဲ့ဖူးသော ဖြေရှင်းမှုများကို သာဓကယူကာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အောင်မြင်သောမြို့များတွင် ကျင့်သုံးသည့် ဆန်းသစ်သော၊ ထိရောက်သောနည်းလမ်းများကို ပြုပြင်အသုံးချနည်းယူနိုင်ပါသည်။ ဥပမာဆိုလျှင် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ကြီးတွင် ၁၉၇၀ ပြည့်နှစ်ခန့်က မြို့တွင်ကားအသုံးချမှု အလွန်အမင်းများလာချိန်တွင် သမိုင်းဝင်တူးမြောင်းများကိုပင် ဖို့ကာ ကွန်ကရစ်ကားလမ်းများအဖြစ် ပြောင်းလဲ၍ ကားလမ်းများ၊ ရပ်နားရန်နေရာများအဖြစ် နေရာပေးခဲ့သည်။ နောင်တွင် ကိုယ်ပိုင်အမွေအနှစ်ဖြစ်သည့် တူးမြောင်းများ ပြန်တူးကာ မြို့၏လက္ခဏာစင်စစ်ကို ပြန်လည်ဖော်ထုတ်ခဲ့ခြင်းဖြင့် အောင်မြင်သော ကမ္ဘာ့အမွေအနှစ်မြို့တော်ဖြစ်လာသည်။ ယခုနောက်ပိုင်း များစွာသောမြို့ကြီးများတွင် မြို့နေသူများ လက်ငင်းအကျိုးရှိပြီး ထိရောက်သောနည်းလမ်းများကို အိမ်ရာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ချွေတာခြင်း၊ ရွှေ့ပြောင်းလူဦးရေပြဿနာ ဖြေရှင်းခြင်းကဏ္ဍတို့တွင် တီထွင်အသုံးပြုနေကြပေသည်။ ဆုံးဖြတ်ရာတွင် လက်ငင်းအကျိုးသည် ရေရှည်အကျိုးကို ထိခိုက်မှုရှိ၊ မရှိ အမြော်အမြင်ကြီးစွာကြည့်နိုင်ရပေမည်။

(၃) မြို့ကို သိပ်သည်းဆမြှင့်နိုင်သောနေရာတွင် မြှင့်တင်ခြင်း၊ အပြည့်အဝအသုံးမပြုသေးသော မြေများကို အကျိုးရှိထိရောက်အောင် အသုံးချခြင်း၊ ယိုယွင်းစပြုလာသော တိုးချဲ့ကွက်သစ်များကို ခေတ်နှင့်ညီစွာ မွမ်းမံဖော်ဆောင်ခြင်း၊ အခြေခံအဆောက်အအုံများ တိုးမြှင့်ခြင်း၊ မှားယွင်းသော ဖွံ့ဖြိုးမှုဆုံးဖြတ်ချက်များကြောင့် နောက်ဆက်တွဲလူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ပြဿနာများမဖြစ်အောင် စည်းမျဉ်းဥပဒေဖြင့် ထိန်းချုပ်ကန့်သတ်ခြင်းတို့သည် ရန်ကုန်မြို့ မြူနီစီပယ်ဧရိယာအတွင်း ဦးစားပေးလုပ်ဆောင်အပ်သော လုပ်ငန်းများဖြစ်ပါသည်။ ယခင်တိုးချဲ့ပြီးသားမြို့ကွက်များကို အရည်အသွေး ပိုမိုတိုးမြှင့်အောင်စီမံခြင်းက ပိုမိုလွယ်ကူကာ ရှိပြီးသားအရင်းအမြစ်ကို အသုံးချရာရောက်ပါသည်။ ထို့အတူ စီးပွားရေး၊ လူမှုရေး အကျိုးအမြတ်များကို လျင်မြန်စွာ ခံစားနိုင်မည်ဖြစ်ပါသည်။

(၄) ပြည်ထောင်စုအစိုးရ၏ အခြေခံမူဝါဒနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး မျှတသည့် ဖွံ့ဖြိုးမှုကို ရရှိရေးသည်လည်း ပါဝင်သည့်အတွက် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏အလားအလာကို အားပေးကာ ထည့်သွင်းစီမံမည်ဆိုလျှင် ရန်ကုန်ကဆွဲယူနေသည့် Pull Factor အားနည်းကာ မြို့ပြကြီးထွားမှု အရှိန်လျော့ပါးသွားနိုင်ခြေသည်လည်း ရှိနေသေးသည်။ နိုင်ငံ၏ မြို့ပြမူဝါဒသည် တိုင်းဒေသကြီးများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ပုံဖော်နေမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိမြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်ဒေသလိုအပ်ချက်နှင့် ဖွံ့ဖြိုးမှုကို ကွက်ကွက်သာ လုပ်ရုံမက အခြားသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်း၊ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူများအားလုံး၏ အရည်အချင်းမြှင့်တင်ခြင်း၊ ကျွမ်းကျင်သည့်ပညာရှင်များ အကူအညီရယူနိုင်ခြင်းတို့လည်း လိုအပ်ပါသည်။

(၅) ပွင့်လင်းမြင်သာမှုသည် အထူးအရေးကြီးပါသည်။ ပြည်သူ့ကိုယ်စားပြုကိုယ်စားလှယ်များ၊ ဌာနအသီးသီးနှင့် အသင်းအဖွဲ့အစည်းများကတစ်ဆင့် အကြောင်းရင်း၊ အစီအစဉ်၊ ရွေးချယ်စရာများ ကောင်းကျိုးဆိုးပြစ်ကို ရှင်းလင်းတင်ပြခြင်း၊ အကြံပြုချက်များကို ထည့်သွင်းကာ ပြင်ဆင်ခြင်း၊ တုံ့ပြန်ရှင်းလင်းခြင်းတို့ မဖြစ်မနေလိုအပ်ပါသည်။

(၆) အရာအားလုံး မိမိတို့လက်ထက်တွင် အလုံးစုံပြည့်စုံအောင် အကောင်အထည်ဖော်နိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်၊ နောင်မျိုးဆက်များ ၎င်းတို့လိုအပ်ချက်နှင့် ဦးစားပေးအရ ၎င်းတို့ခေတ်ပေါ်အတတ်ပညာသုံးပြီး ဆုံးဖြတ်ရန်ချန်ထားခြင်းသည်ပင် မိမိတာဝန်ဖြစ်သည်။

ထိုထိုသောအကြောင်းများကြောင့် ရန်ကုန်မြို့ကို နေပျော်ဖွယ်လည်းဖြစ်၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟိုအဖြစ်လည်း ဆက်လက်တည်ကာ ကမ္ဘာ့တန်းဝင်မြို့တော်တစ်ခုဖြစ်နေနိုင်ရန်မှာ စီမံခန့်ခွဲနိုင်သည့်အဆင့်များကို ရေတိုရေရှည်ဦးစားပေးစီမံကိန်းများဖြင့် ခွဲခြားခြင်းနှင့် အရွယ်အစား ပမာဏတစ်ခုခုကို မှန်းဆကန့်သတ်ရန်သည်လည်း အရေးကြီးလှသည်ဟု ယူဆပါသည်။ ရန်ကုန်အနာဂတ်ကို မိမိဘာသာစီမံခန့်ခွဲနိုင်သော၊ မိမိပြည်သူလူထုလိုအပ်ချက်ကို မိမိသာလျှင်အသိဆုံးဖြစ်၍ အကောင်းဆုံးဖန်တီးပေးနိုင်သော အခြေအနေသို့ရောက်အောင် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကာ ဆိုင်ရာအထူးပြုပညာရှင်များနှင့်အတူ လူထု၏အမြင်ပါဝင်စေလျက် ဆုံးဖြတ်နိုင်ပါရန် တိုက်တွန်းလိုက်ပါသည်။ ။

**‘ရန်ကုန်မြို့ကို နေပျော်ဖွယ်လည်းဖြစ်၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟိုအဖြစ်လည်း ဆက်လက်တည်ကာ ကမ္ဘာ့တန်းဝင်မြို့တော် တစ်ခုဖြစ်နေနိုင်ရန်မှာ စီမံခန့်ခွဲနိုင်သည့် အဆင့်များကို ရေတိုရေရှည်ဦးစားပေး စီမံကိန်းများဖြင့် ခွဲခြားခြင်းနှင့် အရွယ်အစား ပမာဏတစ်ခုခုကို မှန်းဆကန့်သတ်ရန်သည်လည်း အရေးကြီး’**


ရန်ကုန်မြို့ပြ အိမ်ရာအဆောက်အအုံများကို တွေ့ရစဉ် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

# ရန်ကုန်လျှပ်စစ်ကဏ္ဍ

# အခန်းသစ်ကို လေ့လာမိသော်

■ သတင်းဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)



**မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ရာ ရန်ကုန်မြို့တော်တွင် လျှပ်စစ်သုံးစွဲမှုပမာဏက တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက် ရှိသည်။ များပြားလာသော လူနေအိမ်များ၊ စက်မှုဇုန်များ၏ လိုအပ်သော လျှပ်စစ်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရန် တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပေသည်။ နိုင်ငံတော်မှ စိုက်ထုတ်ကုန်ကျငွေများ နှစ်စဉ်များပြားနေသည့် လျှပ်စစ်ကဏ္ဍကို ဆုံးရှုံးမှုနည်းပါးစေရန် အကောင်းဆုံးဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်သည်။**

မလိုအပ်ဘဲ အိမ်တစ်လုံးတည်း၌ မီတာအလုံးရေများပြားစွာ ထားရှိခြင်း၊ မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ကို ခိုးယူသုံးစွဲခြင်း၊ မရိုးသားသောနည်းဖြင့် မီတာကို ပြုပြင်ခြင်း၊ သုံးစွဲသည့်အလျောက် ကျသင့်ရမည့် မီတာအခွန်အခကို မှားယွင်းကောက်ခံမိခြင်းများက နိုင်ငံဘဏ္ဍာငွေဆုံးရှုံးမှုကို ဖြစ်စေသည်။ ထိုသို့ နိုင်ငံဘဏ္ဍာငွေ ဆုံးရှုံးမှုက လျှပ်စစ်ကဏ္ဍ တိုးချဲ့ရေးအတွက် များစွာအဟန့်အတားဖြစ်စေသည်။ ယခုအခါ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်နှင့် နိုင်ငံဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်စေရန်အတွက် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Machinery Manufacturing ကုမ္ပဏီနှင့်ပူးပေါင်း၍ ဒေါပုံမြို့နယ်၌ ရှေ့ပြေးစီမံချက်တစ်ခုကို စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ နည်းပညာစနစ်သစ် စမ်းသပ်သုံးစွဲနေမှုနှင့် ပတ်သက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်း(**ယာပုံ**)အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာတွင် -

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မီတာသုံးစွဲမှုက ၂၀၁၇ ခုနှစ် ဇွန်လအထိ ၁၂ သိန်း ပတ်ဝန်းကျင်လောက် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက မြန်မာတစ်နိုင်ငံလုံးရဲ့ ထက်ဝက်နီးပါးလောက် သုံးစွဲပါတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးရောင်းချပြီး သုံးစွဲတဲ့ မီတာတွေဟာ အရင်တုန်းကတော့ Analog မီတာတွေ သုံးစွဲနေရာကနေ ၂၀၁၃ ခုနှစ်လောက်ကနေ စပြီးတော့ ဒီဂျစ်တယ်ကို စတင်သုံးစွဲခဲ့တာဖြစ်ပါတယ်။ ဒီဂျစ်တယ်မီတာကို သုံးစွဲရတဲ့အကြောင်းရင်းကတော့ Analog မီတာတွေက နှေးတာတို့၊ ရပ်သွားတာတို့ စတဲ့အခြေအနေတွေရှိပါတယ်။ ဒါကြောင့် အဲဒီလိုမီတာတွေကို ရေရှည်သုံးစွဲမယ်ဆိုရင် လျှပ်စစ်ကော်ပိုရေးရှင်းအနေနဲ့ လျှပ်စစ်ဓာတ်အား ယူနစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဆုံးရှုံးမှုတွေ မဖြစ်ရအောင် ဒီဂျစ်တယ်မီတာကို စတင်စမ်းသပ်ပြီးတော့မှ သုံးစွဲခဲ့တာဖြစ်ပါတယ်။



## ရီမုတ်ကွန်ထရိုးနဲ့ ဖတ်တဲ့စနစ်

"ဒေါပုံမြို့နယ်မှာ သုံးစွဲတဲ့ AMR စနစ်ဆိုတာကတော့ ဟိုတုန်းက ဒီ ဒီဂျစ်တယ်မီတာကို စတင်သုံးစွဲကတည်းက ရီမုတ်ကွန်ထရိုးနဲ့ ဖတ်တဲ့စနစ်ကို သုံးပါတယ်။ ရီမုတ်ကွန်ထရိုးဆိုတော့ OMR(Off-site Meter Reading) စနစ်ပါ။ Hand Held Unit (HHU)နဲ့ မီတာတွေကို လူနဲ့လှမ်းပြီးတော့ ရီမုတ်နဲ့ဖတ်တယ်။ အဲဒီလိုဖတ်နေရာကနေ ခုဆို AMR ဆိုတာ (Auto Meter Reading) ပါ။ Control Center ကနေ တပ်ဆင်ထားတဲ့ မီတာတွေအားလုံးမှာ သုံးစွဲနေတဲ့ ယူနစ်ကိုသိအောင် တပ်ဆင်တဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူနဲ့လိုက်ပြီး ဖတ်စရာမလိုတော့ပါဘူး။ တစ်နေရာတည်းမှာ တစ်ပြိုင်တည်းနဲ့ အကုန်လုံးကို မီတာဖတ်တဲ့စနစ်ဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ဒေါပုံမှာ စတင်စမ်းသပ်နေတာဖြစ်ပါတယ်။ ဒေါပုံမှာ စမ်းသပ်လို့ အောင်မြင်သွားပြီဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ကျန်တဲ့မြို့နယ်တွေကိုလည်း ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

## စတင်စမ်းသပ်

"တခြားနိုင်ငံတွေမှာ ဒီစနစ်က သုံးစွဲနေတာကြာပါပြီ။ ကျွန်တော်တို့ မြန်မာပြည်မှာ ဒီဂျစ်တယ်စနစ်ကို စတင်ရာကနေ ကျွန်တော်တို့ AMR စနစ်ကို စတင်စမ်းသပ်သုံးစွဲတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ သုံးစွဲတဲ့မီတာတွေက မီးကို သုံးစွဲပြီးတော့မှ ငွေချေရတဲ့စနစ်။ တခြားနိုင်ငံတွေမှာ သုံးတာက ကြိုတင်ပြီးတော့မှ ပိုက်ဆံဖြည့်ထားရတယ်။ ဖြည့်ထားပြီးတဲ့ အပေါ်မှာ မူတည်ပြီးတော့ မီးသုံးစွဲပါတယ်။ ပိုက်ဆံဖြည့်ထားတာ ကုန်သွားရင် အလိုလို လျှပ်စစ်ဓာတ်အားပြတ်တောက်သွားတဲ့စနစ်တွေကို သုံးစွဲနေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာကတော့ သုံးစွဲပြီးတော့မှ ငွေချေရတဲ့စနစ်ကို သုံးစွဲနေဆဲပဲဖြစ်ပါတယ်။

## စနစ်မှာပါပြီးသား

"ကျွန်တော်တို့ ဒီဂျစ်တယ်မီတာကို စတင်သုံးစွဲကတည်းက AMR စနစ်မှာ ပါပြီးသားပါ။ OMR ကနေ AMR ကို ပြောင်းတဲ့အခါမှာ မီတာတွေ လဲစရာမလိုပါဘူး။ လက်ရှိ ရှိပြီးသားမီတာကိုပဲ Auto Meter Reading စနစ်ကို ပြောင်းပြီးသုံးတာဖြစ်တဲ့အတွက် မီးသုံးစွဲတဲ့ပြည်သူတွေအနေနဲ့ နောက်ထပ် ထပ်ပြီး ငွေကြေးကုန်ကျစရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့ဌာနအနေနဲ့ပဲ Auto Meter Reading ကို

*အချပ်ပို (ဃ) သို့*



ရန်ကုန်မြို့ ရပ်ကွက်များအတွင်း အိမ်သုံးလျှပ်စစ် ဒီဂျစ်တယ်မီတာပုံးများ သွယ်တန်းတပ်ဆင်ထားမှုကို တွေ့ရစဉ် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**နှစ်စဉ် အရှုံးပေါ်နေ၍ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံနေရသော လျှပ်စစ်ကဏ္ဍအတွက် နည်းပညာရှင်တို့၏ အမြင်များ၊ နည်းပညာသစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးခြင်း၊ လျော့နည်းပျောက်ဆုံးခြင်းများ မဖြစ်ရအောင် အစိုးရ၊ပြည်သူနှင့် ဝန်ထမ်းများက ဝိုင်းဝန်းပါဝင်ကြိုးစားလုပ်ဆောင်ရန် လိုအပ်မည်**

# မူဝါဒမပြောင်းခင် မော်တော်ကားတင်သွင်းရန် ကြိုးပမ်းကြခြင်းကြောင့်

# စျေးနှုန်းများ မြင့်တက်လာနေ

—— မင်းသော် ——



တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားစျေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | စျေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Honda CR-V | 2006 | ရန်ကုန် | ၂၄၀၀cc | အပြင်စျေး | ၄၁၈ |
| Starex | 2006 | ပဲခူး | ၂၅၀၀cc | Showroom | ၁၁၀ |
| Alphard | 2005 | ရန်ကုန် | ၃၀၀၀cc | အပြင်စျေး | ၄၉၀ |
| Honda Insight | 2012 | ရန်ကုန် | ၁၃၀၀cc | အပြင်စျေး | ၂၂၀ |
| Civic | 2011 | ရန်ကုန် | ၁၃၀၀cc | အပြင်စျေး | ၂၃၅ |
| Suzuki Swift | 2012 | ရန်ကုန် | ၁၃၀၀cc | အပြင်စျေး | ၁၇၀ |
| Honda Insight | 2012 | ရန်ကုန် | ၁၃၀၀cc | အပြင်စျေး | ၂၄၀ |
| Honda Fit | 2013 | မန္တလေး | ၁၂၀၀cc | နယ်စျေး | ၂၄၃ |
| Nissan ADvan | 2008 | ရန်ကုန်Taxi | ၁၃၀၀cc | အပြင်စျေး | ၁၃၀ |
| Hondafit GP1 | 2012 | ရန်ကုန် | ၁၃၀၀cc | အပြင်စျေး | ၁၆၀ |

**နှစ်ကုန်ပိုင်းတွင်** မည်သည့်မော်တော်ကားတင်သွင်းမှုမျိုးမဆို ဘယ်မောင်းကိုသာ တင်သွင်းနိုင်ရန် ရည်ရွယ်ထားသည့် အစိုးရ၏ မူဝါဒအခြေအနေအရ နှစ်မကုန်မီ တက်သုတ်ရိုက်ကာ တင်သွင်းရန်ကြိုးပမ်းခြင်းကြောင့် စလစ်စျေးနှုန်းများ ဆက်တိုက်မြင့်မားနေပြီး မော်တော်ယာဉ်အမျိုးအစားအချို့မှာလည်း မူဝါဒအခြေအနေကို ခန့်မှန်းကာ စျေးနှုန်းများ စတင်မြင့်တက်လာလျက်ရှိသည်။

နိုင်ငံတော်က ကားတင်သွင်းခွင့်ပြုရာတွင် လာမည့်နှစ်မှစတင်ကာ ဘယ်မောင်းကားများကိုသာ တင်သွင်းသွားမည့် သတင်းများက ကားလောကကို ဂယက်ရိုက်စေခဲ့သည်မှာ ၂၀၁၇တစ်နှစ်တာလုံးပင်ဖြစ်သည်။ နှစ်ဆန်းပိုင်းမှ စတင်ကာ ကားစျေးနှုန်းများ စတင်လှုပ်ခတ်လာခဲ့ပြီး ဇူလိုင်လတစ်လလုံးသည်လည်း တက်ရိပ်မှသည် စျေးပြန်ကျခြင်းအလျှင်းမရှိဘဲ ယခုဩဂုတ်လဆန်းတွင် စျေးနှုန်းများ မြင့်တက်လျက်ရှိသည်။

စျေးမြင့်သော်လည်း အရောင်းအဝယ်စျေးကွက်များအတွင်း တည်ငြိမ်နေ၍ ဝယ်သူမျှော်နေရပြီး ရောင်းချလိုသူများကလည်း စျေးနှုန်းမြင့်ဦးမလားဟု မျှော်လင့်ချက်ဖြင့် လက်ဝယ်ကိုင်ထားဆဲကာလပင်ဖြစ်သည်။ သို့သော် ရောင်းသူနှင့် ဝယ်ယူသူသာ အလုပ်မဖြစ်သော်လည်း စလစ်စျေးနှုန်းများသည် ဩဂုတ်လဆန်းပိုင်းတွင် စျေးနှုန်းများ တန်းနေသေးပြီး သက်တမ်း ၂၀ အမည်ပေါက် စလစ်စျေးမှာ သိန်း ၁၁၀ ဖြင့် စျေးငြိမ်နေသည်ကို တွေ့ရသည်။ သက်တမ်း ၂၀ စလစ်များထက် တိုက်ကြေများနှင့် ယာဉ်အိုယာဉ်ဟောင်း စလစ်များမှာ စျေးနှုန်းအနည်းငယ်သာ ကွာခြားပြီး မကြာမီ YBS စလစ်အပ်ကားများကြောင့် စလစ်စျေး ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းကြသူများကိုလည်း တွေ့ရသည်။

ကားလောကတွင် မကြာခဏပြောင်းလဲတတ်သည့်မူဝါဒများကြောင့် သတင်းထူးများကိုလည်း မကြာခဏ ကြားရတတ်ကြောင်းသိရပြီး ယခုတစ်ပတ်အတွင်း ပေါ်များလျက်ရှိသည့် ရန်ကုန်ရှိ အငှားယာဉ်များကို လျှော့ချသွားရန်ရှိသည်ဟူသည့် သတင်းစကားများနှင့် မီနီဘတ်စ်များ၊ လှုပ်စစ်ကားများနှင့် လုပ်ငန်းသုံး ကားများကို အခွန်တိုးမြှင့်ကောက်ခံသွားရန်အတွက် သတင်းစကားများကြောင့် အငှားယာဉ်စျေးကွက်၊ လုပ်ငန်းသုံးကားများနှင့် မီနီဘတ်စ်များအကြား လှုပ်ခတ်သွားခဲ့ရကြောင်း ကားလောကအတွင်းမှ သိရသည်။

"ရန်ကုန်ထက် နယ်လိုင်စင်အငှားယာဉ်တွေက ပိုပြီးစိတ်ပူကြတယ်။ အခြေအနေတော့ သေသေချာချာ မသိရသေးဘူး။ ဒါပေမယ့် နယ်အငှားလိုင်စင်သမားတွေက လက်ထဲမှာ ကိုင်မထားကြဘဲ ရောင်းချဖို့ ကြိုးပမ်းလာကြသလို ရန်ကုန်အငှားယာဉ်လိုင်စင်ပိုင်ရှင်တွေကတော့ ပိုပြီးခိုင်မာနိုင်တဲ့အတွက် ရန်ကုန်အငှားလိုင်စင်ကို ဝယ်ယူဖို့မေးလာကြတာကိုလည်း တွေ့ရတယ်။ စျေးကတော့ အစပိုင်းလည်းဖြစ်လို့ ပုံမှန်နဲ့သိပ်မကွာသေးပါဘူး"ဟု ရန်ကုန် လိုင်စင်အငှားယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်တစ်ပတ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုံးချိန်အတွင်း၌ လာရောက်အပ်နှံသည့် ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှုမှာ ၁၆စီးသာရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့သည့် စလစ်စျေးနှုန်းများအရ နှစ် ၂၀ စလစ်မှာ ငွေကျပ် ၁၁၃ သိန်း၊ တိုက်ကြေစလစ်မှာ ငွေကျပ် ၁၀၅ သိန်းနှင့် တက္ကစီစလစ်မှာ ၁၁၆ သိန်းရှိနေသေးသည်ကို မြင်တွေ့ရသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရောက်ရှိခဲ့သည့် နောက်ဆုံး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ၏ နံပါတ်များမှာ မော်တော်ယာဉ် 7N/3134၊ အငှားယာဉ် HH/2197၊ စက်မှုဇုန်ကား 8M/8647 တို့ဖြစ်ကြောင်း သိရသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုံးချိန်အတွင်း၌ လာရောက်အပ်နှံသည့် ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှုမှာ ၁၆ စီးသာရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့သည့် စလစ်စျေးနှုန်းများအရ နှစ် ၂၀ စလစ်မှာ ငွေကျပ် ၁၁၃ သိန်း၊ တိုက်ကြေစလစ်မှာ ငွေကျပ် ၁၀၅ သိန်းနှင့် တက္ကစီစလစ်မှာ ၁၁၆ သိန်းရှိ**

*အချပ်ပို (ဂ) မှ*

သွားဖို့ တပ်ဆင်ရတဲ့ပစ္စည်းတွေ ဉပမာ - DCU တို့လို ပစ္စည်းမျိုး၊ Surver တို့လို ပစ္စည်းမျိုးတွေ ကျွန်တော်တို့ရဲ့ကုန်ကျစရိတ်နဲ့ တပ်ဆင်ပြီးတော့ ထိုင်သွားဖို့ရှိပါတယ်။

**တိုးချဲ့ဆောင်ရွက်**

"နောက်ပိုင်းမှာ ခရိုင်အလိုက် တိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါတယ်။ တောင်ပိုင်းခရိုင်ဆိုရင် သန်လျင်၊ မြောက်ပိုင်းခရိုင်ဆိုရင် ထောက်ကြန့်စသဖြင့် အဲဒီလိုဒေသတွေကို စမ်းသပ်သွားဖို့ရှိပါတယ်။

**ချင့်ချိန်နိုင်**

"ပြည်သူတွေကို တင်ပြချင်တာကတော့ ကျွန်တော်တို့ Auto Meter Reading ဆိုတာ ဒီဂျစ်တယ်မီတာတပ်ဆင်ပြီးတော့ သုံးစွဲတဲ့စနစ် ဖြစ်ပါတယ်။ ဒီလိုသုံးစွဲခြင်းအားဖြင့် ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့ မီတာကျသင့်ငွေကို အချိန်နဲ့တစ်ပြေးညီ မိမိရဲ့ ကိုင်ဆောင်တဲ့ဟန်းဖုန်းနဲ့ ဒါတွေကို ကြည့်နိုင်တဲ့အတွက် ကိုယ်သုံးစွဲတဲ့ သုံးစွဲမှုများနေသလား၊ နည်းနေသလားစသဖြင့် ဒါတွေကို ချင့်ချိန်နိုင်တဲ့အနေအထားရှိတဲ့အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲတာကို ချွေတာသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ သိတဲ့အတွက်လည်း ကျန်တဲ့ မသမာသောနည်းနဲ့ မီတာကို မဖတ်တာတို့၊ မီတာကို လျှော့ကောက်တာတို့ စသဖြင့် ဒီလိုမျိုးအခြေအနေတွေလည်း ပပျောက်သွားမှာ ဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

ဒေါပုံမြို့နယ်တွင် စမ်းသပ်သုံးစွဲနေသည့် အလိုအလျောက် မီတာဖတ်စနစ် ကျင့်သုံးနေမှုနှင့်ပတ်သက်၍ Myanmar Machinery Manufacturing ကုမ္ပဏီမှ မန်နေဂျာ ဦးနေသူအောင်က "အခု AMR (Automatic Meter Reading) စနစ်ကို ကျင့်သုံးလိုက်တဲ့အခါမှာ မီတာဖတ်စာရေးအနေနဲ့ မီတာဖတ်ရှုစရာ မလိုတော့ဘူး။ Central Control Center ကနေ တစ်ခါတည်း ၁ ရက် ၈ လဆိုတာနဲ့ Auto Reading လုပ်ပြီး Data တွေ Downloap လုပ်နေပါတယ်။ လယ်ဂျာတွေနဲ့ ဒီလ Final Check လုပ်ပါတယ်။ နောက်လကျရင် လူလုံးဝ မသုံးတော့ပါဘူး။ ဒီလဖတ်တာတွေကိုလည်း လူလုံးဝ မသုံးတော့ပါဘူး။ ဒါပေမယ့် အခုကျွန်တော်တို့ စာရင်းတွေမှန်ကန်အောင် စစ်ဆေးပြီးတော့ ဘေလ်တွေထုတ်ဖို့အတွက် အသင့်ဖြစ်နေပါပြီ"ဟု ဩဂုတ် ၄ ရက်က စမ်းသပ်အသုံးပြုနေသည့် နည်းပညာအသစ်ကို သွားရောက်လေ့လာစဉ်ရှင်းပြခဲ့သည်။

ဒေါပုံမြို့နယ်အတွင်း နေထိုင်ကာ လျှပ်စစ်မီးသုံးစွဲသူ တစ်ဦးဖြစ်သည့် မြို့သစ်ရပ်ကွက် ဇေယျာသီရိလမ်းနေ ဦးသိန်းမြင့်က "ဒီမီတာတွေက တပ်ထားတာ လေးနှစ်လောက်ရှိပြီထင်ပါတယ်။ မီတာက အလိုအလျောက်ဖတ်တဲ့ အခါကျတော့ မှားကွက်မရှိတော့ဘူးပေ့ါ။ မီတာကျတဲ့ စရိတ်ကလည်း မှန်မှန်ကန်ကန်ဖြစ်လာမယ်။ နောက်ပြီးတော့ ဘာပြဿနာမှလည်း ဖြစ်လာမှာ မဟုတ်တော့ဘူးလို့ ထင်ပါတယ်။ အခု စနစ်ကတော့ လျင်လျင်မြန်မြန်နဲ့ကောင်းမယ်လို့ယူဆပါတယ်" ဟု နည်းပညာစနစ်သစ်အပေါ် ၎င်း၏အမြင်ကို ပြောကြားသည်။

နှစ်စဉ်အရှုံးပေါ်နေ၍ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံနေ ရသော လျှပ်စစ်ကဏ္ဍအတွက် နည်းပညာရှင်တို့၏ အမြင်များ၊ နည်းပညာသစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးခြင်း၊ လျော့နည်းပျောက်ဆုံးခြင်းများ မဖြစ်ရအောင် အစိုးရ၊ ပြည်သူနှင့် ဝန်ထမ်းများက ဝိုင်းဝန်းပါဝင်ကြိုးစားလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။